www.burmeseclassic.com

တက္ကသိုလ်

# ငှက်မင်းသောင်

ဝမ်အင်း၏ ရှေခင်လင်စု

ရှောင်လင်းသိက္ခာ

ပထမပိုင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ရှောင်လင်သိက္ခာ

BURMESE CLASSIC .com

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## ရှောင်လင်ကျောင်း

နွေးထွေးသော နေရောင်ခြည်များ ပက်ဖျန်းကျရောက်လျက် ရှိသည်။ မှိုင်းညို့မှုန်ပျသော တောင်စဥ်တောင်တန်း အထပ်ထပ်သည် နံနက်ခင်း နေခြည်အောက်၌ အိပ်မောကျနေဟန်တူသည်။ ပကတိတိတ်ဆိတ်ငြိမ်သက်နေပေသည်။

ရှင်းသန့်သော လေပြည်လေညင်းကလေးများသည် တောင်စဥ်တောင်တန်းတစ်လျှောက် တိုက်ခတ်ဆော့မြူးနေပေသည်။

အဆိုပါ တောင်စဥ်တောင်တန်းများမှာ ထိုက်စန်းတောင်တန်းကြီးပင် ဖြစ်၏။ လေအသွဲ့၌ ထိုက်စန်းပေါ်ရှိ ဝါးရုံပင်များသည် 'ဝေါ'ခနဲ ယိမ်းနွဲ့လှုပ်ရှားသွားကြသည်။

လေပြည်လေညင်းကလေးများ အဆက်မပြတ် တိုက်ခတ်လာသောအခါ ဝါးရုံပင်များ၏ ယိမ်းနွဲ့လှုပ်ရှားသံသည် တဝေါဝေါနှင့် အော်မြည်နေတတ်သည်။ အမှုမဲ့ အမှတ်မဲ့ကြားရလျှင် ရေလှိုင်းသံများပမာ ထင်မှတ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်စန်းတောင်တန်း၏တောင်စွယ် တစ်နေရာတွင်မူ စုလစ်မွမ်းချွန်များဖြင့် တပြောင်ပြောင် တရောင် ရောင်ဖြစ်နေသော ရှောင်လင်ကျောင်းတော်ကြီးကို မြင်တွေ့ရမည် ဖြစ်လေသည်။

ပြာလွဲ့လွဲ့ တောင်စဉ်အထပ်ထပ်ကို နောက်ခံပြုလျက် မားမားမတ်မတ်တည်ရှိသော ရှောင်လင်ကျောင်းတော်ကြီးသည် ဝါရွှေရွှေ နံနက်ခင်း နေရောင်ခြည်အောက်၌ ဆိတ်ငြိမ်စွာ ရှိနေလေသည်။

ကျောင်းတော်ကြီး၏ခမ်းနားထည်ဝါစွာ တည်ရှိနေမှုသည် မြင်ရသူအပေါင်းအား ရင်သပ်ရှုမောဖွယ် ဖြစ်နေပေတော့သည်။

'ဒေါင် ... ဒေါင် ... ဒေါင်'

ရှောင်လင်ကျောင်းတော်ကြီးမှ ထွက်ပေါ်လာသော ခေါင်းလောင်းသံများသည် တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်လောက,လေးအား လှုပ်နှိုးလိုက်သကဲ့သို့ ရှိနေပေသည်။

ကြည်လင်ပြတ်သားပီသသော ခေါင်းလောင်းသံသည် နံဘေးပတ်လည်ဝန်းကျင်ရှိ တောင်အထပ်ထပ်ကို ပဲ့တင်ရိုက်ခတ်လျက် အဝေးသို့ လွင့်ပျံ့သွားသည်။ ခေါင်းလောင်းသံများ ထွက်ပေါ်လာပြီး မကြာမီအချိန်အတွင်းမှာပင် ဘုရားစာရွတ်ဖတ်သံများ ညံညံစီစီထွက်ပေါ်လာတော့သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ရှောင်လင်ကျောင်းတော်ကြီး



သည်လည်း တရားဓမ္မသံများနှင့်အတူ သက်ဝင်လှုပ်ရှားလာလေသည်။ ရှောင်လင်ကျောင်းတော်ကြီး၏နိစ္စဓူဝလုပ်ငန်းဆောင်တာများကို စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။

ရှောင်လင်ကျောင်းတော်သားနှစ်ဦးနှင့် အဆောင်မှူးတစ်ဦးသည် လက်တွန်းလှည်းတစ် စီးတွန်းလျက် ကျောင်းဝင်းအဝဆီသို့ ထွက်လာသည်။

လက်တွန်းလှည်းပေါ်တွင် ခြင်းတောင်းအလွတ်များနှင့် ဟင်းသီးဟင်းရွက်များ တင်ဆောင်လာသည်။ သူတို့သည် ရှောင်လင်ကျောင်းပောာ်အတွင်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို တောင်ခြေရှိ မြို့ကလေးသို့ သွားရောက်ရောင်းချရန် ထွက်လာကြခြင်း ဖြစ်သည်။

ပါလာသမျှ ရောင်းချပြီးသည့်အခါ ကျောင်းတော်အတွက် လိုအပ်သောပစ္စည်းများကို ပြန်လည်ဝယ်ယူကြမည်ဖြစ်သည်။ ဤသည်ကာ သူတို့၏တစ်ပတ်တစ်ကြိမ် ဆောင်ရွက်နေကျ လုပ်ငန်းဆောင်တာတစ်ခုပင် ဖြစ်လေသည်။

ကျောင်းတော်သားနှစ်ဦးနှင့် အဆောင်မှူးတစ်ဦးသည်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဆင်းလမ်းအတိုင်း လက်တွန်းလှည်းကလေးကို တွန်းလာကြသည်။

သူတို့သည် လှည်းပေါ်၌ တင်ဆောင်လာသော ဟင်းသီးဟင်းရွက်များကို တောင်ခြေရှိ မြို့ကလေးသို့ သွားရောက်ရောင်းချရန်အတွက် လာကြခြင်းဖြစ်သည်။

စင်စစ်မူ ဤတာဝန်ကိုဆောင်ရွက်ရန် တာဝန်ကျသူများမှာ ကျောင်းတော်သားနှစ်ဦးဖြစ်သည်။ အဆောင်မှူးနှင့်လုံးဝသက်ဆိုင်သည် မဟုတ်ချေ။ အဆောင်မှူးသည် မြို့ထဲသွားလိုသောကြောင့် တမင်သက်သက် လိုက်လာခြင်းသာ ဖြစ်လေသည်။

အဆောင်မှူးသည် ကျောင်းသားနှစ်ဦးနှင့်အတူ လက်တွန်းလှည်းကိုတွန်းရင်း ကျေနပ်ဝမ်းသာ ဖြစ်နေမိသည်။ အဆောင်မှူးသည် မြို့ထဲဆင်း၍ လည်ပတ်ချင်သူဖြစ်သည်။

ထိုကြောင့် ကျေနပ် ဝမ်းသာနေခြင်းပင် ဖြစ်၏။ ထိုစဉ်မှာပင် ရွှေရောင်ဝတ်စုံနှင့် တရုတ်ဘုန်းကြီးတစ်ပါးသည် သူတို့ရှေ့သို့ ဘွားခနဲ ရောက်ရှိလာသည်။

"ရပ်လိုက်"

ကျောင်းတော်သားနှစ်ဦးသည် အရှိန်နှင့် တွန်းလာသော လက်တွန်းလှည်းကို ကပျာကယာ ဆွဲ၍ရပ်လိုက်ရ၏။ ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေသောအဆောင်မှူးမှာလည်း တစ်စုံတစ်ယောက်



က ရုတ်တရက် လာရောက်ဟန့်တားလိုက်သောကြောင့် ခေါင်းမော့ကြည့်လိုက်ရာ ... လက်ထောက်ဂိုဏ်းချုပ်ကြီး ဝေ့ကျောင်း ဖြစ်နေသည်ကို တွေ့ရ၏။

ဝေ့ကျောင်းသည် ကျောင်းဝင်းအတွင်း စည်းကမ်းထိန်းသိမ်းရေးတာဝန်ကို ယူထားရသူဖြစ်သည်။ ဝေ့ကျောင်းသည် လက်ဝါးကိုဖြန့်လျက်အနေအထားဖြင့် ရင်ဝ၌ ထောင်ကာ အရိုအသေပြုလိုက်သည်။

"အဆောင်မှူး ဟုံးပေ့ပါလား ... ဘယ်သွားမလို့တုံးဗျ"

ကျောင်းတော်သားနှစ်ဦးနှင့်အတူ မြို့ထဲဆင်းမည့်အဆောင်မှူး၏အမည်မှာ ဟုံးပေ့ဖြစ်သည်။ သူသည် လက်ဝါးဖြန့်လျက် ရင်ဝ၌ထောင်ကာ လက်ထောက်ဂိုဏ်းချုပ် ဝေ့ကျောင်းအား ပြန်လည် အရိုအသေပြုလိုက်သည်။

"ပစ္စည်းနည်းနည်းပါးပါး ဝယ်စရာရှိလို့ မြို့ထဲ ခဏဆင်းမလို့ပါ"

"ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်ပါလား"

ဝေ့ကျောင်း သူ၏တာဝန်ဝတ္တရားအတိုင်း စစ်ဆေးမေးမြန်းလိုက်သည်။ အဆောင်မှူးဟုံးပေ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း ... မပါဘူး"

"ဘာဖြစ်လို့ မပါတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး ဇေ့ကျောင်းက စူးစမ်းသလို မေးလိုက်သည်။ ဟုံးပေ့သည် အသာအယာပြုံးကာ …

"လိုမယ် မထင်လို့ပါ"

"ဟာ … ဘာဖြစ်လို့ မလိုရမှာလဲ၊ ကျုပ်တို့ ကျောင်းတော်ရဲ့စည်းကမ်းအရ တာဝန်ရှိတဲ့လူပဲ ကျောင်းတော်အပြင်ကို ထွက်ခွင့်ရှိပါတယ်၊ ဘာတာဝန်မှမရှိရင် ကျောင်းထိုင်ဆရာတော်ရဲ့ခွင့်ပြုချက်ပါမှ ထွက်ခွင့်ရှိပါတယ်"

ဘုန်းတော်ကြီးဇေ့ကျောင်းက ကျောင်းစည်းကမ်းကို ပြောပြလိုက်သည်။ ဟုံးပေ့မှာ အကျပ်ရိုက်သွားသည်။

ကျောင်းဝင်းအပြင် ရောက်လုရောက်ခင်မှာ ဟန့်တားခံလိုက်ရသောကြောင့် စိတ်တွင်း၌ ကသိကအောက် ဖြစ်သွားမိသည်။

"အပြင်သွားချင်တယ်ဆိုရင် ဆရာတော် သွားလျှောက်ပေးပါ့မယ်"

ခပ်ထွေထွေဖြစ်နေသော ဟုံးပေ့အား ဘုန်းတော်ကြီးဇေ့ကျောင်းက လှမ်းပြောလိုက်သည်။ တစ်ဆက်တည်းမှာပင် ကျောင်းခန်းမဆီသို့သွားရန် လှည့်လိုက်သည်။

"မလိုပါဘူး … ဇေ့ကျောင်းကိုယ်တော်"

ဟုံးပေ့က ကပျာကယာ လှမ်းပြောလိုက်၏။ ဘုန်းတော်ကြီးဇေ့ကျောင်းသည် တစ်ဖက်သို့ လှည့်ထွက်သွားရန် ဟန်ပြင်နေရာမှ ဟုံးပေ့ဘက်သို့ ပြန်လှည့်လိုက်သည်။ ပြီးနောက် အဓိပ္ပာယ်ပါပါ တစ်ချက်မျှ ပြုံးပြလိုက်ကာ …



"ဘာဖြစ်လို့ မလိုရတာလဲ"

ဟုံးပေ့သည် ပခုံးတွန့်ပြလိုက်ပြီး …

"ကျုပ် … မြို့ကို မလိုက်တော့ပါဘူး"

ဟုံးပေ့သည် မြို့သို့သွားရန် ထုံးစံအတိုင်း ကြိုတင်ခွင့်ပြုချက် တောင်းခံခဲ့ခြင်း မရှိပေ။ သို့ဖြစ်ရာ ယခုမှ ခွင့်ပြုချက်တောင်းလျှင် ကိုယ့်ကို စည်းကမ်းမရှိသေသူဖြစ်ကြောင်း လူသိရှင်ကြား ကြေညာသလို ဖြစ်နေတော့မည်ကို တွေးမိပြီး ငြင်းဆန်လိုက်ခြင်းပင် ဖြစ်သည်။

ဘုန်းတော်ကြီး ဇေ့ကျောင်းသည် ဘာမျှမပြောတော့ဘဲ ပြုံးရုံသာ ပြုံးလိုက်လေသည်။

တောင်ဆင်းလမ်းကလေးသည် ပြေပြစ်ညီညာလှသည်။ အဆိုပါလမ်းပေါ်တွင် လက်တွန်းလှည်းကလေး လိမ့်ဆင်းလျက် ရှိ၏။ ယင်းလက်တွန်းလှည်းကလေးကို ရှောင်လင်ကျောင်းသားနှစ်ယောက် တွန်းလာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လှည်းက ပိုပြီးလေးလာသလိုပဲ၊ ဘာဖြစ်လို့များ ပါလိမ့်"

ကျောင်းသားတစ်ယောက်က တအံ့တသြဖြစ်ဟန်ဖြင့် လွှတ်ခနဲ ရေရွတ်လိုက်သည်။ ကျန်ကျောင်းသားတစ်ယောက်က ပြုံးပြလိုက်ပြီး ...

"သိချင်ရင် လှည်းကို ခဏရပ်လိုက်လေ"

ထိုကျောင်းသား၏အမည်မှာ 'နိုင်' ဟုခေါ်သည်။ သူ့စကားကြောင့် ကျန်ကျောင်းသားသည် တွန်းနေသောလှည်းကို ရပ်လိုက်၏။

'နိုင်' အမည်ရှိ ကျောင်းသားသည် လှည်းပေါ်ရှိ မှောက်ထားသောခြင်းကို မ,၍ လှန့်လိုက်သည်။ ထိုအခါ ၎င်းခြင်းလွတ်ထဲမှ အဆောင်မှူးဘုန်းကြီးတစ်ပါး ထွက်လာသည်။ ထိုဘုန်းကြီးကား ဟုံးပေ့ ဖြစ်ပေတော့သည်။

"အလိုဘုရားရေ"

နိုင်အမည်ရှိ ကျောင်းသားနှင့်အတူ ပါလာသော အခြားကျောင်းသားသည် အံ့အားတကြီးဖြင့် ထိတ်လန့်တကြား ရေရွတ်လိုက်မိ၏။

ဟုံးပေ့သည် ခြင်းလွတ်ထဲမှ ထွက်လာပြီးနောက် နောက်ဘက် ခပ်လှမ်းလှမ်း၌ ကျန်ရစ်သော ရှောင်လင်ကျောင်းတော်ကြီးကို



တစ်ချက် လှမ်းကြည့်လိုက်သည်။ ထို့နောက် လက်တွန်းလှည်းကလေးကို ဝိုင်းကူတွန်းပေးလေသည်။

"ဟဲ ဟဲ ... မြို့ကို ခဏလေးသွားတာပဲ ကျောင်းထိုင်ဆရာတော်ဆီ သွားလျှောက်ဖို့ လိုသေးလားကွာ၊ အလုပ်ရှုပ်က ရှုပ်နဲ့ ခုလို ... သူတို့မသိအောင် ထွက်သွားတော့ရော ဘာဖြစ်မှာမို့လဲ"

ဟုံးပေ့၏စကားကြောင့် ရှောင်လင်ကျောင်းသားနှစ်ဦးမှာ မရယ်ဘဲ မနေနိုင်အောင် ဖြစ်သွားကြလေသည်။

✿

ထိုက်စန်းတောင်ခြေတွင် မြို့ငယ်လေးတစ်မြို့ရှိသည်။ လိန်ကျင်းမြို့တော်ဖြစ်၏။ တောင်ခြေရှိ လမ်းဆုံလမ်းခွနေရာတွင်ရှိသောကြောင့် လွန်စွာစည်ကားလှသည်။

ကျင်းကျင်း စားသောက်ဆိုင်...

ကျင်းကျင်းစားသောက်ဆိုင်သည် လိန်ကျင်းမြို့ရှိ ကြီးကျယ်ထင်ရှားသော စားသောက်ဆိုင်များအနက် တစ်ဆိုင်အပါအဝင် ဖြစ်လေသည်။

အထူးသဖြင့် အဆိုပါ စားသောက်ဆိုင်တွင် မွန်ဂိုလူမျိုးများ အထူးကြိုက်နှစ်သက်သည့် ဆိတ်သားဟင်းကို ရရှိနိုင်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုစစ်သည်များ အများအပြား လာရောက်စားသောက်ကြသည်။

ယင်းသို့ မွန်ဂိုစစ်သည်များ အများအပြားလာရောက် စားသောက်ကြသည့်အတွက်လည်း ကျင်းကျင်းစားသောက်ဆိုင်မှာ ပို၍ ထင်ရှားနေခြင်း ဖြစ်လေသည်။

ထင်ရှားကျော်ကြားသည့်အလျောက် လာရောက်စားသောက်သူများကလည်း မပြတ်မလပ်နိုင်အောင်ပင် ရှိလေသည်။ ဟုံးပေ့ဘုန်းကြီးနှင့် ကျောင်းသားနှစ်ယောက်သည် ပါလာသည့် သီးပင်သီးနှံများ ရောင်းချပြီးဖြစ်၍ ကျင်းကျင်းစားသောက်ဆိုင်ထဲသို့ ရောက်ရှိနေကြပြီဖြစ်သည်။

ဟုံးပေ့သည် ပေါက်စီများကို ပလုတ်ပလောင်း စားသောက်ရင်း စကားဖောင်ဖွဲ့ ပြောဆိုနေလေသည်။

"ငါကတော့ ခုလို တစ်ပတ်တစ်ကြိမ် ကျောင်းက တိတ်တိတ်လေးထွက်ပြီး စားကောင်းသောက်ကောင်းစားရတာ အရသာရှိတယ်ကွာ"

ကျောင်းသားနှစ်ယောက်သည် ဟုံးပေ့၏အပြုအမူကို ကြည့်ကာ ပြုံးတူရယ်မောနေမိကြ၏။ ထိုအချိန်တွင် မွန်ဂိုစစ်သည် တစ်စု ဆိုင်ထဲသို့ ဝင်ရောက်လာကြသည်။

သူတို့သည် ဆိုင်တွင်းသို့ ဝင်ရောက်လာကြပြီး တစ်ဆိုင်လုံးကို အကဲခတ်လိုက်သည်။ ဆိုင်ထဲ၌ စားသောက်သူများဖြင့် ပြည့်နှက်



နေသည်ကို တွေ့ရသည်။ ထိုင်ခုံလွတ် မရှိတော့သလောက်ပင် ဖြစ်သည်။

ဆိုင်လုလင်သည် မွန်ဂိုစစ်သည်များ ဝင်လာသည်ကို တွေ့ရသောအခါ စားသောက်နေသူအချို့ကို တောင်းပန်လျက် နေရာဖယ်ခိုင်းသည်။

ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် ဟုံးပေ့ဘုန်းကြီးသည် မခံမရပ်နိုင်အောင် ရင်ထဲ၌ ဒေါသထွက်သွား၏။ ကိုယ့်မြေပေါ် ကျူးကျော်ဝင်ရောက်နေသူအား အရွစ အရာရာ အရေးပေးနေရသည်မှာ တွေးလေလေ ခံပြင်းရလေလေပင် ဖြစ်သည်။

ဟုံးပေ့ဘုန်းကြီးသည် စိတ်မသက်မသာစွာဖြင့် သက်ပြင်းချလိုက်မိလေသည်။

"အင်း ... ဒီမွန်ဂိုကျူးကျော်မိစ္ဆာကောင်တွေကို ဘယ်တော့များမှ တိုက်ထုတ်နိုင်မလဲမသိဘူး"

ဟုံးပေ့ဘုန်းကြီးနှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်မိ၏။

"အို ... ဘုန်းကြီးကလည်း တိုးတိုးပြောစမ်းပါ၊ ဟိုမှာ မွန်ဂိုကောင်တွေ ဝင်လာကြပြန်ပြီ"

ဟုံးပေ့သည် ဆိုင်ဝသို့ လှမ်းကြည့်လိုက်သည်။ မွန်ဂိုသုံးယောက် ဆိုင်ထဲသို့ လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ဝင်လာသော မွန်ဂိုသုံးယောက်သည် ဆိုင်ထဲရှိ လူများအား ရှိသည်ဟုပင် ထင်မှတ်ပုံမရချေ။ ဂရုမစိုက်ဟန်ဖြင့် ဆိုင်ထဲသို့ ဝင့်ဝင့်ကြွားကြွား ဝင်ရောက်လာကြလေသည်။

ဆိုင်ထဲသို့ ဝင်ရောက်လာကြသည့် မွန်ဂိုသုံးယောက်မှာ အရပ်ဝတ်အရပ်စားများ ဝတ်ဆင်ထားကြည်။ သို့ပင်ဖြစ်သော်လည်း သူတို့၏အ[illegible]သည် စစ်သည်များဖြစ်ကြောင်း သိသာလှသည်။

[illegible]သဖြင့် မွန်ဂိုသုံးယောက်အနက် နောက်ဆုံးဝင်လာသူမှာ စစ်သည[illegible]ပဖွဲ့တစ်ခုမှ အရာရှိတစ်ဦးဖြစ်ကြောင်း ပို၍သိသာစေသည်။ ထိုသူသည် လွန်စွာခန့်ညားသော ဥပမိရုပ်ရှိ၏။

စူးရှတောက်ပသော မျက်လုံးအစုံက အတွင်းအားကောင်းသော သိုင်းပညာအရပ်ရပ်ကို တတ်ကျွမ်းသူဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ ထိုသူသည် ဆိုင်ထဲဝင်ရောက်လာပြီးနောက် ဆိုင်အတွင်းရှိ လူအားလုံးကို တစ်ချက်မျှ ဝေ့၍အကဲခတ်လိုက်သည်။

ဟုံးပေ့နှင့်အတူ ထိုင်နေသော ကျောင်းသားတစ်ဦးသည် ထိုသူ၏ဆောင့်ကြွားကြွားနိုင်လှသော အမူအရာကြောင့် မြင်ပြင်းကတ်သွား၏။ ထို့ကြောင့် ပေါက်စီ၌ကပ်ထားသော စက္ကူတို့ ကိုခွာ၍ လုံးခြေကာ ထိုသူအား အမှတ်မထင် ပစ်ပေါက်လိုက်သည်။

သို့သော် စက္ကူသည် ထိုသူအား သွားရောက်ထိမှန်ခြင်းမရှိချေ။ ထိုသူ၏ရှေ့မှ မွန်ဂိုထံသို့ လာရောက်ထိမှန်သည်။



ထိုမွန်ဂိုသည် ရှုးရှုးရှဲရှဲ ဒေါသထွက်ကာ ရန်မူရန် ဟန်ပြင်လိုက်၏။ ယင်းအခိုက် ထိုမွန်ဂိုနောက်မှလူက ခေါင်းကို အသာအယာခါယမ်းလျက် ဟန့်တားလိုက်သည်။

စက္ကူလုံးထိမှန်ခံရသော မွန်ဂိုသည် မကျေမနပ်ဖြင့် ဒေါသကို ချုပ်တည်းလိုက်ရသည်။ ဟုံးပေ့သည် သူတို့အပြုအမူကြောင့် လွန်စွာအံ့အားသင့်သွားသည်။

"ဟင် ... ဒီမွန်ဂိုသုံးယောက်က မဆိုးလှပါလားကွ"

ထိုခေတ် ထိုအချိန်က တရုတ်တစ်ပြည်လုံးကို မွန်ဂိုများ ကျူးကျော်သိမ်းပိုက်အုပ်စိုးထားသည်။ ထို့ကြောင့် မွန်ဂိုများသည် မိမိတို့ သိမ်းပိုက်ထားသော နယ်အသီးသီး၌ ထင်သလိုပြုမူစော်ကားကြသည်။

သို့ဖြစ်ရာ တရုတ်ပြည်သူတစ်ရပ်လုံးသည် နယ်ချဲ့ကျူးကျော်သူ မွန်ဂိုများအား လွန်စွာပင် ရွံရှာမုန်းတီးကြလေသည်။ ယခု မွန်ဂိုများမှာ အခြားမွန်ဂိုများနှင့်မတူ သည်းခံစိတ် ရှိကြသည်ကို တွေ့ရသောကြောင့် ဟုံးပေ့ဘုန်းကြီး အံ့ဩသွားရခြင်း ဖြစ်လေ၏။

"ဟုတ်တယ် ဆရာ၊ တချို့မွန်ဂိုတွေဆိုရင် တပည့်တော်တို့ လူမျိုးတွေကို ထစ်ခနဲဆို အာဏာအားကိုးနဲ့ အနိုင်ကျင့်စော်ကားတတ်ကြတယ်၊ ဒီမွန်ဂိုတွေကျတော့ အတော် စိတ်သဘောထားကြီးပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုံးပေ့နှင့်အတူ ရှိနေသော ရှောင်လင်ကျောင်းတော်သား တစ်ဦးက ဝင်ရောက်ထောက်ခံ ပြောဆိုလိုက်ခြင်းဖြစ်သည်။ နှိုင်အမည်ရှိကျောင်းတော်သားကလည်း ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

ထိုစဉ်မှာပင် အခြားစားပွဲမှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။ သူတို့ လှည့်ကြည့်လိုက်သောအခါ သူတို့နှင့် စားပွဲလေးလုံးကျော်ခန့်ရှိ စားပွဲတစ်ခုတွင် မွန်ဂိုအမျိုးသားတစ်ဦးနှင့် တရုတ်အမျိုးသားတစ်ဦး စကားများရန်ဖြစ်နေကြသည်ကို တွေ့ရသည်။

ဟုံးပေ့သည် ရန်ဖြစ်နေသူများကို တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ပြုံးလိုက်သည်။

"မောင်ရင်တို့ မကြာခင် ပွဲကြီးပွဲကောင်းကြည့်ကြရလိမ့်မယ်"

နှိုင်အမည်ရှိ ကျောင်းသားသည် မျက်မှောင်ကြုတ်ရင်း သူ့ဆရာ ဟုံးပေ့ဘုန်းကြီးအား လှမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

ဟုံးပေ့သည် နှိုင်အမည်ရှိ ကျောင်းတော်သားအား ပြုံးပြကာ ...

"မင်းဟာ ငါ့တပည့်ဖြစ်ပြီး အတော်ညံ့တဲ့ကောင်ပဲ၊ အခု



မွန်ဂိုကောင်နဲ့ စကားများနေတာ သိုင်းသမားတစ်ယောက်ကွ၊ သူ့ကို ကြည့်တာနဲ့ သိုင်းသမားမှန်း မင်း သိဖို့ကောင်းတယ်"

ဟုံးပေ့က နှိုင်အမည်ရှိ ကျောင်းသားအား အားမလို အားမရလေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ထိုစဉ်မှာပင် ရန်ဖြစ်နေကြသူနှစ်ယောက်သည် သိုင်းလောက ထုံးစံအတိုင်း တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန် ဆိုင်ထဲမှ ထွက်ခွာသွားကြသည်ကို တွေ့မြင်လိုက်ရတော့သည်။

ဆိုင်အပြင် မြေကွက်လပ်၌ လူအများ ဝိုင်းအုံလျက် ရှိသည်။ ယှဉ်ပြိုင်တိုက်ခိုက်နေသူများကို စိတ်ဝင်တစား ဝိုင်းအုံကြည့်ရှုနေကြခြင်း ဖြစ်၏။ ယှဉ်ပြိုင်နေသူနှစ်ယောက်မှာ တစ်ယောက်က မွန်ဂိုဖြစ်ပြီး ကျန်တစ်ယောက်မှာ တရုတ်အမျိုးသားဖြစ်သည်။

တရုတ်အမျိုးသားများသည် မိမိတို့ ပြည်နယ်များအား ကျူးကျော်သိမ်းပိုက်ထားသည့် မွန်ဂိုများအား မကျေမနပ်ဖြစ်နေကြသူများဖြစ်သည်။

ထို့ကြောင့် မိမိတို့ အမျိုးသားချင်းကိုသာ အားပေးသည့် ဟုံးပေ့နှင့် ကျောင်းသားနှစ်ယောက်မှာလည်း ပြတင်းပေါက်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြောင်းထိုင်ကာ အပြင်ဘက်မှ ယှဉ်ပြိုင်တိုက်ခိုက်မှုကို ကြည့်ရှုသည်။ ယှဉ်ပြိုင်တိုက်ခိုက်မှုမှာ စတင်နေပြီဖြစ်၏။ မွန်ဂိုအမျိုးသားမှာ ခန္ဓာကိုယ်ထွားကျိုင်းသူဖြစ်သည်။ အားခွန်ဗလနှင့် ပြည့်စုံ၏။

ထိုကြောင့် နပန်းပညာဖြင့် ယှဉ်ပြိုင်တိုက်ခိုက်သည်။ သူသည် လူချင်း ပူးကပ် လုံးထွေး၍ သတ်ပုတ်ရန် ကြိုးစားလျက်ရှိသည်။ တရုတ်အမျိုးသား မှာမူ ခန္ဓာကိုယ် ကျစ်လျစ်သည်။

ခန္ဓာကိုယ်ထွားကျိုင်းသူနှင့် လူချင်း ပူးကပ်ယှဉ်ပြိုင်လျှင် မိမိသာ အရေးနိမ့်မည်ဖြစ်ကြောင်း နားလည်သိရှိဟန်တူသည်။ လူချင်း အပူးကပ်မခံဘဲ လှည့်ပတ်ရှောင်တိမ်းသည်။

သူ၏ခြေ အနုတ်အသိမ်း၊ လက်ချောင်း အထိုးအဖောက်နှင့် ခုန်ပျံတိမ်းရှောင်မှုများသည် သူ့အား ကွန်ဖူးသိုင်းသမားတစ်ဦးဖြစ်ကြောင်း သိသာစေလေသည်။

သို့သော် သူ၏ယှဉ်ပြိုင်တိုက်ခိုက်မှုကို ဟုံးပေ့ဘုန်းကြီးအားမလို အားမရဖြစ်နေသည်။ ဟုံးပေ့သည် စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ကြည့်နေ … မွန်ဂိုနပန်းသမား နိုင်လိမ့်မယ်"

ဟုံးပေ့က နှိုင်အမည်ရှိ ကျောင်းသားကို တီးတိုးလှမ်းပြောရင်း မှတ်ချက်ချလိုက်သည်။ နှိုင်အမည်ရှိ ကျောင်းသားသည် တိုက်ခိုက်နေသူများကို ကြည့်နေရာမှ မျက်မှောင်ကြုတ်လိုက်မိ၏။



အကြောင်းမှာ သူ့အနေဖြင့် မည်သူနိုင်မည်ဆိုသည်ကို ယခုအချိန်အထိ ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိသေးသောကြောင့် ဖြစ်သည်။

"မင်းလည်း ငါ့ဆီက ပညာသင်ထားတာ အတော်တတ်နေပြီပဲ၊ ဒီမွန်ဂိုကို မင်း ယှဉ်နိုင်မလား"

နှိုင်အမည်ရှိ ကျောင်းသားသည် မွန်ဂိုလူထွားကြီးအား တစ်ချက်လှမ်းကြည့်ကာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

"တပည့်တော် ယှဉ်ပြိုင်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ဟုံးပေ့သည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်လေသည်။

"အေး … ကောင်းတယ်၊ တော်ကြာ ဟိုလူရှုံးသွားရင် မင်းက သူ့ကိုယ်စား မွန်ဂိုကောင်ကို သွားဆုံးမလိုက်ပါ"

နှိုင်အမည်ရှိ ကျောင်းသားသည် အံကို တင်းတင်းကြိတ်ထားလိုက်သည်။

"ဒီမွန်ဂိုကောင်တွေဟာ တပည့်တော်တို့လူမျိုးကို သိပ်အထင်သေးတာ၊ ဒါကြောင့် တပည့်တော်လည်း သူတို့ကို မှတ်လောက်အောင် ဆုံးမချင်တာ ကြာပြီ"

ထိုစဉ် လူအုပ်ကြီးဆီမှ လှုပ်လှုပ်ရှားရှားဖြစ်သံ ထွက်ပေါ်လာသည်။ ဟုံးပေ့ဘုန်းကြီးနှင့် ကျောင်းသားနှစ်ယောက် လှမ်းကြည့်လိုက်သောအခါ ကွန်ဖူးသမားမှာ လူအုပ်ကြားထဲ ထိုးကျလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို တွေ့ရ၏။ တရုတ်အမျိုးသား ကွန်ဖူးသိုင်းသမား ရှုံးနိမ့်သွားပြီဖြစ်သည်။ မွန်ဂိုနပန်းသမားသည် ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရဟန်ဖြင့် ရင်ကော့လိုက်သည်။

“မင်းတို့ တရုတ်အမျိုးသားတွေ ဘာအသုံးကျသလဲ၊ ယှဉ်ပြိုင်ချင်သေးတဲ့လူရှိရင် ထွက်ခဲ့စမ်းပါ”

ဝင့်ကြွားကြွားဖြင့် ရင်ကော့ပြောလိုက်သော မွန်ဂိုနပန်းသမား၏စကားကြောင့် နှိုင်အမည်ရှိ ကျောင်းသားသည် ရင်ထဲ၌ ခံပြင်းသွားလေသည်။

ထိုကြောင့် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ ဟုံးပေ့ဘုန်းကြီးသည် ကျေနပ်သဘောကျသွားဟန်ဖြင့် ခေါင်းညိတ်လိုက်၏။

“ကိုင်း ... သွားပေတော့ ငါ့တပည့်၊ တစ်ခုပဲ သတိထားပါ သူ့ကို တိုက်ခိုက်တဲ့အခါ လူချင်းမပူစေနဲ့၊ အကောင်းဆုံးကတော့ ခြေထောက်ကန်ချက်ကို တတ်နိုင်သမျှ အမိကထားပြီး တိုက်ပါ”

နှိုင်အမည်ရှိ ရှောင်လင်ကျောင်းသားသည် ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်၏။

“ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ် ဆရာ”

ထိုသို့ပြောပြီးနောက် နှိုင်အမည်ရှိ ကျောင်းသားသည် မွန်ဂိုနပန်းသမားနှင့် ယှဉ်ပြိုင်ရန် အပြင်သို့ လှမ်းထွက်သွားလေ၏။



မွန်ဂိုနပန်းသမားသည် အောင်နိုင်သူပီပီ ဝင့်ဝါမော်ကြွားစွာဖြင့် လူအုပ်ကြီးကို ဝေ့၍ကြည့်လိုက်သည်။ ထိုမျှနှင့် သူ အားမရချေ။

ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးအနား တိုးကပ်ကာ လှည့်ပတ်လျှောက်လှမ်းသည်။ နှုတ်ကလည်း ထီမထင်သောလေသံဖြင့် စိန်ခေါ်လေသည်။

“ကျုပ်နဲ့ ယှဉ်ပြိုင်မယ့်သူရှိရင် ထွက်ခဲ့စမ်းပါ၊ အလကားအသုံးမကျတဲ့လူ”

မွန်ဂိုသိုင်းသမားသည် စိန်ခေါ်ရုံမျှမက ဝိုင်းအုံနေသော ပရိသတ်ကြီးကိုပါ စော်ကားလိုက်သည်။ ဝိုင်းအုံနေသူများသည် စိတ်ထဲ၌ မခံမရပ်နိုင်အောင် ခံပြင်းမိကြသော်လည်း ထိုသူ့အား ယှဉ်ပြိုင်နိုင်သူမရှိသောကြောင့် ငြိမ်ခံနေရသည်။

ထိုသူသည် အထင်သေးသော မျက်လုံးများဖြင့် တစ်ချက်ဝေ့ကြည့်လိုက်ပြန်၏။ ထို့နောက် နှာခေါင်းရှုံ့လိုက်ပြီး ...

“လိန်ကျင်းမြို့သားတွေဟာ အလကား လူညံ့တွေ”

“ဒီလောက်တောင်လည်း အထင်မသေးလိုက်ပါနဲ့”

မွန်ဂိုနပန်းသမားသည် တုံ့ပြန်ထွက်ပေါ်လာသောအသံကြောင့် မျက်လုံးပြူးသွားသည်။ အသံထွက်ပေါ်လာရာသို့ ကပျာကယာ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ကျောင်းတော်သားတစ်ဦး လူအုပ်ကြားမှ တိုးထွက်လာသည်ကို တွေ့လိုက်ရသည်။ မွန်ဂိုနပန်းသမားသည် ရှောင်လင်ကျောင်းသားအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ရှောင်လင်ကျောင်းသားမှာ အသက် ၂၀ ဝန်းကျင်ခန့်သာ ရှိသေးကြောင်း တွေ့ရသည်။ ကိုယ်လုံးကိုယ်ထည် သေးသွယ်ကျစ်လျစ်သည်။ မွန်ဂိုနပန်းသမားသည် ရှောင်လင်ကျောင်းသားအား မျက်မှောင်ကြုတ်၍ကြည့်ကာ ...

"မင်းက ဘာကိစ္စနဲ့ ဝင်လာရတာလဲ"

"ကျုပ် ခင်ဗျားနဲ့ ယှဉ်ပြိုင်မလို့"

"ဘာ ... ငါနဲ့ ယှဉ်ပြိုင်ဖို့ ... ဟုတ်လား"

မွန်ဂိုနပန်းသမားသည် ရှောင်လင်ကျောင်းသားအား အထင်သေးစွာကြည့်ရင်း တဟားဟား ရယ်မောလိုက်လေတော့သည်။

"ဟား ... ဟား ... ဟား"

မွန်ဂိုနပန်းသမား၏ရယ်မောသံသည် ကျယ်လောင်စွာပင် ပျံ့လွင့်ထွက်ပေါ်လျက် ရှိသည်။

ရှောင်လင်ကျောင်းသားသည် မွန်ဂို နပန်းသမား၏ပြောင်လှောင်ပြက်ရယ်ပြုမှုကို အလျှဉ်းပင် ဂရုမစိုက်ဘဲ ရှေ့သို့ တရွေ့ရွေ့တိုးလာသည်။



မွန်ဂိုနပန်းသမားသည် ရယ်မောနေရာမှ ရပ်လိုက်ပြီး ရှောင်လင်ကျောင်းသားကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မလောက်လေး မလောက်စားနဲ့ လူတွင်ကျယ်လုပ်ချင်တဲ့ ကောင် တွေ့ကြသေးတာပေါ့ကွာ"

နှိုင်အမည်ရှိ ရှောင်လင်ကျောင်းသားက ဘာမှပြန်မပြောချေ။ မွန်ဂိုနပန်းသမား အနီးရောက်သည်နှင့် စတင်လှုပ်ရှားလိုက်သည်။

သူ၏လှုပ်ရှားမှုသည် လျှပ်ပြက်သကဲ့သို့ မယုံကြည်နိုင်လောက်အောင်ပင် မြန်ဆန်လှသည်။ သူ၏ခြေတစ်ဖက်သည် မွန်ဂိုနပမ်းသမား၏ကိုယ်အောက်ပိုင်းကို ဆတ်ခနဲ စိုက်၍ ကန်လိုက်၏။

မွန်ဂိုနပန်းသမားက ကိုယ်အောက်ပိုင်းကို ဝင်ရောက်လာသည့် ခြေတစ်ဖက်ကို လက်ဝါးစောင်းဖြင့် ဖြတ်၍ ခုတ်ချသည်။ နှိုင်အမည်ရှိ ကျောင်းသားက ခြေထောက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

စင်စစ်မူ ဤတိုက်ကွက်သည် တကယ့်တိုက်ကွက် မဟုတ်ချေ။ မာန်အပြည့်ပါသော ဟန်ပြတိုက်ကွက်မျှသာ ဖြစ်ပေသည်။

မွန်ဂိုနပန်းသမားက ကိုယ့်ကို ယို့ကာ ခြေကို ဖြတ်ရိုက်စဉ် ရှောင်လင်ကျောင်းသားသည် ခြေကို ရုပ်သိမ်းလျက် အပေါ်သို့ ခုန်လိုက်သည်။ သူ၏ခန္ဓာကိုယ် လေထဲမြောက်တက်နေခိုက် ကျွမ်းတစ်ပတ်ထိုးလိုက်ပြီး မြေပေါ်ပြန်အကျ၌ မွန်ဂိုနပန်းသမား၏

www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်ကို ခြေအစုံဖြင့် ကန်ချလိုက်လေသည်။

'ဝုန်း'

မွန်ဂိုနပန်းသမားသည် ကျောပြင်ကို ခြေနှင့်ကန်ခံလိုက်ရသောကြောင့် ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။

"ဟေး ... ဒါမှ လိန်ကျင်းမြို့သားကွ"

ဝိုင်းအုံကြည့်ရှုနေသူများက ဝမ်းသာအားရဖြင့် တခဲနက်ဩဘာပေးလိုက်ကြလေသည်။ မွန်ဂိုနပန်းသမားသည် လူပုံအလယ်၌ အကန်ခံလိုက်ရသောကြောင့် အကြီးအကျယ် ရှက်သွားသည်။

အထူးသဖြင့် အသက် ၂၀ အရွယ် လူငယ်တစ်ယောက်၏ တိုက်ခိုက်မှုကို ခံလိုက်ရသည့်အတွက် အလွန့်အလွန် ခံပြင်းသွားရသည်။ ဒေါသများ အုံကြွကာ မျက်နှာတစ်ပြင်လုံး နီရဲလာလေ၏။

"ယား"

မွန်ဂိုနပန်းသမားသည် ဩသံပေးရင်း ရှောင်လင်ကျောင်းသားအား ခုန်အုပ်လိုက်သည်။ ရှောင်လင်ကျောင်းသားက ခန္ဓာကိုယ်ကို တစ်ဝက်လှည့်၍ ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေထောက်တစ်ဖက်မြှောက်ကာ အရှိန်နှင့်ဝင်လာသည့် မွန်ဂိုသိုင်းသမား၏ဝမ်းဗိုက်ဆီသို့ ကန့်လန့်ဖြတ် ခံပေးလိုက်သည်။

'ဝုန်း'



မွန်ဂိုနပန်းသမား၏ခန္ဓာကိုယ်သည် အရှိန်နှင့်မြေပေါ် တလိမ့်ခေါက်ကွေးလဲကျသွားပြန်လေသည်။ ဝိုင်းအုံကြည့်နေသူများသည် ကျေနပ်ဝမ်းသာလွန်းသောကြောင့် တခဲနက်အော်ဟစ်အားပေးကြ၏။ အော်ဟစ်သံများသည် ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေတော့သည်။

မွန်ဂိုနပန်းသမားသည် အံကို တင်းတင်းကြိတ်ရင်း လဲကျနေရာမှ ကုန်းထလိုက်၏။ ထိုအခါ ရှောင်လင်ကျောင်းသားသည် အနားကပ်သွားကာ ခြေဖြင့် ကန်လိုက်၏။

ကန်ချက်ပြင်းသောကြောင့် မွန်ဂိုနပန်းသမား၏ခန္ဓာကိုယ်မှာ အဝေးသို့ အရှိန်ဖြင့် လွင့်စဉ်သွားသည်။ မွန်ဂိုနပန်းသမားသည် အားယူ၍ ကုန်းထရန် ကြိုးစားသေးသည်။

သို့သော် မဟန်နိုင်ဘဲ ပြန်၍လဲကျသွား၏။ အတန်ကြာသည့်တိုင်အောင် လုံးဝလှုပ်ရှားလာခြင်းမရှိတော့ချေ။ ပွဲကြည့်ပရိသတ်များ၏ကောင်းချီးဩဘာပေးသံကား ကျင်းကျင်း စားသောက်ဆိုင်တစ်ပိုက် ဝက်ဝက်ကွဲမျှ ညံစီသွားလေတော့သည်။

✵

ကျင်းကျင်းစားသောက်ဆိုင်ထဲသို့ နောက်ဆုံးမှ ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြသော မွန်ဂိုသုံးယောက်သည် ဆိုင်ရှေ့ကွက်လပ်ထဲ၌ ယှဉ်ပြိုင်မှုများကို အစမှအဆုံးတိုင် ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်ရှုနေခဲ့၏။

မွန်ဂိုနပန်းသမား ရှုံးနိမ့်သွားသောအခါ အဆိုပါ မွန်ဂိုသုံးယောက်အနက် အနီရောင်ခေါင်းစည်းဖတ်ထားသူက မခံမရပ်နိုင်ဖြစ်ကာ ဝုန်းခနဲ ထရပ်လိုက်သည်။

ကိုယ်ခန္ဓာခပ်ထွားထွားရှိသော မွန်ဂိုက အသာအယာခေါင်းခါလိုက်သည်။ ဒေါသတကြီးဖြစ်နေသော အနီရောင်ခေါင်းစည်းနှင့် မွန်ဂိုသည် ချွန်းအုပ်ခံရသော ဆင်ကဲ့သို့ ငြိမ်သက်ကျသွားသည်။

ထိုင်ခုံကို ပြန်လည်ဆွဲယူပြီး အသာအယာပင် ပြန်လည်ထိုင်ချလိုက်လေသည်။ ထိုအခြင်းအရာကို ဟုံးပေ့ ကောင်းစွာ တွေ့မြင်သတိပြုလိုက်သည်။

ထိုစဉ် မွန်ဂိုနပန်းသမားကို ယှဉ် ပြိုင်အနိုင်ယူနိုင်ခဲ့သော နှုင်အမည်ရှိ ကျောင်းသား ပြန်လည်ရောက် ရှိလာသည်။ ဟုံးပေ့သည် ထိုင်ရာမှထကာ နှုင်အမည်ရှိ ကျောင်းသားအား ဝမ်းသာအားရ ဆီးကြိုလိုက်သည်။

"ငါ့တပည့် ဘယ်ဆိုးလို့တုံး"

နှုင်အမည်ရှိ ကျောင်းသားက ဂုဏ်ယူစွာ ပြုံးလိုက်သည်။

"တပည့်တော်တော့ ... မွန်ဂိုတွေကို ထပ်ပြီး စိန်ခေါ်ချင်တယ်၊ ဒါပေမဲ့ ဆရာ့ဆီက ခွင့်မတောင်းခဲ့ရသေးလို့ ပြန်လာတာ"



ဟုံးပေ့သည် နှုင်အမည်ရှိကျောင်းသား၏ ဦးကို အသာအယာ ပုတ်လိုက်၏။

"ကောင်းတယ်"

"စိန်မခေါ်လိုက်တာ မင်းအတွက် အများကြီး ကံကောင်းတယ်"

ဟုံးပေ့၏စကားကြောင့် နှုင်အမည်ရှိကျောင်းသားမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဟုံးပေ့ဘုန်းကြီး၏စကားကို သူ နားမလည်နိုင်အောင် ဖြစ်သွားမိလေသည်။ ဟုံးပေ့ဘုန်းကြီးက ဆိုင်ထဲ၌ ထိုင်နေသော မွန်ဂိုသုံးယောက်အား မသိမသာ ညွှန်ပြလိုက်သည်။

"ဟိုမှာထိုင်နေတဲ့ မွန်ဂိုသုံးယောက်ကိုတွေ့လား"

နှုင်အမည်ရှိ ကျောင်းသားက ခေါင်းညိတ်ပြလိုက်သည်။

"ဒီလူသုံးယောက်က အရေးကြီးတဲ့ကိစ္စပေါ်နေလို့ ဖြစ်ရမယ်၊ နို့မို့ရင် မင်း စိန်မခေါ်ဘဲ သူတို့က မင်းနဲ့ ယှဉ်ပြိုင်ဖို့ ဝင်လာကြမှာ အမှန်ပဲ"

ဟုံးပေ့က လေသံဖြင့် လှမ်းပြောလိုက်သည်။ နှုင်အမည်ရှိ ကျောင်းသားက အရေးမစိုက်ဟန်ဖြင့် ပြုံးပြလိုက်သည်။

"သူတို့ ဝင်လာကြလည်း ကောင်းသားပဲ၊ သူတို့ကိုပါ ထပ်ပြီး ဆုံးမလိုက်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုံးပေ့က ခေါင်းခါယမ်းလိုက်၏။ နှိုင်အမည်ရှိကျောင်းသားသည် မွန်ဂိုသုံးယောက်အား မသိမသာ လှမ်း၍အကဲခတ်လိုက်သည်။ သူ့အနေဖြင့် အရေးစိုက်ရန် မလိုအပ်ဟု မှတ်ယူထားပုံရလေသည်။

"ငါ့တပည့် ... မင်းရဲ့သိုင်းပညာက ဆိုးတော့ မဆိုးလှပါဘူး။ ဒါပေမဲ့ သူတို့ကိုတော့ ဘယ်လိုမှ ယှဉ်လို့ မရနိုင်သေးဘူးဆိုတာ ငါ ယုံကြည်တယ်"

နှိုင်အမည်ရှိ ကျောင်းသားသည် ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

"ကဲ ... အချိန်တောင် အတော်နှောင်းပြီ ပြန်ကြမယ်"

❁

ရှောင်လင်ကျောင်းသားနှစ်ဦးသည် ကုန်ပစ္စည်း အပြည့်တင်ဆောင်ထားသော လက်တွန်းလှည်းကို တွန်းလျက် ရှောင်လင်ကျောင်းဝင်းအဝသို့ရောက်သောအခါ လက်တွန်းလှည်းမှာ ရုတ်တရက် ရပ်တန့်သွားလေသည်။

"ဟေ့ ... ဘာဖြစ်လို့ ရပ်လိုက်ကြတာလဲ၊ ကျောင်းထဲမရောက်သေးဘူးကွ၊ ဆက်တွန်းကြလေ"



တောင်းထဲ၌ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာသော ဟုံးပေ့ဘုန်းကြီးက လှမ်းပြောလိုက်ခြင်းဖြစ်သည်။ စင်စစ် သူသည် ပြင်ပမြင်ကွင်းကို တွေ့မြင်ရခြင်း မဟုတ်ပေ။ စိတ်ထဲမှ ခန့်မှန်းပြောဆိုလိုက်ခြင်းသာ ဖြစ်လေသည်။ သူ့ ခန့်မှန်းမှုမှာ မှားယွင်းလေ့မရှိချေ။

ယခုလည်း သူ၏ခန့်မှန်းမှုမှာ မှန်ကန်နေပြန်သည်။ လက်တွန်းလှည်းသည် ကျောင်းဝ၌သာ ရှိသေးသည်။ သို့သော် ... လှည်းကာ တုတ်တုတ်မျှ မလှုပ်ချေ။ ကျောင်းသားနှစ်ယောက်ထံမှလည်း တုံ့ပြန်သံကို မကြားရပေ။ ငြိမ်သက်နေကြသည်။

"ဟေ့ ... ဘာလုပ်နေကြတာလဲ၊ ဆက်တွန်းလေကွာ"

ဟုံးပေ့သည် စိတ်မရှည်နိုင်သော လေသံဖြင့် ထပ်မံ၍ လှမ်းအော်လိုက်သည်။ သို့တိုင်အောင် လက်တွန်းလှည်းကား ရပ်မြဲရပ်နေလေသည်။ တုတ်တုတ်မျှ မလှုပ်ချေ။

အတန်ကြာသည့်တိုင်အောင် လုံးဝငြိမ်သက်တိတ်ဆိတ်နေသောကြောင့် ဟုံးပေ့ဘုန်းကြီးသည် ခြင်းတောင်းကို လှန်၍ ပုန်းကွယ်ရာမှ ထွက်လိုက်သည်။

ထို့နောက် ကျောင်းသားနှစ်ယောက်ကို စိတ်ဆိုးမာန်ဆိုးကြည့်လိုက်သည်။ ကျောင်းသားနှစ်ယောက်သည် ရှေ့တည့်တည့်သို့ မလှုပ်မယှက် ကြည့်နေကြသည်။ ဟုံးပေ့သည် အနည်းငယ် အံ့သြသွားကာ ကျောင်းသားကြည့်ရာဘက်သို့ လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့် လိုက်မိသည်နှင့် သူ၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရသည်။ အကြောင်းမှာ ကျောင်းအဝင်အဝလမ်းပေါ်တွင် ရှောင်လင်ကျောင်းထိုင်ဆရာတော်နှင့်အတူ ဝေ့ကျောင်းဘုန်းတော်ကြီး လမ်းပိတ်ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

…န့်စွာကျယ်ဝန်းသော ခန်းမဆောင်တစ်ခုတွင် ဖြစ်သည်။ ခန်းမဆောင်တစ်ခု အဝင်အဝရှိ တံခါးဘောင်ပေါ်တွင် ရွှေစာလုံးဖြင့် ရေးထိုးထားသော ဆိုင်းဘုတ်တစ်ခုရှိနေသည်။

ယင်းဆိုင်းဘုတ်နှင့်ယှဉ်လျက် ဘေးတစ်ဖက်တစ်ချက်တွင်လည်း အခြားဆိုင်းဘုတ်နှစ်ခု ဒေါင်လိုက်ချိတ်ဆွဲထားပြန်သည်။

ထိုဆိုင်းဘုတ်များသည် ခန်းမဆောင်ကြီး၏အနှစ်သာရကို ဖွင့်ဆိုဖော်ပြနေသော ဆိုင်းဘုတ်ကြီးများပင် ဖြစ်လေသည်။

တံခါးဘောင်ပေါ်ရှိ ဒ[illegible]ျားလိုက်ဆိုင်းဘုတ်၌ ရေးထိုးထားသော စာတန်းမှာ 'တရားခန်းမဆောင်' ဟူ၍ ဖြစ်လေသည်။ နံဘေးတစ်ဖက်တစ်ချက်၌ ရေးထိုးထားသော စာတန်းများမှာ ...

'စည်းကမ်းသည် လူ၏တန်ဖိုး'

'စည်းကမ်းရှိလျှင် ပြည်ထွန်းကား၏'



'စည်းကမ်းပျက်လျှင် ပြည်ပျက်စီး၏'

ဟူ၍ ဖြစ်လေသည်။ ခန်းမဆောင်ထဲဝင်လျှင် ဤဆိုင်းဘုတ်မှ စာတန်းများကို ပြတ်သားစွာ မြင်တွေ့ရမည်ဖြစ်သည်။ ခန်းမဆောင်ထဲတွင် ဖယောင်းတိုင်မီးများဖြင့် ထိန်းလင်းနေပေသည်။ ခန်းမဆောင်၏အလယ်ဗဟိုတွင် ကျောင်းထိုင်ဆရာတော်ထိုင်လျက် ရှိသည်။

ဆရာတော်ကြီး၏တစ်ဖက်တစ်ချက်တွင် တာဝန်အသီးသီး ထမ်းဆောင်ရသည့် တာဝန်ခံ ဘုန်းတော်ကြီးများ ရပ်လျက် ရှိနေသည်။ ကျောင်းထိုင်ဆရာတော်၏ရှေ့တွင်မူ ဟုံးပေ့ဘုန်းကြီးနှင့် ကျောင်းသားနှစ်ယောက် ရပ်လျက်ရှိနေပေသည်။

ခန်းမဆောင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ အပ်ကျသံကိုပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်၏။ ကျောင်းထိုင်ဆရာတော်သည် ဟုံးပေ့ဘုန်းကြီးအား စူးစိုက်ကြည့်ကာ ...

"မင်းမှာ အပြစ်ရှိသလား"

ဟုံးပေ့က ဦးညွတ်လိုက်သည်။

"တင်ပါ့ဘုရား ... တပည့်တော်မှာ အပြစ်ရှိပါတယ်"

"ကောင်းပြီ ... ကိုယ့်အပြစ်ကိုယ်သိရင် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ကိုယ့်ဘာသာ ကိုယ်ခံယူပါ"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား၊ ဒါပေမဲ့ ... ကျောင်းသားနှစ်ယောက်က တော့ တပည့်တော်ရဲ့အမိန့်ကို မလွန်ဆန်နိုင်တာမို့ သူတို့ကို ခွင့်လွှတ်စေချင်ပါတယ်"

ကျောင်းထိုင်ဆရာတော်ကြီးက ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ် ... သူတို့မှာ အပြစ်မရှိပါဘူး"

ထိုစဉ်မှာပင် အခြားဘုန်းကြီးတစ်ပါးသည် ခန်းမဆောင်တွင်းသို့ ရေးကြီးသုတ်ပျာဖြင့် ဝင်ရောက်လာလေသည်။

"ဟေ့ ... ဒီမှာ အလုပ်လုပ်နေတာ မြင်လျက်နဲ့ ဘာဖြစ်လို့ ဝင်လာရတာလဲ"

ဝေ့ကျောင်းဘုန်းကြီးက လှမ်း၍ ဟန့်တားလိုက်သည်။ အပြင်မှဝင်လာသော ဘုန်းကြီးက လက်အုပ်ချီ၍ ဦးညွတ်လိုက်၏။

"အရေးကြီးတဲ့ကိစ္စ လျှောက်ထားစရာ ရှိလို့ပါ ဘုရား"

ဝေ့ကျောင်းဘုန်းတော်ကြီး မျက်မှောင်ကြုတ်သွားသည်။ ဝေ့ကျောင်းဘုန်းတော်ကြီးသည် လက်ထောက်ကျောင်းထိုင်ဆရာတော်ဖြစ်ခြင်းကြောင့် ဒုတိယအာဏာမရှိဆုံးသူဖြစ်လေသည်။

ထို့ကြောင့် ကျောင်း၏ဝေယျာဝစ္စကိစ္စအားလုံးကို ကျောင်းထိုင်ဆရာတော်ကိုယ်စား တာဝန်ယူဖြေရှင်းဆောင်ရွက်ရသူပင် ဖြစ်သည်။

"ဘာကိစ္စလဲ ... ပြော"



ဝေ့ကျောင်းဘုန်းတော်ကြီးက စိတ်မရှည်နိုင်ဟန်ဖြင့် လှမ်းမေးလိုက်၏။

"အပြင်မှာ မွန်ဂိုသုံးယောက် ရောက်နေပါတယ်၊ သူတို့က ကျောင်းထိုင်ဆရာတော်ကြီးနဲ့ တွေ့ချင်တယ်ဆိုပြီး ကျောင်းထဲ အတင်းအဓမ္မ ဝင်မယ်လုပ်နေပါတယ်"

ထိုစကား ကြားလိုက်ရသောအခါ ကျောင်းထိုင်ဆရာတော် အပါအဝင် ခန်းမဆောင်ထဲရှိ ဘုန်းကြီးအားလုံး မျက်စိမျက်နှာပျက်သွားကြလေသည်။ ရုတ်တရက် မည်သူမျှ စကားမပြောနိုင်ဘဲ ဖြစ်သွားကြသည်။

အတန်ကြာမှ ကျောင်းထိုင်ဆရာတော်ကြီးသည် သက်ပြင်းမှုဦးမှုဦးချကာ မတိုးမကျယ် လေသံဖြင့် ရေရွတ်လိုက်လေသည်။

"အင်း ... ကျောင်းတော်ကို မွန်ဂိုတွေ လာတယ်ဆိုတာ ကောင်းတဲ့လက္ခဏာတော့ မဟုတ်ပေဘူး"

ထိုသို့ ပြောဆိုရေရွတ်ပြီးနောက် ဆရာတော်ကြီးသည် ထိုင်ရာမှထကာ ခန်းမဆောင်ထဲမှ ထွက်ခွာသွားလေတော့သည်။ ဝေ့ကျောင်းဘုန်းတော်ကြီးနှင့်တကွ ကျန်ဘုန်းကြီးများသည် တိတ်ဆိတ်စွာပင် ကျောင်းထိုင်ဆရာတော်နောက်မှ လိုက်ပါသွားကြလေသည်။

ရှောင်လင်ကျောင်းတော်ရှေ့ ကွက်လပ်ရင်ပြင်တွင် ဖြစ်သည်။ မွန်ဂိုသုံးယောက်သည် ကျောင်းရှေ့ကွက်လပ်၌ စိတ်မရှည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဟန်ဖြင့် ရပ်လျက်ရှိသည်။ မကြာမီ ကျောင်းတော်ကြီး၏ခန်းမဆောင်တံခါး ပွင့်လာကာ ကျောင်းထိုင်ဆရာတော်နှင့်တကွ နောက်ပါ ဘုန်းကြီးများ ထွက်လာကြသည်။

ဧည့်သည်မွန်ဂိုများအား မြင်တွေ့ရသည်နှင့် ကျောင်းထိုင်ဆရာတော်သည် လက်ဝါးကို ယောင်လိုက်အနေအထားဖြင့် ရင်ဝ၌ကပ်ကာ ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ကျုပ်တို့ ရှောင်လင်ကျောင်းဟာ တိုင်းရေးပြည်ရေးနဲ့ ဘယ်လိုမှမပတ်သက်ပါဘူး၊ ဧည့်သည်များက ဘာကိစ္စနဲ့ ရောက်လာကြရတာပါလိမ့်"

ခန္ဓာကိုယ် အနည်းငယ် ထွားကျိုင်းသော မွန်ဂိုက လက်အုပ်ချီ၍ အရိုအသေပြုလိုက်သည်။

"ကျုပ်နာမည် ခနိုဒိုပါ၊ ဒီကိုလာရတဲ့ကိစ္စကလည်း တိုင်းရေးပြည်ရေးနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး"

"ဒါဖြင့် ဘာကိစ္စနဲ့ ရောက်လာရတယ်ဆိုတာ ပြောပါ"

ကျောင်းထိုင်ဆရာတော်က မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။ ခနိုဒိုအမည်ရှိ မွန်ဂိုက မခန့်လေးစားပြုံးလိုက်သည်။

"ရှောင်လင်ကျောင်းတော်ကြီးဟာ သိုင်းလောကမှာ မသိသူ မရှိသလောက် လျှမ်းလျှမ်းတောက် ကျော်ကြားတာကို မွန်ဂိုပြည်မကြီးကတောင် ကြားသိရပါတယ်"



ခနိုဒိုသည် စကားကို ခေတ္တဖြတ်လိုက်ပြီး ကျောင်းထိုင်ဘုန်းကြီးကို အကဲခတ်သလို လှမ်းကြည့်လိုက်၏။ ရှောင်လင်ဘုန်းကြီးက ခနိုဒိုဆက်ပြောမည့်စကားကို နားစွင့်လျက်ရှိသည်။

"ကျုပ်တို့ ခုလိုဝေးလံတဲ့နေရာကနေပြီး ဒီကိုလာရတာဟာ ရှောင်လင်ကျောင်းရဲ့သိုင်းပညာကို ကျော်ကြားသလောက် ထက်မြက်မှု ရှိ့မရှိဆိုတာ မျက်မြင်ကိုယ်တွေ့ သိချင်လို့ပါ"

ခနိုဒိုစကားကြောင့် ကျောင်းထိုင်ဆရာတော်သာမက အခြားသော ဘုန်းတော်ကြီးများပါ မျက်လုံးမျက်ဆန်ပြူးသွားကြသည်။

"ဒါ ... ဒါဖြင့် မင်းဆိုလိုတဲ့သဘောက"

ခနိုဒိုသည် အပြုံးတစ်ဝက်ဖြင့် ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်၊ ကျုပ်ဟာ သိုင်းပညာရပ် အတော်များများကို လေ့လာနေတဲ့သူတစ်ယောက်ပါ၊ ဒါကြောင့် ရှောင်လင်ကျောင်းရဲ့ သိုင်းပညာကိုလည်း လက်တွေ့လေ့လာကြည့်ချင်ပါတယ်"

ထိုသို့ပြောပြီးနောက် ခနိုဒိုသည် ကျောင်းတော်ကြီးအား တစ်ချက်မျှ ဝေ့ယမ်းကြည့်လိုက်သည်။ ကျောင်းထိုင်ဆရာတော်သည် စိတ်မသက်မသာစွာဖြင့် သက်ပြင်းမှုဦးမှုဦးချလိုက်သည်။

"အင်း ... ကောင်းပြီလေ၊ မင်းတို့လည်း ခရီးပန်းလာကြတာမို့ ဒီနေ့တစ်ရက် အနားယူလိုက်ကြပါဦး၊ မနက်ဖြန်နေထွက်ချိန်ကျမှ

www.burmeseclassic.com

www.burmeseclassic.com



ပဲ တစ်ယောက်ရဲ့သိုင်းပညာကို တစ်ယောက် လှေလာကြတာပေါ့"

ကျောင်းထိုင်ဆရာတော်သည် နောက်ပါဘုန်းကြီးများအား လက်တစ်ဖက် ဝှေယမ်းပြကာ ခန်းမဆောင်ထဲ ပြန်လည်ဝင်ရောက်သွားသည်။ ခနိုဒိုသည် ကျေနပ်သဘောကျဟန်ဖြင့် မခိုးမခန့် ရယ်လိုက်လေသည်။

✽

လမိုက်ညဖြစ်သောကြောင့် ကောင်းကင်ပြင်၌ ကြယ်ပွင့်ကလေးများသာ စိုးမိုးနေသည်။ ကောင်းကင်ပြင်ကြီးမှာ မည်းမှောင်လျက်ရှိသည်။

မည်းမှောင်သော ကောင်းကင်ပြင်တွင် တပြိုးပြိုး တပြက်ပြက်တောက်ပနေသော ငွေကြယ်ကလေးများသည် စိန်ပွင့်များစီခြယ်ထားသည့်အလား ရှိနေလေသည်။ ညဥ့်နက်လှပြီဖြစ်၏။

ရှောင်လင်ကျောင်းဝင်းတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေပြီဖြစ်သည်။ သို့သော် ကျောင်းထိုင်ဆရာတော်မှာ အိပ်ပျော်ခြင်း မရှိသေးချေ။

နောက်တစ်နေ့ နံနက်၌ မွန်ဂိုသိုင်းသမားများနှင့် ယှဉ်ပြိုင်ရမည့်အရေးကိုတွေးကာ အိပ်မပျော်နိုင်သေးခြင်း ဖြစ်သည်။



"ဘာမှစိတ်မပူပါနဲ့ ဆရာတော် ... မွန်ဂိုသိုင်းသမားကို တပည့်တော် အနိုင်ရအောင် ယှဉ်ပြိုင်နိုင်ပါတယ်"

ဝှေကျောင်းဘုန်းတော်ကြီးက လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်သည် လေးတွဲ့စွာ သက်ပြင်းချရင်း ခေါင်းညိတ်လိုက်၏။

"အင်း ... မင်းဟာ ငါ့ရဲ့အားထားရဆုံး တပည့်မို့ မင်းကိုပဲ အားကိုးရမှာပါ"

ထိုသို့ပြန်ပြောလိုက်ရသော်လည်း ကျောင်းထိုင်ဆရာတော်မှာ ဘဝင်ကျဟန်မရှိချေ။ ရှေ့တူရူသို့ ရီဝေစွာ ငေးစိုက်ကြည့်ရင်း စကားဆက်လိုက်ပြန်သည်။

"ဒါပေမဲ့ ... မင်းဟာ အတွေ့အကြုံ အများကြီး လိုသေးတယ်ကွဲ့၊ နောက်ပြီး သူတို့ဟာ ငါတို့ ရှောင်လင်အဖွဲ့ကို ခုလို ရဲရဲဝံ့ဝံ့လာပြီး စိန်ခေါ်ကြတာဆိုတော့ သူတို့ရဲ့သိုင်းပညာအဆင့်က တော်ရုံတန်ရုံတော့ မဖြစ်နိုင်ဘူး"

ကျောင်းထိုင်ဆရာတော်က ချင့်ချင့်ချိန်ချိန်ဖြင့် မှတ်ချက်ချလိုက်သည်။ ဆရာတော်၏စကားကြောင့် ဝှေကျောင်းဘုန်းတော်ကြီးမှာ စိတ်ထဲ၌ မခံချိမခံသာဖြစ်သွားသည်။ ထိုကြောင့် အံကို တင်းတင်းကြိတ်လိုက်ရင်း ...

"စိုးရိမ်မနေပါနဲ့ ဆရာတော် ... တပည့်တော် သူ့[illegible]အနိုင်

www.burmeseclassic.com

www.burmeseclassic.com



ယူပြပါ့မယ်"

ဝေ့ကျောင်းဘုန်းတော်ကြီးမှာ ကိုယ့်ကိုယ်ကိုယ် လွန်စွာ စိတ်ချယုံကြည်နေသူဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်သည် စိတ်ခတ်ကျဖွယ်စကားများ ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ အသာအယာ ခေါင်းညိတ်လိုက်၏။

"အေးလေ ... ဘာပဲဖြစ်ဖြစ် မင်း ခုလို စိတ်ဓာတ်မျိုးရှိတာကိုတော့ ငါ သဘောကျတယ်"

ကျောင်းထိုင်ဆရာတော်သည် ထိုမျှသာ ပြောဆိုပြီး နောက် ခပ်မဆိတ်နေလိုက်လေတော့သည်။ စစ်မရောက်မီ မြားကုန်ဆိုသောအဖြစ်မျိုး မရောက်စေလိုသဖြင့် ခပ်မဆိတ်နေလိုက်ခြင်းသာ ဖြစ်သည်။

ဆရာတော်၏ရင်ထဲ၌မူ ကြီးမားသော ကျောက်တုံးကြီး ချိတ်ဆွဲခံနေရသလို လေးလံနေပေသည်။

✹

ရှောင်လင်ကျောင်းတော်၏မြေတိုက်ခန်းတွင် ဖြစ်သည်။ ယင်းမြေတိုက်ခန်းသည် ကျောင်းတော်၏စည်းကမ်းချက်များ ဖောက်ဖျက်သူကို အပြစ်ဒဏ်ပေးရန် အခန်းဖြစ်၏။



ယခုအချိန်၌ မြေတိုက်ခန်းတွင် ဘုန်းကြီးတစ်ပါးနှင့် ကျောင်းသားနှစ်ယောက် ပြစ်ဒဏ်ခံနေကြရသည်။ ထိုသူများမှာ မြို့ထဲဆင်းသွားကြသည့် ဟုံးပေ့ နှင့် ကျောင်းသားနှစ်ယောက်တို့ပင် ဖြစ်သည်။

သူတို့သည် နံရံပေါ် သံကွင်းများတွင် သူတို့၏လက်နှစ်ဖက်ကို ထည့်သွင်းလျက် သော့ခတ်ထားကြသည်။ ဟုံးပေ့သည် ကျောင်းသားနှစ်ယောက်အား စိတ်မကောင်းစွာ လှမ်းကြည့်လိုက်၏။

"ငါ့အတွက်နဲ့ မင်းတို့နှစ်ယောက် ခုလို ပြစ်ဒဏ်ခံရတာ ငါ စိတ်မကောင်းပါဘူးကွာ"

နှိုင်အမည်ရှိ ကျောင်းသားက ပြုံးပြလိုက်သည်။

"တပည့်တော်တို့မှာလည်း အပြစ်ရှိလို့ ခံရတာပါ၊ ဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့"

ဟုံးပေ့က ခေါင်းကို အသာအယာခါယမ်းပြလိုက်သည်။

"ဘယ်ဟုတ်ပါ့မလဲကွာ၊ ငါက ခိုင်းလို့ မင်းတို့လိုက်လုပ်ကြတာပဲ၊ တကယ်လို့ ငါက ဘာမှမခိုင်းပဲနေရင် မင်းတို့ ခုလို ဘယ်အပြစ်ပေးခံရပါ့မလဲ"

"အို ... ဒီလိုမပြောပါနဲ့ ဆရာရယ်၊ ဆရာ့ကျေးဇူး တပည့်တော်အပေါ်မှာ အများကြီးရှိပါတယ်၊ တပည့်တော် ရှောင်လင်ကျောင်းရောက်လာတဲ့အချိန်ကစပြီး ဆရာပဲ အစစအရာရာ

www.burmeseclassic.com

www.burmeseclassic.com



သွန်သင်စောင့်ရှောက်လာခဲ့တာ မဟုတ်လား"

နှိုင်းအမည်ရှိ ကျောင်းသားက ပြန်ပြောလိုက်ခြင်းဖြစ်၏။ ဟုံးပေ့ဘုန်းကြီးသည် ဘာမှပြန်မပြောသာတော့ဘဲ နှုတ်ဆိတ်သွားသည်။

မြေတိုက်ခန်းထဲ၌ ခေတ္တမျှ တိတ်ဆိတ်သွား၏။ အတန်ကြာမှ ဟုံးပေ့ဘုန်းကြီး၏စကားသံ ထွက်ပေါ်လာသည်။

"ဒါနဲ့ ငါတို့ကျောင်းတော်ကို မွန်ဂိုသိုင်းသမားက လာပြီး စိန်ခေါ်နေပါလား၊ အဲဒါကို မင်းတို့ ဘယ်လိုယူဆသလဲ"

နှိုင်းအမည်ရှိ ကျောင်းသားသည် ခပ်ထွေထွေကလေး စဉ်းစားလိုက်သည်။ ပြီးမှ ...

"ကျောင်းထိုင်ဆရာတော်ရဲ့ သိုင်းပညာကို တပည့်တော် မျက်မြင်မတွေ့ဖူးသေးပါဘူး၊ ဒါပေမဲ့ ဆရာတော်ပဲ အနိုင်ရလိမ့်မယ်လို့ ထင်ပါတယ်"

ဟုံးပေ့သည် ဦးခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။

"ကျောင်းထိုင်ဆရာတော်ဟာ သိုင်းပညာမှာ အတော့်ကို ထူးချွန်တာ မှန်ပါတယ်၊ ဒါပေမဲ့ ..."

ဟုံးပေ့သည် စကားကို တစ်ပိုင်းတစ ရပ်တန့်လိုက်ပြီး သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ ဆရာ"



နှိုင်းအမည်ရှိ ကျောင်းသားက စိတ်ဝင်တစား လှမ်းမေးသည်။ ဟုံးပေ့ဘုန်းကြီးက လေးတွဲ့စွာ ပြန်ပြောလိုက်သည်။

"ဆရာတော်က အသက်အရွယ်ထောက်လာပြီလေ၊ သိုင်းပညာရပ်တွေကို လေ့ကျင့်မှုလည်း မရှိတော့သလောက် ဖြစ်နေပြီ"

"ဒါဖြင့် မွန်ဂိုသိုင်းသမား နိုင်မယ်လို့ ဆိုချင်တာလား"

ဟုံးပေ့က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

နှိုင်းအမည်ရှိ ကျောင်းသားမှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားသည်။ သူသည် ရှောင်လင်ကျောင်းတော်သားပီပီ ရှောင်လင်အဖွဲ့မှသာ အနိုင်ရလိုသဖြစ်သည်။ ဟုံးပေ့သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဆက်လိုက်ပြန်၏။

"ရှောင်လင်ကျောင်းဟာ တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တာ မှန်ပေမယ့် ခုချိန်အခါမှာ အရင်က အရှိန်အဝါဟာ နှစ်သိမ့်ရောင့်ရဲနေခဲ့တဲ့အတွက် သိုင်းပညာမှာ ထူးထူးခြားခြား တိုးတက်လာမှု မရှိခဲ့ဘူး၊ ရှိပြီးသား ပညာရပ်တွေဟာလည်း ထက်မြက်သွက်လက်မှု မရှိတော့ဘူး"

"ဒါဖြင့် ဆရာတော်ဆိုလိုတာက ရှောင်လင်ကျောင်းရဲ့သိုင်းပညာရပ်တွေဟာ ဆုတ်ယုတ်နေပြီလို့ ဆိုချင်တာပေါ့၊ ဟုတ်လား"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ သိုင်းပညာဆိုတာမျိုးက

www.burmeseclassic.com

www.burmeseclassic.com



ဆုံးခန်းတိုင်ရောက်ပြီး ရပ်တန့်နေတဲ့ ပညာရပ်မျိုးမှ မဟုတ်တာ၊ ဒါကြောင့် အမြဲတမ်း တီထွင်ဆန်းသစ်နေဖို့ လိုတယ်၊ တခြားသိုင်းအဖွဲ့အစည်းတွေဟာ အမျိုးမျိုး လေ့လာတီထွင်ဆန်းသစ်နေကြသလောက် ရှောင်လင်ကျောင်းဟာ နဂိုရှိရင်းစွဲနဲ့ပဲ ကျေနပ်ခဲ့တယ်၊ ဒီတော့ ရှောင်လင်ကျောင်းရဲ့ပညာရပ်တွေဟာ သမားရိုးကျအနေနဲ့ နောက်ကျန်ရစ်ပြီး မှေးမှိန်လာတာကို တွေ့ရတယ်"

ဟုံးပေ့၏လေ့လာသုံးသပ်ချက်မှာ သတိပြုဆင်ခြင်ဖွယ်ဖြစ်ကြောင်း ... နှင်းအမည်ရှိ ကျောင်းသားလေး နားလည်လိုက်သည်။

ရှောင်လင်အဖွဲ့မှ တာဝန်ရှိသူများ ဟုံးပေ့ကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နိုင်ခဲ့လျှင် ရှောင်လင်ကျောင်း၏အနာဂတ်မှာ များစွာအားရကျေနပ်ဖွယ် ဖြစ်လိမ့်မည်ဟု နှင်းအမည်ရှိ ကျောင်းသားလေး စိတ်ကူးမိသည်။

"ဒါနဲ့ ဆရာ ... ဝေ့ကျောင်းဘုန်းတော်ကြီးရဲ့သိုင်းပညာအခြေအနေရော ဘယ်လိုရှိသလဲ"

ဟုံးပေ့သည် စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... သူကတော့ ကြိုးစားမှုရှိပါရဲ့၊ ဒါပေမဲ့ ဂိုဏ်းဂနအစွဲရှိတယ်၊ သိုင်းပညာနဲ့ပတ်သက်လာရင် ရှောင်လင်မှ မှန်တယ်၊ တခြားအဖွဲ့တွေက မှားတယ်လို့ တရားသေမှတ်ထားတာ၊ ဘယ်အဖွဲ့



အစည်းက သိုင်းပညာဖြစ်ဖြစ် သူ အလေးမထားဘူး၊ အထင်အမြင်သေးတယ်၊ ဒါဟာ သူ့ရဲ့အားနည်းချက်ပဲ"

"ဒါဖြင့် မွန်ဂိုသိုင်းသမားကို ယှဉ်ပြိုင်နိုင်မယ့်လူ မရှိတော့ဘူးပေါ့"

ဟုံးပေ့ လေးလေးပင်ပင်ဖြင့်ပင် ခေါင်းညိတ်ပြလိုက်သည်။

"လောလောဆယ်တော့ ဆရာ ဘယ်သူ့ကိုမှ မမြင်ဘူး"

နှင်းအမည်ရှိ ကျောင်းသားသည် စိတ်ဓာတ်မသက်မသာဖြင့် သက်ပြင်းချလိုက်မိလေသည်။

"အင်း ... တပည့်တော်အနေနဲ့ ရှောင်လင်ကျောင်းရဲ့ဂုဏ်သိက္ခာကျဆင်းမှာကိုပဲ စိုးရိမ်မိပါတယ် ဆရာ"

ဟုံးပေ့ မချိတရိဖြင့် ခပ်ယဲ့ယဲ့ ပြုံးလိုက်လေ၏။

"ငါလည်း မင်းလို စိုးရိမ်နေမိတာပါကွာ"

ဟု ပြောရင်း သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မကျေပွဲ

တိတ်ဆိတ်သောညအချိန်ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်၏ သီးသန့်အခန်းတွင် လူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်လျက်ရှိနေသည်။

ထိုလူနှစ်ယောက်မှာ ကျောင်းထိုင်ဆရာတော်နှင့် ငွေကျောင်းဘုန်းတော်ကြီးတို့ ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်က ငွေကျောင်းဘုန်းတော်ကြီး၏ သိုင်းပညာကို စမ်းသပ်နေခြင်း ဖြစ်သည်။

ကျောင်းထိုင်ဆရာတော်သည် ကျောင်းတော်၏အဆင့်မြင့် သိုင်းပညာရပ်များကို တစ်ကွက်ပြီးတစ်ကွက် ဖော်ထုတ်တိုက်ခိုက်လျက်ရှိသည်။

သို့သော် အသက်အရွယ်ကြီးရင့်နေပြီဖြစ်၍ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့ချေ။ ကျောင်းထိုင်ဆရာတော်၏ သိုင်းကွက်များကို ငွေကျောင်းဘုန်းတော်ကြီးက အလွယ်တကူပင် ပြန်လည်ချေဖျက်တိုက်ခိုက်နိုင်ခဲ့လေသည်။



သို့ဖြင့် သိုင်းကွက်ပေါင်းသုံးဆယ်ခန့် ယှဉ်ပြိုင်ကိုက်ခိုက်ပြီးသည့်အခါ ...

'ဝုန်း'

ဟူသော အသံနှင့်အတူ ကျောင်းထိုင်ဆရာတော်မှာ ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး နောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားရလေသည်။

ငွေကျောင်းဘုန်းတော်ကြီး၏လက်သီးတစ်လုံးက ကျောင်းထိုင်ဆရာတော်၏ ဝမ်းဗိုက်အား ထိမှန်သွားသောကြောင့် ဖြစ်သည်။ ငွေကျောင်းဘုန်းတော်ကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ...

"ဆရာ ... ဆရာ ဘာဖြစ်သွားသေးလဲဟင်"

ဆရာတော်အား ဖေးမကာ စိုးရိမ်တကြီး မေးလိုက်သည်။ ကျောင်းထိုင်ဆရာတော် လက်ကာပြလိုက်ပြီး ...

"ငါ ဘာမှမဖြစ်ပါဘူး၊ အင်း ... ငါလည်း အသက်ကြီးပြီ၊ မနက်ဖြန် မွန်ဂိုနဲ့ယှဉ်ပြိုင်မယ့်ပွဲမှာ မင်းကိုပဲ တာဝန်ပေးရတော့မယ်"

ငွေကျောင်း ဘုန်းတော်ကြီးက ဦးညွှတ်အရိုအသေပြုလိုက်သည်။

"စိတ်ချပါ ဆရာ"

"တပည့်တော် သူ့ကို အနိုင်ယူပြီး ရှောင်လင်ကျောင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ့မယ်”

ဘုန်းတော်ကြီး၏ ခိုင်မာပြတ်သားသော စကားကြောင့် ကျောင်းထိုင်ဆရာတော်သည် ကျေနပ်အားရဖြစ်ကာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေတော့၏။

“အိမ်း ... သာဓုကွယ် သာဓု သာဓု”

❁

ရှောင်လင်ကျောင်းရှေ့ ရင်ပြင်တော်ပေါ်၌ ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်သည် လက်ထောက်ဘုန်းကြီးများ ခြံရံလျက် ရပ်နေသည်။

ထိုအချိန်၌ ကျောင်းတော်၏အဝင်အဝ မုခ်ဦးမှနေ၍ မွန်ဂို သိုင်းသမား ‘ခနိုဒို’ ဝင်ရောက်လာသည်။ သူ၏နောက်ဘက်၌ ကိုယ်ရံတော်နှစ်ယောက် ခြံရံလိုက်ပါလာသည်ကို တွေ့ရသည်။

ခနိုဒိုသည် မွန်ဂိုနယ်၌ ထင်ရှားကျော်ကြားသော သိုင်းသမားတစ်ဦးဖြစ်၏။ မွန်ဂိုနယ်အနှံ့ သူ့အား ယှဉ်ပြိုင်နိုင်သူ မရှိသလောက် ရှားပါသည်။

ထို့ကြောင့် ခနိုဒိုသည် အစဉ်သဖြင့်ဆိုသလို ယှဉ်ပြိုင်ဘက်ကို ရှာဖွေနေမိလေသည်။ ထိုအခါ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က



သူ၏ဆရာကို အနိုင်ယူသွားသည့် ရှောင်လင်ကျောင်းကို သတိရလိုက်သည်။

ရှောင်လင်ကျောင်း၏ သိုင်းပညာရပ်များသည် တရုတ်တစ်ပြည်လုံး ပျံ့နှံ့လွှမ်းမိုးလျက် ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ထိုအချိန်ထိုအခါက ရှောင်လင်ကျောင်း၏ သိုင်းပညာရပ်များသည် တရုတ်တစ်ပြည်လုံးကို ကိုယ်စားပြုသည်ဟုပင် ဆိုနိုင်လောက်ပေ၏။

ထို့ကြောင့် ခနိုဒိုသည် ရှောင်လင်ကျောင်းသို့ လာရောက်စိန်ခေါ်ခြင်းပင် ဖြစ်လေသည်။ အကယ်၍သူသာ ရှောင်လင်ကျောင်းကို အနိုင်ယူတိုက်ခိုက်နိုင်ခဲ့လျှင် တရုတ်လူမျိုး တစ်မျိုးလုံး၏ သိုင်းပညာရပ်ကို အနိုင်ယူလိုက်သည်နှင့်မခြား ဖြစ်သွားမည်။

သူ့ဆရာ၏ရာဇဝင်ကြွေးကို ပေးဆပ်ရာလည်းရောက်သွားမည်။ သို့ဖြစ်ရာ ဤပြိုင်ပွဲသည် သိုင်းပညာသက်သက်မျှသာမဟုတ်ဘဲ နိုင်ငံရေးအငွေ့အသက်များ ရောယှက်နေပေသည်။

ဤသည်ကို ရှောင်လင်ဆရာတော်ကြီးကလည်း ရိပ်စားမိသည်။ ထို့ကြောင့် ယှဉ်ပြိုင်ပွဲအတွက် စိတ်ထဲ၌ လေးလံနေမိခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် မွန်ဂိုသိုင်းသမားသည် ကိုယ်ရံတော်နှစ်ယောက်ခြံရံလျက် ကျောင်းထိုင်ဆရာတော်ရှေ့သို့ ရောက်ရှိလာ၏။ သူသည် ဆရာတော်အား ယဉ်ကျေးသိမ်မွေ့စွာ ဦးညွှတ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အခုလိုလာပြီး နှောင့်ယှက်ရတာကို ခွင့်လွှတ်ပါ"

ကျောင်းထိုင်ဆရာတော်က အသာအယာပင် ခေါင်းညိတ်လိုက်သည်။

"ကိစ္စမရှိပါဘူး၊ အချိန်ရှိတုန်း ယှဉ်ပြိုင်ပွဲကို စလိုက်ကြတာပေါ့"

"ဟုတ်ကဲ့ ... တပည့်တော်ဘက်ကတော့ အဆင်သင့်ပါပဲ"

"ဆရာတော်ဘက်က ဘယ်သူ အရင်ယှဉ်ပြိုင်မလဲဆိုတာ"

ဝေ့ကျောင်းဘုန်းတော်ကြီးက ရှေ့သို့ တိုးထွက်လိုက်သည်။

"တပည့်တော် အရင်ယှဉ်ပြိုင်ပါ့မယ် ... ခွင့်ပြုပါ ဆရာ"

ကျောင်းထိုင်ဆရာတော်က ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... ဒါပေမဲ့ သတိဝီရိယတော့ ရှိပါစေ"

နှင်းများ ပြိုကွဲကုန်ပြီ ဖြစ်သည်။ မှိုင်းမှိုင်းရီဝေနေသော လောကဓာတ်တစ်ခွင်သည် ကြည်ကြည်လင်လင် ဖြစ်လာသည်။ ဝါရွှေသော နံနက်ခင်းနေခြည်သည် ရှောင်လင်ကျောင်း၏ ရင်ပြင်ကွက်လပ်ပေါ်သို့ ယှက်ဖြာကျရောက်စပြုနေပြီဖြစ်သည်။

ဝေ့ကျောင်းဘုန်းတော်ကြီးနှင့် မွန်ဂိုသိုင်းသမားတို့သည် ရင်ပြင်ကွက်လပ်၏ တစ်ဖက်တစ်ချက်စီ၌ မျက်နှာချင်းဆိုင်ရပ်လျက် ရှိသည်။

ကြောက်ခမန်းလိလိ ပြင်းထန်လှသော ယှဉ်ပြိုင်ပွဲကြီးသည်



ကား စတင်ရန် အစပျိုးလျက် ရှိနေချေပြီတည်း။

❁

"အခုလောက်ဆိုရင် ဝေ့ကျောင်းဘုန်းတော်ကြီးနဲ့ မွန်ဂိုသိုင်းသမားတို့ ယှဉ်ပြိုင်နေလောက်ကြပြီထင်တယ်"

ဟုံးပေ့က တွေးတွေးဆဆဖြင့် ပြောလိုက်သည်။ နှိုင်အမည်ရှိ ကျောင်းသားသည် စိုးရိမ်မကင်းသောမျက်နှာဖြင့် ...

"ဆရာပြောတဲ့အတိုင်းဆိုရင် မကြာခင်အချိန်အတွင်းမှာ ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာအား ညှိုးနွမ်းသွားရတော့မှာ သေချာတယ်"

ဟုံးပေ့သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ နှုတ်ဆိတ်နေ၏။ ခေါင်းငုံ့ထားကာ တွေဝေစဉ်းစားလျက်ရှိသည်။ အတန်ကြာမှ ခေါင်းကို ဆတ်ခနဲမော့လိုက်ပြီး ...

"ဘာပဲဖြစ်ဖြစ် ... သွားကြည့်ကြရင် ကောင်းမယ်ထင်တယ်"

"ဟုတ်တယ် ဆရာ"

"သွားကြည့်ရင်ကောင်းမယ်ထင်တယ်"

ထိုသို့ပြောပြီးမှ နှိုင်အမည်ရှိ ကျောင်းသားသည် တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သတိရပြီး မျက်မှောင်ကြုတ်လိုက်သည်။

"ဒါပေမဲ့ ဆရာ ... တပည့်တော်တို့ရဲ့ လက်မှာ သံကွင်းတွေ ခတ်ထားတာမို့ ဘယ်လိုလုပ်သွားကြည့်နိုင်ကြမှာလဲ"

ဟုံးပေ့ဘုန်းကြီးက အသာအယာ ပြုံးပြလိုက်သည်။

"ဒါလောက်တော့ ရပါတယ်ကွာ"

ပြောပြောဆိုဆို ဟုံးပေ့သည် အတွင်းအားကို အသုံးပြုလျက် လက်နှစ်ဖက်ကို ရုန်းဖယ်လိုက်ရာ သံကွင်းများ ပြုတ်ထွက်သွားသည်။

နဂိုကတည်းက သံကွင်းကို ခပ်တဲတဲ စွပ်ထားသောကြောင့် အနည်းငယ် အားစိုက်ရုံဖြင့် ပြုတ်ထွက်သွားရခြင်း ဖြစ်လေသည်။ ဟုံးပေ့သည် ဤကျောင်းသားနှစ်ယောက်၏ လက်ကောက်ဝတ်မှ သံကွင်းများကို ဖြုတ်ပေးလိုက်သည်။

နှိုင်အမည်ရှိ ကျောင်းသားက စိုးရိမ်မကင်းသောလေသံဖြင့် လှမ်းမေးလိုက်သည်။

"ဖြစ်ပါ့မလားဆရာ ... တော်ကြာ ဆရာတော်သိသွားရင် ခုထက် ပိုပြီးကြီးလေးတဲ့အပြစ်ဒဏ် ခတ်နေပါဦးမယ်"

ဟုံးပေ့ဘုန်းကြီးက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ဒါတော့ မတတ်နိုင်ဘူးလေ၊ ရှောင်လင်ကျောင်းရဲ့အရေး ကိစ္စအတွက် လုပ်ရတာမို့ အပြစ်ဒဏ်ပေးမယ်ဆိုလည်း ခံလိုက်ရုံပဲ



ရှိတာပေါ့"

ဟုံးပေ့သည် ထိုသို့ပြောပြီးနောက် အခန်းတံခါးဝဆီသို့ လျှောက်သွားသည်။ နှိုင်အမည်ရှိကျောင်းသားနှင့် အခြားကျောင်းသားတစ်ယောက်သည် တစ်စုံတစ်ရာ စောဒကမတက်တော့ဘဲ ဟုံးပေ့ဘုန်းကြီးနောက်သို့ ခပ်ကုပ်ကုပ် လိုက်ပါသွားကြလေသည်။

ဟုံးပေ့နှင့်ကျောင်းသားနှစ်ယောက်သည် ရှောင်လင်ကျောင်းရှေ့ ကွက်လပ်အနီးသို့ တိတ်တဆိတ် ရောက်ရှိလာကြသည်။ သူတို့သည် ကျောင်းဆောင်တိုင်များ အကာအကွယ်ယူလျက် တိုက်ခိုက်မှုကို ကြည့်ရှုကြသည်။

ဝေ့ကျောင်းဘုန်းတော်ကြီးနှင့် မွန်ဂိုသိုင်းသမားတို့မှာ သဲသဲမဲမဲ အကြိတ်အနယ် ယှဉ်ပြိုင်လျက် ရှိနေကြသည်။

"ဘယ့်နှယ်လဲ ဆရာ ... အခုတော့လည်း ဝေ့ကျောင်းဘုန်းတော်ကြီးက အသာစီးရနေသလိုပါလား"

နှိုင်အမည်ရှိကျောင်းသားက တိုက်ခိုက်နေသူနှစ်ဦးကို ကြည့်ရင်း မှတ်ချက်ချလိုက်သည်။ ဟုံးပေ့ဘုန်းတော်ကြီးက ယှဉ်ပြိုင်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်နေ ... အလွန်ဆုံး နောက်ထပ်သိုင်းကွက် ခြောက်ကွက်လောက်ပဲ ဝေ့ကျောင်းဘုန်းကြီးကယှဉ်နိုင်မှာ"

ဟုံးဝေ့၏ စကားမဆုံးမီမှာပင် 'ဝုန်း' ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်။ ထိုအသံနှင့်အတူ ဝေ့ကျောင်းဘုန်းတော်ကြီး သည် နောက်သို့ လေးငါးလှမ်းခန့် ယိမ်းယိုင်ဆုတ်ခွာသွားရသည်ကို တွေ့လိုက်ရသည်။

မွန်ဂိုသိုင်းသမားသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ ပဲ ရပ်တန့်လိုက်၏။ ဝေ့ကျောင်းဘုန်းတော်ကြီးသည် ရင်ဝကို လက် ဖြင့် ဖိလျက် ကျောင်းထိုင်ဆရာတော်ရှိရာသို့ ပြန်လျှောက်သွား သည်။

ကျောင်းထိုင်ဆရာတော်သည် စိတ်မကောင်းစွာဖြင့် ဦး ခေါင်းကို အသာခါယမ်းလိုက်မိသည်။ ကျောင်းထိုင်ဆရာတော်၏ အားထားရဆုံးသော တပည့်သည် မွန်ဂိုသိုင်းသမားအား ရှုံးနိမ့်သွားခဲ့ ရပြီ ဖြစ်သည်။

✲ ✲ ✲



## တစ်သည့်ပညာမနေသော

မွန်ဂိုသိုင်းသမား ခနိုဒိုသည် ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက် ၏။ ထို့နောက် ကျောင်းထိုင်ဆရာတော် ရှောင်လင်ဂိုဏ်းချုပ်ကြီးထံ လျှောက်သွားပြီး လက်နှစ်ဖက်ဆုပ်ကိုင်ကာ အရိုအသေပြုလိုက် သည်။

"ဂိုဏ်းချုပ်ကြီးရဲ့တပည့်က မဟန်ပါဘူး၊ ဒါကြောင့် ဂိုဏ်း ချုပ်ကြီးကိုယ်တိုင် ယှဉ်ပြိုင်မှ ဖြစ်မယ်ထင်တယ်"

ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ အကြောင်းမှာ ဆရာတော်ကြီးသည် ဝေ့ကျောင်းကို ပင် မယှဉ်ပြိုင်နိုင်ဘဲရှိရာ ယခု မွန်ဂိုသိုင်းသမားနှင့် ယှဉ်ပြိုင်ရမည် ဆိုလျှင် မရှုမလှ ရှုံးနိမ့်ဖွယ်ရာသာ ရှိတော့မည်ကို တွေးမိလိုက်သော ကြောင့် ဖြစ်သည်။

သို့သော် ဆရာတော်ကြီးသည် ရှောင်လင်ကျောင်း၏ တာ ဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်ရာ ခေါင်းရှောင်နေ၍ မဖြစ်နိုင်ချေ။ ရှောင် လင်ကျောင်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရန် အစွမ်းကုန်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရမည် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီးသည် တည်ငြိမ်ရဲဝံ့စွာ လှမ်းထွက်လိုက်လေတော့သည်။ ထိုစဉ်မှာပင် ရှောင်လင်အဖွဲ့သား တစ်ယောက်သည် ကွက်လပ်ရှိရာသို့ အပြေးအလွှား ဝင်ရောက်လာသည်။ ထိုသူသည်ကား ဟုံးပေ့ ဖြစ်ပေသည်။ ဟုံးပေ့သည် ဆရာတော်ကြီးအား ဦးညွှတ်လိုက်ပြီး ...

"ဆရာတော်ကိုယ်တိုင် ယှဉ်ပြိုင်ဖို့ မလိုအပ်သေးပါဘူး၊ ကျွန်တော်ယှဉ်ပြိုင်ဖို့ ကျန်ပါသေးတယ် ... ကျွန်တော့်ကို ခွင့်ပြုပါ"

ဆရာတော်ကြီးမှာ မွန်ဂိုသိုင်းသမားနှင့် ယှဉ်ပြိုင်လိုခြင်း မရှိပေ။ သို့သော် ကျောင်းတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရမည့် တာဝန် ရှိနေသောကြောင့် မလွှဲမရှောင်သာ ယှဉ်ပြိုင်တိုက်ခိုက်ရန် ထွက်လာခဲ့ရခြင်း ဖြစ်သည်။

ဖြစ်နိုင်လျှင် ယှဉ်ပြိုင်တိုက်ခိုက်ခြင်းကို ရှောင်ရှားလိုသူ ဖြစ်သည်။ ထိုအခြေအနေတွင် ဟုံးပေ့ ဝင်ရောက်လာသောကြောင့် ဆရာတော်ကြီးမှာ ရင်ထဲ၌ အနည်းငယ် ပေါ့ပါးသွားရသည်။

သူသည် ဟုံးပေ့၏ သိုင်းပညာအဆင့်အတန်းကို သိမြင်ဖူးခြင်း မရှိသော်လည်း ဟုံးပေ့နှင့်မွန်ဂိုသိုင်းသမားတို့ ယှဉ်ပြိုင်တိုက်ခိုက်ကြသည်ကို လေ့လာလျှင် မွန်ဂိုသိုင်းသမား၏ သိုင်းကွက် အဝင်အထွက် အနုတ်အသိမ်းကို စောစောကထက် ပို၍ လေ့လာအကဲခတ်



နိုင်လိမ့်မည်ဟု တွေးမိသည်။ ထို့ကြောင့် အသာအယာ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... အစစအရာရာ သတိထားပြီး ယှဉ်ပြိုင်ပါ"

ဟုံးပေ့ ဦးညွှတ်လိုက်သည်။

ထို့နောက် သိုင်းပညာယှဉ်ပြိုင်ရာ ကွက်လပ်ဆီသို့ ထွက်ခွာသွားလေသည်။ ရှောင်လင်ကျောင်းရှေ့ရှိကွက်လပ်တွင် အဆောင်မှူး ဟုံးပေ့နှင့် မွန်ဂိုသိုင်းသမားတို့မျက်နှာချင်းဆိုင် ရပ်မိကြပြီ ဖြစ်သည်။

ဟုံးပေ့သည် မွန်ဂိုသိုင်းသမားအား တစ်ချက်မျှ အကဲခတ်ကြည့်လိုက်သည်။

"ကျုပ်တို့ မယှဉ်ပြိုင်ခင် စကားတစ်ခွန်းလောက် မေးပါရစေ"

မွန်ဂိုသိုင်းသမားက ထီမထီဟန်ဖြင့် ပြုံးလိုက်သည်။

"မေးပါဗျာ ... မေးနိုင်ပါတယ်"

"အခု ကျုပ်တို့ယှဉ်ပြိုင်တာဟာ သိုင်းပညာသက်သက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ သိုင်းကွက်တစ်ရာကျော်လာသည့်တိုင်အောင် ဟုံးပေ့အား အသာစီးမှ တိုက်ခိုက်နိုင်ခြင်းမရှိခဲ့သည်ကို သတိပြုမိသောကြောင့် ဖြစ်၏။

မွန်ဂိုသိုင်းသမားသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ စိတ်မရှည်နိုင်အောင်ဖြစ်လာရသည်။ ထို့ကြောင့် သူသည် နောက်ဆုံးသိုင်းကွက် ထုတ်သုံးလိုက်လေတော့သည်။

"ယား"

မွန်ဂိုသိုင်းသမား၏ မာန်သွင်းအော်ဟစ်လိုက်သောအသံသည် ရှောင်လင်ကျောင်းတစ်ဝိုက် ပဲ့တင်ရိုက်ခတ်သွား၏။ အသံနှင့်အတူ မွန်ဂိုသိုင်းသမား၏ခန္ဓာကိုယ်သည် လေထဲသို့ ဝဲပျံမြောက်တက်သွားသည်။

ဟုံးပေ့သည်လည်း လေထဲသို့ လိုက်ပါခုန်တက်သွား၏။ သူတို့နှစ်ယောက် လေထဲ၌ နီးကပ်စွာ ပူးကပ်သွားကြသည်။ တစ်ပြိုင်တည်းဆိုသလိုပင် လက်ဝါးတစ်ချက်စီ ရိုက်ထုတ်လိုက်ကြ၏။

လွန်စွာ လျင်မြန်လှသောကြောင့် လေထဲ၌ မည်သို့ တိုက်ခိုက်လိုက်ကြသည်ကိုပင် သဲကွဲစွာ မတွေ့မြင်ကြရပေ။ သူတို့နှစ်ယောက်စလုံး ကျွမ်းတစ်ပတ်စီပစ်လျက် မြေသို့ ပြန်လည်ကျရောက်လာကြသည်။

သို့သော် ဟုံးပေ့မှာ တည်တည်ငြိမ်ငြိမ် ကျရောက်လာခြင်း



မဟုတ်ပေ။ မြေပေါ်သို့ ခြေချမိသည်နှင့် သူ၏ခန္ဓာကိုယ်သည် ပြင်းထန်စွာ ယိမ်းယိုင်သွားပြီး ခြေလေးငါးလှမ်းခန့် နောက်သို့ဆုတ်သွားရသည်။

လက်တစ်ဖက်ကလည်း ရင်ဘတ်ကို အုပ်ထားသည်။ မွန်ဂိုသိုင်းသမား၏လက်ချက်ဖြင့် ဒဏ်ရာရရှိသွားကြောင်း သိသာနိုင်လေသည်။

မွန်ဂိုသိုင်းသမားသည် ဂုဏ်ယူစွာဖြင့် ခါးထောက်ရပ်လျက်ရှိ၏။ သူသည် ကျေနပ်စွာပြုံးလိုက်ပြီး ရှောင်လင်ဂိုဏ်းချုပ်ဘက်လှည့်၍ ဦးညွတ်လိုက်သည်။

"ကိုင်း ... ခင်ဗျားတပည့် ရှုံးသွားပြန်ပြီ၊ ခင်ဗျားကိုယ်တိုင်ထွက်ပြီး ယှဉ်ပြိုင်ဖို့ပဲ လိုတော့တယ်"

"ကျုပ် မရှုံးပါဘူးဗျ"

မွန်ဂိုသိုင်းသမား၏စကားအဆုံး၌ ဟုံးပေ့က ကြားဖြတ်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ပြုံးနေသော မွန်ဂိုသိုင်းသမား၏မျက်နှာချက်ချင်းပင် ရှုံ့မဲ့သွားသည်။

ထိုစဉ်မှာပင် ဟုံးပေ့သည် တစ်စုံတစ်ရာကို လက်ညှိုး လက်မဖြင့် ညှပ်ကိုင်လျက် ဖော့ယမ်းပြလိုက်သည်။ မွန်ဂိုသိုင်းသမားသည် မျက်လုံးမျက်ဆန်ပြူးကျယ်သွားပြီး ကမန်းကတန်းပင် သူ၏ဝတ်စုံကို ပြန်လည်ငုံ့ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ်စုံပန်းပွားကြယ်သီးတစ်လုံးမှာ ပြုတ်ထွက်နေသည်ကိုတွေ့ရသည်။ ဟုံးပေ့လက်ထဲမှ အရာဝတ္ထုသည် သူ၏ဝတ်စုံမှ ပန်းပွားကြယ်သီးပင် ဖြစ်ပေတော့သည်။

ဟုံးပေ့သည် မွန်ဂိုသိုင်းသမားနှင့် လေထဲ၌ ရင်ဆိုင်မိစဉ် မွန်ဂိုသိုင်းသမား၏ တိုက်ခိုက်မှုကို လုံးဝရှောင်တိမ်းခြင်းမပြုဘဲ မွန်ဂိုသိုင်းသမား၏ ပန်းပွားကြယ်သီးကို အနာခံပြီး အရယူလိုက်ခြင်းပင် ဖြစ်သည်။

မွန်ဂိုသိုင်းသမားမှာ မည်သို့မျှမတတ်နိုင်တော့ဘဲ ပေးထားသည့် ကတိအတိုင်း ဟုံးပေ့အား အရှုံးပေးလိုက်ရလေတော့သည်။ သူသည် ရှောင်လင်ကျောင်းထိုင်ဆရာတော်အား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

"ဒီပွဲမှာတော့ ကျုပ်ရှုံးသွားပါပြီ"

ပြောပြောဆိုဆိုဖြင့် မွန်ဂိုသိုင်းသမားသည် ချာခနဲ နောက်လှည့်၍ ထွက်ခွာသွားသည်။ သူ၏ကိုယ်ရံတော်နှစ်ယောက်သည်လည်း သူ၏နောက်မှ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်ပါသွားကြလေတော့သည်။

✵



ရှောင်လင်အဖွဲ့သားများမှာ ဝမ်းသာအားရဖြစ်လျက်ရှိကြသည်။ မွန်ဂိုသိုင်းသမားကို အနိုင်ယူခဲ့သည့် အဆောင်မှူး ဟုံးပေ့အား ဝိုင်းဝန်းချီးကျူးဩဘာပေးကြသည်။

နိုင်အမည်ရှိ ကျောင်းသားမှာမူ စိတ်လိုလက်ရ ဝမ်းသာနိုင်ခြင်း မရှိခဲ့ပေ။ အကြောင်းမှာ သူ့ဆရာဟုံးပေ့သည် ယှဉ်ပြိုင်တိုက်ခိုက်ရာမှ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရှိထားသောကြောင့် ဖြစ်လေသည်။

"ဆရာ ... ဆရာ့ဒဏ်ရာ ဘယ့်နှယ်နေလဲဟင်"

နိုင်အမည်ရှိ ကျောင်းသားက စိုးရိမ်တကြီး မေးလိုက်သည်။ ဟုံးပေ့က မချိပြုံး ပြုံးပြလိုက်၏။

"မဆိုစလောက်ကလေးပါကွာ"

'ဝေါ့'

ပြောဆိုနေရင်းမှ ဟုံးပေ့၏ပါးစပ်ထဲမှာ သွေးများ အန်ထွက်လာသည်။ ဟုံးပေ့က လက်ခုံဖြင့် အသာအယာ သုတ်ဖယ်လိုက်သည်။

ထိုစဉ် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး အနားသို့ ရောက်ရှိလာပြီး ဟုံးပေ့၏ပခုံးကို ပုတ်လိုက်သည်။

"မင်း အခု အနိုင်ရလိုက်တဲ့အတွက် ငါ မင်းကို ကျေးဇူးတင်တယ်၊ ရှောင်လင်ကျောင်းရဲ့အတွက်လည်း ဂုဏ်ယူစရာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ဂိုဏ်းချုပ် ဝေ့ကျောင်းမှာ ဂိုဏ်းချုပ်ကြီး စကားကြောင့် မကျေမနပ် ဖြစ်သွားသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... ဟုံးပေ့ဟာ မွန်ဂိုသိုင်းသမားကို နိုင်လိုက်တာတော့ ဟုတ်ပါပြီ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ရင်း ကြားဖြတ်မေးလိုက်သည်။ ဝေ့ကျောင်းသည် ခေါင်းငုံ့လိုက်ပြီး လေးလေးပင်ပင် ပြန်ဖြေလိုက်သည်။

"သူအနိုင်ယူလိုက်တာဟာ ရှောင်လင်သိုင်းကွက်မဟုတ်တဲ့အတွက် သူ့အစား ကျုပ်တော့ရှက်မိပါရဲ့"

ဝေ့ကျောင်း၏စကားကြောင့် ဂိုဏ်းချုပ်ကြီးမှာ တဒင်္ဂမျှ တွေဝေသွားမိလေသည်။ အတန်ကြာမှ ဆတ်ခနဲခေါင်းညိတ်လိုက်၏။

"ဒါလည်း ဟုတ်တာပဲ"

ဂိုဏ်းချုပ်ကြီးသည် အဆောင်မှူး ဟုံးပေ့ဘက်လှည့်ကာ

"ဒါနဲ့ မင်းက ဘာဖြစ်လို့ တခြားသိုင်းကွက်ကို အသုံးပြုရတာလဲ"

အဆောင်မှူး ဟုံးပေ့သည် မချိတင်ကဲ ပြုံးပြရင်း ...

"ကျုပ် ... ကျုပ် အနိုင်ယူချင်တဲ့စိတ်က ပြင်းပြနေတာမို့



ဘယ်သိုင်းပညာရယ်လို့ ခွဲခြားရွေးချယ်မနေတော့ဘဲ အခြေအနေအရ အသုံးပြုလိုက်ရတာပါ"

ဂိုဏ်းချုပ်ကြီးသည် ဟုံးပေ့၏ဆင်ခြေကို ဘဝင်မကျလှသော်လည်း ထိုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထပ်မံ မပြောတော့ချေ။ ခေါင်းကို အသာအယာ ညိတ်ရင်း ...

"ဘာပဲဖြစ်ဖြစ်လေ ... မင်းဟာ ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခဲ့တဲ့အတွက် ကျနေတဲ့ပြစ်ဒဏ်က လွတ်ငြိမ်းခွင့် ပေးလိုက်ပါ့မယ်"

ဟုံးပေ့က ဦးညွှတ်အရိုအသေပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

အဆောင်မှူးဟုံးပေ့သည် သူ၏အခန်းထဲ၌ လဲလျောင်း အနားယူလျက်ရှိသည်။ သူသည် ကျမ်းစာတိုက်ကို ထိန်းသိမ်း စောင့်ရှောက်ရသည့် အဆောင်မှူးဖြစ်သောကြောင့် ကျမ်းစာအမျိုးမျိုးကို လေ့လာဖတ်ရှုရင်း ပညာအသီးသီး၏ သဘောတရားကို တီးမိခေါက်မိ နားလည်နေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် မွန်ဂိုသိုင်းသမားနှင့် တိုက်ခိုက်ရာမှ ရရှိခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာ၊ မည်သို့သော ဒဏ်ကြေဆေးဖြင့် ကုသရမည်ကို နားလည်နေရသည်။

သို့သော် ရရှိထားသော ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် လတ်တလော သက်သာပျောက်ကင်းခြင်း မရှိခဲ့ပေ။ သူ၏တပည့် နှိုင်အမည်ရှိ ကျောင်းသား စိတ်မကောင်းဖြစ်မည်စိုး၍ ဟန်ဆောင်ပြုံးနေရတော့လေသည်။

နှိုင်အမည်ရှိ ကျောင်းသားသည် လက်ထောက်ဂိုဏ်းချုပ်ကြီး ဝေ့ကျောင်း၏စကားကို မကျေမနပ် ဖြစ်လျက် ရှိနေသည်။

"လက်ထောက်ဂိုဏ်းချုပ်ကြီးကို ကျွန်တော်လုံးဝ မကျေနပ်နိုင်ဘူးဗျာ"

"ဘာဖြစ်လို့လဲကွ"

"သူက ဆရာ့ကို ရှောင်လင်ကျောင်းရဲ့သိုင်းကွက်ကို အသုံးမပြုရကောင်းလားဆိုပြီး သက်သက်မဲ့ အပြစ်ရှာနေတာမို့ပါ"

ဟုံးပေ့သည် သက်ပြင်းမှုဉ်းမှုဉ်း တစ်ချက်ချလိုက်သည်။

"အင်း ... လက်ထောက်ဂိုဏ်းချုပ်ကြီးဟာ စိတ်ရင်းတော့ မဆိုးရှာပါဘူး၊ ဒါပေမဲ့ ရှောင်လင်မှ ရှောင်လင်ဆိုတဲ့ တယူသန်စိတ်ကြောင့် ခက်နေတာ"

"ဟုတ်တယ် ဆရာ ... သူ ရှုံးသွားတာကို ဆရာက ဝင်ပြီး သိက္ခာဆည်ပေးတာတောင် သူက ကျေးဇူးတင်ရကောင်းမှန်းမသိဘဲ



ဆီလိုအပေါက်ရှာပြီး အပြစ်ပြောရက်တယ်"

နှိုင်အမည်ရှိ ကျောင်းသားက မကျေနိုင် မချမ်းနိုင် ပြောလိုက်သည်။ ဟုံးပေ့က ခေါင်းညိတ်လိုက်လေသည်။

"ဒါကြောင့် ငါ့အနေနဲ့ သူ့ကို အပြင်လောကသွားပြီး လေ့လာစေချင်တယ်၊ ဒါမှလည်း သိုင်းပညာနဲ့ ပတ်သက်ပြီး အတွေ့အကြုံသစ်တွေ ရနိုင်မယ်၊ ကိုယ့်ရဲ့သိုင်းပညာကိုလည်း လိုက္ကက် ဟာကွက် ဖြည့်စွက်ပြီး ဆန်းသစ်တီထွင်နိုင်မယ်"

ဒဏ်ရာမှ နာကျင်လာသောကြောင့် ဟုံးပေ့မှာ မျက်နှာရှုံ့မဲ့သွားသည်။ တစ်ခဏကြာမှ စကားဆက်ပြန်သည်။

"ဒီအတိုင်းသာဆိုရင်တော့ တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ ရှောင်လင်ကျောင်းတော်ကြီးဟာ တစ်နေ့တခြား မှေးမှိန်ဖို့ပဲ ရှိတော့တယ်"

ရှောင်လင်ကျောင်းတော်၏ လက်ရှိအနေအထားမှာ အမှန်ပင် ရင်လေးဖွယ်ရာ ဖြစ်နေသည်။ ရှောင်လင်ကျောင်းမှ အဖွဲ့ခေါင်းဆောင်များသည် တစ်ချိန်က အောင်မြင်ခဲ့သည့်အရှိန်အဝါကို နှစ်သိမ့်ရောင့်ရဲလျက် ရှိနေကြသည်။

ပြင်ပလောကအား တစေ့တစောင်း လေ့လာခြင်းမပြုကြချေ။ ပြင်ပလောက၌ သိုင်းပညာနှင့် ပတ်သက်၍ တီထွင်ဆန်းသစ်မှုများ ရှိနေသည်ကို လုံးဝ မျက်ကွယ်ပြုထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟုံးပေ့သည် ရှောင်လင်ကျောင်းနှင့် ပတ်သက်၍ ရင်လေးနေမိရခြင်းပင် ဖြစ်ပေသည်။ စိတ်လှုပ်ရှားမှုကြောင့် ဟုံးပေ့၏ဒဏ်ရာ အခြေအနေမှာ အနည်းငယ် ဆိုးရွားလာသည်။

ချောင်းတဟွပ်ဟွပ်ဆိုးလာ၏။ ချောင်းဆိုးဖန်များလာသောအခါ ပါးစပ်မှ သွေးများဝေါခနဲ အန်ထွက်လာသည်။ နှိုင် အမည်ရှိ ကျောင်းသားမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ သူသည် ဟုံးပေ့အား ကပျာကယာ ဖေးမလိုက်ပြီး ...

"ဆရာ ... ဆရာ ဘာဖြစ်သွားသေးလဲ"

ဒဏ်ရာပြင်းထန်စွာ ခံစားနေရသည့်တိုင် ဟုံးပေ့သည် ကြိတ်မှိတ်သည်းခံလျက် ဟန်ဆောင်ပြုံးလိုက်လေသည်။

"အို ... ဘာမှမဖြစ်ပါဘူးကွာ"

ဟုံးပေ့သည် စားပွဲပေါ်မှ ဆေးလုံးတစ်လုံးကို လှမ်းယူပြီး စကားဆက်လိုက်သည်။

"ဒီဒဏ်ကြေဆေးလုံးကို သောက်လိုက်ရင် မကြာခင် ပျောက်သွားမှာပါ။ ကဲ ကဲ ... မင်းလည်း ပင်ပန်းနေရော့ပေါ့ကွာ၊ သွားပြီး အနားယူလိုက်ပါဦး"

နှိုင်အမည်ရှိ ကျောင်းသားသည် ဟုံးပေ့၏ ဒဏ်ရာမှာ အတော်ပင်ပြင်းထန်ကြောင်း ရိပ်စားမိသည်။ ထို့ကြောင့် သူ့ဆရာ ဟုံးပေ့က အတွင်တွင်နှင်ထုတ်နေသည့်တိုင် ထွက်မသွားဘဲ



ပေကတ် ရပ်လျက် ရှိနေသည်။ လိုအပ်လျှင် ကိုယ်ဖိရင်ဖိ ပြုစုနိုင်ရန် သူ့ဆရာ ထံပါးမှ ထွက်ခွာမသွားခြင်းဖြစ်သည်။

ဟုံးပေ့က စိတ်မရှည်နိုင်ဟန်ဖြင့် လက်ကို ဝှေ့ယမ်းလိုက်သည်။

"ကဲ ငါ့တပည့် ... မင်းသွားတော့၊ ငါ ဘာမှ မဖြစ်ဘူး"

"ဆရာကလည်း ဒီလောက်ဒဏ်ရာရထားတာ ... ဘာမှ မဖြစ်ဘူးဆိုတာ ဟုတ်နိုင်ပါ့မလား"

"အိုကွာ ... ငါက မင်းကို လိမ်ပြောနေရမှာလား၊ ကဲ သွားသွား ... ငါလည်း အနားယူလိုက်ဦးမယ်"

နှိုင်အမည်ရှိ ကျောင်းသားမှာ ဘာမျှ မတတ်နိုင်တော့ချေ။ သူ့ဆရာဟုံးပေ့ကို စိတ်မချဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် အခန်းထဲမှ ထွက်ခွာသွားသည်။

သူ့ဆရာအတွက် စိတ်မချနိုင်အောင် ဖြစ်နေရလေသည်။

✹

နှိုင်အမည်ရှိကျောင်းသားသည် ဟုံးပေ့အခန်းထဲမှ ထွက်လာပြီးနောက် မည်သည့်နေရာသွားရမှန်းမသိဘဲ ယောင်လည်လည် ဖြစ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်အစဉ်မှာ ထွေပြားလျက်ရှိနေသည်။ သူသည် ခြေဦးတည့်ရာပင် လျှောက်သွားလျက်ရှိ၏။ သိုင်းပညာလေ့ကျင့်ရာခန်းမအဝသို့ ရောက်ရှိနေသည်ကိုပင် သူ သတိမပြုမိချေ။ သူ့ဆရာဒဏ်ရာအကြီးအကျယ် ရထားသည်ကိုသာ တွေးရင်း စိတ်ထဲ၌ထိခိုက်ကြေကွဲနေမိလေသည်။

“ဒီနေ့ကစပြီး မင်းတို့တစ်တွေ ကျောင်းတော်ရဲ့ သိုင်းပညာကို ကြိုးစားသင်ယူကြ”

ခန်းမထဲမှ ထွက်ပေါ်လာသော လက်ထောက်ဂိုဏ်းချုပ်ဝေ့ကျောင်းအသံကြောင့် နှိုင်အမည်ရှိ ကျောင်းသားသည် ခြေလှမ်းကို ရပ်တန့်လိုက်မိသည်။

ခန်းမဆောင်ထဲမှ စကားသံများ ဆက်လက်ထွက်ပေါ်လာသည်။

“မင်းတို့ကို အထူးသတိပေးချင်တာကတော့ ရှောင်လင်ကျောင်းရဲ့ သိုင်းပညာဟာ စစ်မှန်မြင့်မြတ်ပြီး ထက်မြက်တဲ့ ပညာဆိုတာ နားလည်ထားဖို့နဲ့ တခြားကလာတဲ့ သိုင်းပညာတွေဟာအောက်တန်းကျ ယုတ်ညံ့တဲ့ သိုင်းပညာဆိုတာ ခွဲခြားနားလည် သိရှိထားဖို့ပဲ”

နှိုင်အမည်ရှိ ကျောင်းသား၏ရင်ထဲ၌ တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခံရသလို အုန်းခနဲ ဖြစ်သွားသည်။ လက်ထောက်ဂိုဏ်းချုပ်



အမြင့်ကျဉ်းမြောင်းမှုကို လုံးဝ ဘဝင်မကျအောင်ဖြစ်သွားရပေသည်။

လက်ထောက်ဂိုဏ်းချုပ် ဝေ့ကျောင်းထံမှ စကားသံ ထပ်မံထွက်ပေါ်လာနေလေသည်။

“ဟုံးပေ့က မွန်ဂိုသိုင်းသမားကို နိုင်လိုက်တာ မင်းတို့ အားမကျနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ရှောင်လင်ကျောင်းရဲ့ သိုင်းပညာနဲ့ အနိုင်ယူခဲ့တာ မဟုတ်လို့ဘဲ၊ သူ့ရဲ့သိုင်းပညာဟာ အောက်တန်းကျတဲ့သိုင်းပညာလို့ ဆိုရလိမ့်မယ်”

ထိုစကားကို ကြားရသောအခါ နှိုင်အမည်ရှိ ကျောင်းသားမှာ လုံးဝသည်းခံနိုင်စွမ်း မရှိတော့ဘဲ ဖြစ်သွားသည်။ သူသည် လက်ထောက်ဂိုဏ်းချုပ်ဝေ့ကျောင်းထံ လျှောက်သွားပြီး ...

“ဆရာဟုံးပေ့ကို ဒီလိုနှိမ့်ချမပြောပါနဲ့ဗျာ”

ရုတ်တရက်ဝင်ရောက်လာသော နှိုင်အမည်ရှိ ကျောင်းသားကြောင့် ဝေ့ကျောင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နောက်မှသတိဝင်လာပြီး နှိုင်အမည်ရှိ ကျောင်းသားအား မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

“နေပါဦး ... မင်းက ဟုံးပေ့ဘက်ကနေပြီး ဘာများပြောဦးမလို့လဲ”

နှိုင်အမည်ရှိ ကျောင်းသားသည် ရင်ကော့လိုက်ပြီး ရဲဝံ့စွာပင် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဟုံးပေ့ဟာ ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာအတွက် ကိုယ့်အသက်တောင် ကိုယ်မနှမြောဘဲ အနာခံပြီး အနိုင်ယူတိုက်ခိုက်ခဲ့တာကို အားလုံးမျက်မြင်ပါပဲ"

"ဒါပေမဲ့ သူက ရှောင်လင်ကျောင်းရဲ့ သိုင်းပညာနဲ့ အနိုင်ယူနိုင်ခဲ့တာ မဟုတ်ဘူးလေ၊ ဒါကိုလည်း သတိထားဦးမှပေါ့"

"ဘာပဲဖြစ်ဖြစ် မွန်ကိုသိုင်းသမားကို အနိုင်ယူနိုင်ခဲ့တယ် မဟုတ်လား၊ ဘယ်သိုင်းပညာနဲ့ ယှဉ်ပြိုင် ယှဉ်ပြိုင် ... ရှောင်လင်ကျောင်းက နိုင်ဖို့ အဓိကပဲလေ"

နှိုင်အမည်ရှိ ကျောင်းသား၏စကားကြောင့် ဇေ့ကျောင်းမှာ ဒေါသထွက်လာလေ၏။

"အံမယ် ... မင်း ငါ့ကိုတောင်ပြန်ပြီး စောဒကတက်နေပါလား"

"ကျွန်တော် အမြင်မှန်ကို ပြောနေတာပါ"

ဇေ့ကျောင်းသည် နှိုင်အမည်ရှိ ကျောင်းသားအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။ ပြီးနောက် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"ခုလောက်ဆိုရင် မင်း ဟုံးပေ့ဆီကသိုင်းပညာတွေအတော်များများ သင်ယူခဲ့ပြီးရောပေါ့၊ ဒီတော့ ဘယ်သိုင်းပညာက ပိုပြီးသာတယ်ဆိုတာ သိရအောင် မင်းနဲ့ငါ ယှဉ်ပြိုင်ကြရအောင်"



နှိုင်အမည်ရှိ ကျောင်းသား ခေါင်းငုံ့လိုက်သည်။

"ကျွန်တော် မယှဉ်ဝံ့ပါဘူးဗျာ"

"ဘာလဲ ... မင်း သတ္တိမရှိဘူးလား"

"သတ္တိတော့ရှိပါတယ်"

နှိုင်အမည်ရှိကျောင်းသား ပြန်ပြောစကားရှာမရတော့ချေ။ ခေါင်းငုံ့ထားပြီး နှုတ်ဆိတ်နေလိုက်၏။ ဇေ့ကျောင်းမှာ ဒေါသအရှိန် မသေနိုင်သေးဘဲ ဖြစ်နေသည်။

"မင်း ငါနဲ့ယှဉ်မလား၊ မယှဉ်ဘူးလား"

နှိုင်အမည်ရှိ ကျောင်းသားသည် ပြန်မပြောဘဲ ခေါင်းကို ငုံ့မြဲငုံ့ထားလိုက်သည်။

'ဖြန်း'

လက်ထောက်ကိုဏ်းချုပ်ဇေ့ကျောင်းက နှိုင်အမည်ရှိ ကျောင်းသား၏ပါးပြင်ကို လှမ်းရိုက်သည်။ လက်ဝါးရိုက်ချက်မှာ ပြင်းထန်သောကြောင့် နှိုင်အမည်ရှိကျောင်းသားမှာ ခန္ဓာကိုယ်တစ်ချက် ယိမ်းယိုင်သွားလေသည်။

ဇေ့ကျောင်းမှာ ဒေါသအရှိန် မပြေနိုင်ဘဲရှိနေရာ ထပ်မံရိုက်ချလိုက်ပြန်သည်။ နှိုင်အမည်ရှိ ကျောင်းသားမှာ မည်သို့မျှ မတတ်နိုင်တော့ဘဲ ဝုန်းခနဲ လွင့်စဉ်လဲကျသွားရတော့သည်။

လက်ထောက်ကိုဏ်းချုပ် ဇေ့ကျောင်းသည် တံခါးဝသို့

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးညွှန်ပြရင်း ...

"သွား ... မင်း ထွက်သွားစမ်း"

ဝေ့ကျောင်းက စိတ်မရှည်နိုင်သည့်လေသံဖြင့် လှမ်းအော်သည်။ နိုင်အမည်ရှိကျောင်းသားသည် ဘာမျှပြန်မပြောတော့ဘဲ အခန်းတွင်းမှ လှစ်ခနဲ ပြေးထွက်သွားသည်။

အခန်းပြင်သို့ရောက်သည့်တိုင် မရပ်မနားတော့ချေ။ ခြေဦးတည့်ရာ ပြေးလေတော့သည်။

ကြယ်မစုံ လမသာသောည ဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ ညဉ့်နက်လှပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

နိုင်အမည်ရှိကျောင်းသားသည် တစ်နေ့လုံး စိတ်ပြေလက်ပျောက် ခြေဦးတည့်ရာ သွားနေရာမှ ပြန်လည်ရောက်ရှိလာသည်။ သူသည် တံခါးကိုတွန်း၍ အခန်းထဲ ဝင်လိုက်သည်နှင့် အဆောင်မှူး ဟုံးပေ့က သူ့အား ပြုံး၍နှုတ်ဆက်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။ နိုင်အမည်ရှိကျောင်းသားမှာ ကြောင်အမ်းအမ်း ဖြစ်သွားရ၏။



"ဟင် ... ဆရာမအိပ်သေးဘူးလား"

"မအိပ်သေးပါဘူးကွာ"

ဟုံးပေ့သည် စားပွဲပေါ်မှ ဖုံးအုပ်ထားသော ပန်းကန်ပြားများကို ညွှန်ပြပြီး စကားဆက်လိုက်သည်။

"မင်း မနက်စာလည်း ပြန်မစားပါလား၊ ဒါကြောင့် ငါ မင်းဖို့ ချန်ထားတာ"

နိုင်အမည်ရှိကျောင်းသားသည် လေးလံသော ခြေလှမ်းအစုံဖြင့် စားပွဲရှိရာသို့ လျှောက်လာလေသည်။ ထို့နောက် စားပွဲပေါ်မှ အဝတ်ဖြင့် ဖုံးအုပ်ထားသည့် ဟင်းပန်းကန်များကို လှမ်းကြည့်၏။

"မင်းကွာ ဝေ့ကျောင်းနဲ့မှသွားပြီး ရန်ဖြစ်ရတယ်လို့"

ဟုံးပေ့၏စကားကြောင့် နိုင်အမည်ရှိ ကျောင်းသားမှာ အံ့အားသင့်သွားသည်။

"ဟင် ... ဒီအကြောင်းတွေ ဆရာသိတယ် ... ဟုတ်လား"

"သိတာပေါ့ကွာ ... ငါ အားလုံးကြားပြီးပြီ"

နိုင်အမည်ရှိကျောင်းသားသည် ခေါင်းညိတ်ဝန်ခံရင်း ...

"ဟုတ်တယ် ဆရာ"

"လက်ထောက်ဂိုဏ်းချုပ်ကြီးက ဆရာ့ကို မတရားပြောလို့ ကျွန်တော် ဝင်ပြောမိတာပါ"

ဟုံးပေ့သည် စိတ်မသက်သာဟန်ဖြင့် သက်ပြင်းရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်လေသည်။

"အင်း ... ဂိုဏ်းချုပ်ကြီးကလည်း အိုမင်းမစွမ်းဖြစ်နေပြီ၊ သူ့အရိုက်အရာကို ဆက်ခံနိုင်မယ့်လူအနေနဲ့ ဝေ့ကျောင်းပဲရှိတယ်၊ ဝေ့ကျောင်းကလည်း ရှောင်လင်မှရှောင်လင်ဆိုတဲ့ တစ်ဖက်သတ် အယူအဆရှိနေတော့ ရှောင်လင်ရဲ့နောင်ရေးဟာ တကယ်တွေးကြည့်ရင် ရင်လေးစရာပဲ"

နှိုင်အမည်ရှိကျောင်းသားသည် ခေါင်းငုံ့ထားလျက် ဟုံးမေ့ပြောသမျှ နားထောင်လျက်ရှိနေပေသည်။ ဟုံးမေ့သည် နှိုင်အမည်ရှိ ကျောင်းသားအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်ပြန်သည်။

"မင်းကို ငါပြောရဦးမယ် ... မင်း အခုလိုရှောင်လင်ကျောင်းမှာ ဆက်နေမယ်ဆိုရင် မင်းအတွက် ဓာတ်လမ်းရှိဖို့ ငါမမြင်ဘူး၊ ဒါကြောင့် ..."

ဟုံးမေ့သည် စကားကို တစ်ပိုင်းတစ်စဖြတ်လျက် ထိုင်ရာမှထကာ လက်နှစ်ဖက်နောက်ပစ်ချ၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ အတန်ကြာမှ ခြေအစုံကို ရပ်တန့်လိုက်ပြီး ...

"မင်းရဲ့ဉာဏ်ပညာနဲ့ပါရမီအရဆိုရင် မင်းဟာ တစ်နေ့နေ့မှာ ကိုယ်ပိုင်ဂိုဏ်းနဲ့ ဖြစ်လာလိမ့်မယ်"

ဟုံးမေ့သည် ပေထုပ်တစ်ထုပ်ကို ယူလိုက်သည်။ ထို့နောက် ပေထုပ်ကြားမှ ငွေတုံးကလေးများ နှိုက်ယူလိုက်ပြီး နှိုင်အမည်ရှိ



ကျောင်းသား၏လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

"ကဲ ... မင်း အခုချိန်ကစပြီး ရှောင်လင်ကျောင်းက ထွက်သွားပေတော့၊ အပြင်လောကရောက်တာနဲ့ မြင်သမျှ၊ တွေ့သမျှ သိုင်းဆရာတွေဆီက ပညာကို ရအောင်ယူပါ၊ ဆရာတစ်ယောက်၊ နှစ်ယောက်နဲ့ ကျေနပ်မနေဘဲ ရနိုင်သလောက်ရအောင် ပညာရှာဖို့ အမြဲ နှလုံးသွင်းထားပါ"

နှိုင်အမည်ရှိ ကျောင်းသားသည် ဟုံးမေ့ရှေ့၌ ဒူးတုပ်ထိုင်ကာ ဦးညွှတ် အရိုအသေပြုလိုက်သည်။ ဆရာနှင့်ခွဲခွာရတော့မည် ဆိုသော အတွေးက သူ့ရင်ကို တလှိုက်လှိုက် ဖြစ်စေသည်။

အမြင်အာရုံက ဝိုးဝါးလာ၏။ မျက်ရည်စများ မျက်လုံးအိမ်၌ ရစ်သိုင်းလွှမ်းခြုံနေချေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

## လူငယ်

ရာသီဥတုသည် ပြောင်းလဲလျက်ရှိသည်။ အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးနေ၏။ နိုင်အမည်ရှိကျောင်းသား ရှောင်လင်ကျောင်းမှ ထွက်ခွာလာခဲ့သည်မှာ နှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်၏။

ယခုအခါ သူသည် နိုင်အမည်ရှိ ကျောင်းသားမဟုတ်တော့ချေ။ ရှောင်လင်ကျောင်းသားလည်း မဟုတ်တော့ပေ။ သူ့အမည်သည် ကျင်းပေါင်ဟူ၍ ဖြစ်လာသည်။

အသက်အရွယ်မှာ နှစ်ဆယ်နှစ်သို့ ရောက်နေပြီဖြစ်ရာ သူ၏ရုပ်ရည်သည် ထွားကျိုင်းသန်မာသောခန္ဓာကိုယ်နှင့် လိုက်လျောညီစွာ တည်ကြည်ခံ့ညားလာပေသည်။

သူသည် ယခုအချိန် လိန်ကျင်းမြို့သို့ ရောက်ရှိလျက်ရှိသည်။ လိန်ကျင်းမြို့သည် မွန်ဂိုတို့ သိမ်းပိုက်ထားသည့် အချက်အချာကျရာ မြို့ကြီးတစ်မြို့ဖြစ်သည်။

မြို့သူမြို့သားအားလုံး ဓားကို လုံးဝကိုင်ဆောင်ခွင့် မရှိချေ။ မွန်ဂိုများသည် မိမိတို့အား ပြန်လည်ပုန်ကန်ထကြွမည် စိုးသော



ကြောင့် ဓားကို လုံးဝကိုင်ဆောင်ခွင့် မပေးခြင်းဖြစ်၏။

လမ်းတစ်ဖက်တွင် ဓားနှစ်လက်ကိုသာ ထားရှိပေသည်။ မြို့သူမြို့သားများအား ဓားခုတ်ရန် အသုံးပြုခွင့်ပေးထားခြင်း ဖြစ်သည်။

ဓားရှိသောနေရာတွင်လည်း မွန်ဂိုစစ်သည်များကို စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးထားသည်။ ဤဓားမှလွဲ၍ မည်သူမျှ ဓားကိုင်ဆောင်ခွင့်မရှိချေ။

အကယ်၍ ဓားကိုင်ဆောင်သည်ကိုတွေ့ရလျှင် ကြီးလေးသော အပြစ်ဒဏ်ချမှတ်ခံရမည်သာ ဖြစ်၏။ အစစအရာရာ တင်းကျပ်စွာ အုပ်ချုပ်ခြင်း ခံနေရသည့် လိန်ကျင်းမြို့ရှိ နိုင်အမည်ရှိကျောင်းသားတစ်ဖြစ်လဲ ကျင်းပေါင် ရောက်ရှိနေခဲ့ခြင်း ဖြစ်ပေသည်။

နံနက်ခင်းအချိန်ဖြစ်သည်။ လိန်ကျင်းမြို့၏ မင်းလမ်းမတစ်လျှောက်တွင် ဈေးရောင်းဈေးဝယ်များဖြင့် ရှုပ်ထွေးစည်ကားလျက် ရှိနေသည်။

မြို့သူမြို့သားများသည် တစ်နေ့တာချက်ပြုတ်စားသောက်ရေးအတွက် ဝယ်ခြမ်းလျက်ရှိသည့်အချိန် ဖြစ်သည်။ မင်းလမ်းမတစ်လျှောက်၌ ပွဲတော်တစ်ခုပမာ စည်ကားလျက်ရှိနေလေသည်။

ထိုအချိန်တွင် မွန်ဂိုအကြီးအကဲတစ်ဦးသည် စစ်သည်တော်များခြံရံကာ မင်းလမ်းမဆီသို့ ခြေလှမ်းကျဲကျဲကြီးဖြင့် ဝင်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မွန်ဂိုစစ်သည်တော်များ ဝင်ရောက်လာသည်ကို တွေ့ရသောအခါ ဈေးဝယ်သူများသည် နံဘေးသို့ကပ်၍ လမ်းဖယ်ပေးလိုက်ကြသည်။

မွန်ဂိုစစ်သည်များသည် မင်းလမ်းမကြီးသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်လာပြီးနောက် အိမ်တစ်အိမ်ဆီသို့ တစ်ဟုန်ထိုးပြေးသွားကြသည်။

တစ်ခဏအကြာ၌ ပြန်လည်ထွက်လာကြ၏။ အိမ်ရှင်ကို ကြိုးတုပ်လျက် ခေါ်ထုတ်လာခြင်းဖြစ်သည်။ မွန်ဂိုစစ်သည်တစ်ယောက်၏ လက်ထဲတွင် ဓားတစ်လက်ပါရှိလာသည်။

ဤအခြင်းအရာကို တွေ့မြင်ရသည်နှင့် အိမ်ရှင်သည် ဓားတစ်လက်ဝှက်ထားကြောင်း သတင်းရသဖြင့် မွန်ဂိုစစ်သည်များက လာရောက်ဖမ်းဆီးခြင်းဖြစ်ကြောင်း သိသာနိုင်ပေသည်။

အိမ်ရှင်၏ဇနီးသည် ငိုကြွေးလျက် အမျိုးမျိုးတောင်းပန်သည့်တိုင် မွန်ဂိုများက အရေးမစိုက်ချေ။ အိမ်ရှင်ယောကျာ်း ကြမ်းတမ်းစွာ တွန်းထိုးဆွဲခေါ်သွားကြ၏။

အိမ်ရှင်ဇနီးက မွန်ဂိုအကြီးအကဲအား ခြေသလုံးဖက်ပြီး အသနားခံသည်။ မွန်ဂိုအကြီးအကဲသည် အကြင်နာတရားကင်းမဲ့စွာဖြင့် အိမ်ရှင်၏ဇနီးအား ခြေဖြင့်ကန်ချလိုက်သည်။



အိမ်ရှင်၏ဇနီးမှာ မြေပြင်ပေါ် ပက်လက်လန်လဲကျသွားသည်။ အိမ်ရှင်က ဇနီးဖြစ်သူအား သွားရောက်ဖေးမရန် ခြေလှမ်းတုံ့လိုက်သည်။

ထိုအခါ သူ့နောက်မှ လိုက်ပါလာသော မွန်ဂိုစစ်သည်က ခြေဖြင့် ရှေ့သို့ထိုးကန်လိုက်သည်။ အိမ်ရှင်မှာ ဇနီးသည်အား အကူအညီ မပေးနိုင်ဘဲ မွန်ဂိုစစ်သားများ ခေါ်ဆောင်ရာနောက်သို့ ယက်ကန်ယက်ကန်ဖြင့် လိုက်သွားရရှာသည်။

မြင်ကွင်းက ကြေကွဲဖွယ်ရာပင် ဖြစ်သည်။ မင်းလမ်း တစ်လျှောက်မှ လူများသည် ထိုအခြင်းအရာကို မြင်တွေ့ရသည့်အခါ စိတ်ထဲ၌ လွန်စွာပင် ခံပြင်းမိကြသည်။

သို့သော် မွန်ဂိုတို့၏ ဓားမိုးအုပ်စိုးမှုကြောင့် လုံးဝ မစွက်ဖက်ရဲကြပေ။ လေသံမျှပင် မဟဝံ့ကြချေ။

'တောက်'

"တော်တော်လူမဆန်တဲ့ကောင်တွေ"

လမ်းထောင့်တစ်နေရာ၌ ဈေးရောင်းနေသော ဈေးသည်တစ်ဦးက အလွန့်အလွန် မခံမရပ်နိုင်သောကြောင့် နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

သူ့စကားကို မွန်ဂိုအကြီးအကဲက ကောင်းစွာပင် ကြားလိုက်လေသည်။ ထို့ကြောင့် ချာခနဲလှည့်ကာ ဈေးသည်အားကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"မင်း ဘာပြောတာလဲ"

ဈေးသည်သည် မွန်ဂိုအကြီးအကဲကို လုံးဝမကြည့်ဘဲ ဈေး ဗန်းထဲမှ ပစ္စည်းများကို ညီညီညာညာဖြစ်အောင် အတန်းလိုက် လိုက်သည်။

"ကျုပ်ဘာသာ ကျုပ်ပြောနေတာပါ"

"ဟေ့ကောင် ... မင်း ငါ့ကို ညာမနေနဲ့ မင်း ငါတို့မွန်ဂိုတွေ ကို စော်စော်ကားကား ပြောတာကြားတယ်ကွ"

ဈေးသည်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဓားသိမ်းတဲ့လူကို ပြောတာပါ၊ ဒီဓားတစ်လက် တည်းနဲ့ ခင်ဗျားတို့ မွန်ဂိုတွေကို ဘယ်လိုမှ ဒုက္ခမပေးနိုင်ပါဘူး"

မွန်ဂိုအကြီးအကဲသည် ဈေးသည်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ ထို့နောက် ဗန်းထဲမှ ညီညာစွာ စီတန်းထားသည့် ကြွက်ဥပူတင်းမုန့်များကို လှမ်းကြည့်လိုက်သည်။

"မင်း မှန်မှန်ပြောစမ်း ... မင်းမှာလည်း ဓားတစ်လက်ရှိ တယ် မဟုတ်လား"

"ကျုပ်မှာ ဓားရှိတယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ"

"မင်းမှာ ဓားမရှိဘဲနဲ့တော့ ပူတင်းမုန့်တွေဟာ ခုလို ညီညာ မနေနိုင်ဘူး"



မွန်ဂိုအကြီးအကဲက ပူတင်းမုန့်များကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"ဪ ဒါလား ... ညီနေမှာပေါ့၊ ဓားနဲ့လှီးဖြတ်ထားတာ ကိုး"

မွန်ဂိုအကြီးအကဲသည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက် သည်။ မိမိအား ပမာမခန့်ပြုသူကို လှလှကြီးဆုံးမရန် အခွင့်ကောင်း ရပြီဟု တွေးကာ ပြုံးလိုက်ခြင်း ဖြစ်သည်။

"ကိုင်း ... ဒါဖြင့် အဲဒီဓား ပေးစမ်း"

မွန်ဂိုအကြီးအကဲက လက်ဖြန့်လျက် ဓားကို တောင်းလိုက် သည်။ ဈေးသည်က ပခုံးကိုတွန့်လိုက်ပြီး ...

"ခင်ဗျားတို့ ဒီလောက်တောင်လိုချင်မှတော့ ပေးရတော့ မှာပေါ့"

ဈေးသွားဈေးလာများသည် သူတို့အား ခပ်လှမ်းလှမ်းမှ ဝိုင်းအုံကြည့်နေကြသည်။ သူတို့စိတ်ထဲ၌ ဈေးသည် ဒုက္ခရောက်တော့ မည်ကို တွေးမိကာ စိတ်မကောင်းဖြစ်ကုန်ကြသည်။

ထိုစဉ်မှာပင် ဈေးသည်သည် ဗန်းအောက်မှ ဓားတစ် ချောင်းထုတ်ယူပေးလိုက်သည်။ သူ၏ဓားကို မြင်လိုက်ရသောအခါ နံဘေးမှ ကြည့်နေသူများသည် ငိုအားထက်ရယ်အားသန်ဟူသကဲ့သို့ ဝါးခနဲ ဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုအကြီးအကဲ၏ မျက်နှာမှာမူ ရဲခနဲဖြစ်သွားလေသည်။ အကြောင်းမှာ ဈေးသည်ထုတ်ပေးလိုက်သော ဓားမှာ ဓားအစစ် မဟုတ်ဘဲ ဝါးဖြင့်ပြုလုပ်ထားသော ဓားဖြစ်နေသောကြောင့်တည်း။

ထိုအချိန်တွင် မွန်ဂိုစစ်သည်တစ်ဦး ရုတ်တရက်ရောက်ရှိလာကာ ...

"ဆရာ ... ဒီမှာ တွေ့ပြီ"

ပြောပြောဆိုဆို ဓားတစ်လက်ထုတ်ပေးလိုက်၏။ ထိုဓားမှာ စောစောပိုင်းက အခြားတစ်ယောက်ထံမှ သူတို့ သိမ်းဆည်းလာသည့် ဓားဖြစ်သည်။

ယင်းဓားကို တွေ့ရှိလိုက်သည်နှင့် ဈေးသည်မှာ အံ့အားသင့်သွားလေသည်။

"ဒါ ကျုပ်ဓားမှမဟုတ်ဘဲ၊ ခင်ဗျားတို့ ဘယ်ကရလာတာလဲ"

မွန်ဂိုအကြီးအကဲက ရယ်မောလိုက်သည်။ ထို့နောက် ဈေးသည်အား စေ့စေ့ကြည့်လိုက်ပြီး ...

"ဘယ်ကပဲရရ ... မင်းမှာ အပြစ်ရှိတယ်ဆိုတာ ထင်ရှားနေပြီ"

သူသည် ပြောပြီးသည်နှင့် ပူတင်းများထည့်ထားသည့် ဗန်းကို အောက်သို့ ပစ်ချလိုက်လေသည်။ ကျန်သော မွန်ဂိုစစ်သည်များ



ကလည်း ဈေးသည်၏ပူတင်းမုန့်များနှင့် စားပွဲကုလားထိုင်များကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ကြသည်။

ဈေးသည်သည် သူ၏ပစ္စည်းများကို ဖျက်ဆီးခံလိုက်ရသဖြင့် ဝမ်းနည်းပက်လက် ဖြစ်သွားလေသည်။ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိသည်။

မွန်ဂို အကြီးအကဲက တံတွေးပျစ်ခနဲ ထွေးလိုက်ပြီး ...

"ဒီတစ်ခါတော့ မင်းကို ဒီလောက်ပဲဆုံးမလိုက်မယ်၊ နောက်တစ်ခါ ငါတို့ကို မလေးမစားလုပ်ရင် မသက်သာဘူးသာမှတ်"

မွန်ဂိုအကြီးအကဲသည် ဟိန်းဟောက်ပြောဆိုပြီးနောက် သူ့လူများဘက်သို့လှည့်ကာ ရယ်မောလိုက်သည်။ သခင်အားရ ကျွန်ပါး ဝ ဆိုသကဲ့သို့ နောက်လိုက်စစ်သည်များသည် တဟေးဟေး တဟားဟား အားရပါးရ ရယ်မောကာ လမ်းထဲမှ ထွက်ခွာသွားကြလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## ဈေးသည်၏ဒေါသ

ဈေးသည်၏အမည်မှာ ချွန်ချန်းဖြစ်သည်။ သူသည် ဈေးသည်တစ်ယောက်ဖြစ်သော်လည်း ကိုယ့်လူမျိုးနှင့် နိုင်ငံကို အလွန်ချစ်တတ်သော မျိုးချစ်လူငယ်တစ်ယောက် ဖြစ်သည်။

လူရွယ်သည် အသက်နှစ်ဆယ့်ခုနစ်နှစ်မျှ ရှိနေပြီ ဖြစ်သော်လည်း အိမ်ထောင်မပြုဘဲ တစ်ကိုယ်ရေတစ်ကာယပင် ဈေးရောင်းချ၍စားသောက်သောလူငယ်တစ်ယောက် ဖြစ်သည်။

သူသည် ရိုးသားစွာ ရောင်းဝယ်စားသောက်နေရာမှ ယခုကဲ့သို့ မွန်ဂိုစစ်သည်တော်များက သူ၏ချွေးနှင့်ရင်းနှီးထားသော ပစ္စည်းကိရိယာများကို ဖျက်ဆီးသွားသည်ကို ခံပြင်းလာလေသည်။

သူသည် မွန်ဂိုစစ်သည်တို့အပေါ် အခဲမကျေတော့ဘဲ အိမ်သို့ ပြန်ပြေးသွားလေတော့၏။ အိမ်ထဲသို့ ရောက်ရှိသောအခါ အဝတ်တစ်ခုယူပြီး နှာခေါင်းနှင့်ပါးစပ်ကို အုပ်စည်းထားလိုက်လေသည်။

ထို့နောက် သစ်သားဘုတစ်လုံးကို စွဲကိုင်ထွက်လာခဲ့၏။ သူသည် ဤအရပ် ဤဒေသမှ လမ်းများ၏ အနေအထားကို လွန်စွာ



ကျွမ်းကျင်သူဖြစ်သည်။

ထို့ကြောင့်လည်း မွန်ဂိုစစ်သည်များ ပြန်မည့်လမ်း တစ်လျှောက် ဖြတ်လမ်းမှ ကြိုတင်ပြေးလွှားသွားလေသည်။ သူသည် မွန်ဂိုစစ်သည်တော်များ ရောက်လာမည့် လမ်းမှ ကြိုတင်ရောက်နှင့်ပြီး စောင့်နေ၏။

မကြာပါချေ ...။ သူ၏ပူတင်းများကို ဖျက်ဆီးသွားသော စစ်သည်တော်တစ်စု လျှောက်လှမ်းလာနေသည်ကို တွေ့မြင်ရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ဆီး၍တိုက်ခိုက်ရန် သစ်သားဘုကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။ တဖြည်းဖြည်းဖြင့် မွန်ဂိုစစ်သည်တော်များသည် အနီးသို့ ရောက်ရှိလာ၏။

မွန်ဂိုစစ်သည်တော်များ သူနှင့်လက်တစ်လှမ်းအကွာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဈေးသည်ချွန်ချန်းသည် ပုန်းကွယ်ရာမှ ပြေးထွက်လာပြီးလျှင် စတင်တိုက်ခိုက်လေသည်။

မွန်ဂိုစစ်သည်တော်များသည် မမျှော်လင့်ဘဲ အတိုက်ခိုက်ခံလိုက်ရသဖြင့် ဖရိုဖရဲ ဖြစ်သွားလေသည်။ ချွန်ချန်းသည် သိုင်းပညာ အသင့်အတင့်တတ်ထားသော လူငယ်တစ်ယောက် ဖြစ်သည့်အလျောက် သူ့သစ်သားဘုဖြင့် တရကြမ်းတိုက်ခိုက်လိုက်ရာ ခဏ[illegible] မျှသော အချိန်အတွင်းမှာပင် မွန်ဂိုစစ်သည်တော်များ [illegible]ပါ၍

www.burmeseclassic.com

www.burmeseclassic.com



အတုံးအရုံး လဲကျသွားကြလေတော့၏။

သူသည် မွန်ဂိုအကြီးအကဲအား ဘုန့်ထုပြီးနောက် ...

"ဟေ့ ... ငါတို့မှာ ဓားမရှိပေမယ့် သစ်သားဘုန့်လည်း နင်တို့ကို ထုသတ်နိုင်တယ်ဆိုတာ မှတ်ထားကွ"

ဟု အံကို ကြိတ်ကာ ရေရွတ်ပြောဆိုလိုက်၏။ သူသည် ယင်းသို့ပြောနေစဉ် လူငယ်တစ်ယောက်က ရောက်ရှိလာသည်။ ရောက်ရှိလာသော လူငယ်က လက်ညှိုးညွှန်ပြ ပြောဆိုလိုက်သည်။

"မိတ်ဆွေ ဟိုမှာကြည့်စမ်း ... မွန်ဂိုစစ်သည်တစ်ယောက် ထွက်ပြေးတော့မယ်"

ချွန်ချန်းသည် တွေဝေတုံ့ဆိုင်းနေခြင်း မရှိပါချေ။ သူသည် ကမန်းကတန်းဖြင့် ပြေးသွားပြီး ဘုန့်ထုချလိုက်ရာ ထိုမွန်ဂိုစစ်သည် တော်သည် မြေပေါ်သို့ လဲကျပြီး သတိမေ့သွားလေတော့သည်။

ချွန်ချန်းက သူ့အား သတိပေးသော လူငယ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

ချွန်ချန်းက လူငယ်အား ခင်မင်နှစ်လိုဖွယ်ရာ ပြုံး၍ ကျေးဇူး စကားဆိုလိုက်၏။ ဤတွင် လူငယ်ကလည်း သူ့အား တုံ့ပြန်ပြုံးပြ လိုက်၏။

"ကိုယ့်လူမျိုးအချင်းချင်းပဲ ရိုင်းပင်းကူညီရမှာပေါ့ဗျာ"



ကျင်းပေါင်သည် လိန်ကျင်းမြို့သို့ ရောက်ရှိလာသည်မှာ နှစ်နှစ်မျှ ကျော်လာပြီးဖြစ်၏။ သို့ရာတွင် ထိုနှစ်နှစ်မျှသော အချိန် အတွင်း တကယ့်သိုင်းပညာ ထက်မြက်သော သိုင်းပညာရှင်ကို မတွေ့ရသေးပါ။

ထို့ကြောင့် သူသည် သိုင်းပညာရှင်များကို လိုက်လံစုံစမ်းနေ လေသည်။ ယခုညလည်း သူသည် လူပေါင်းစုံ စုဝေးနေသော လက် ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။

လက်ဖက်ရည်ဆိုင်ကား လူပေါင်းစုံလှသည်။ အကြောင်း အရာများစွာကိုလည်း ပြောဆိုနေကြ၏။ သူသည် ထိုသို့ ထွေရာ လေးပါး ပြောဆိုနေကြသံများကို နားစွင့်နေ၏။

ထိုစဉ် သူနှင့်ကပ်လျက်ရှိသောနေရာတွင် လူတစ်စုက သိုင်း ဆရာနှင့် ပတ်သက်သော အကြောင်းများ ဝေဖန်ပြောဆိုနေသည်ကို ကြားလိုက်ရ၏။ သူက သေချာစွာ နားစွင့်လိုက်၏။

"ဟေ့ ... သိုင်းဆရာနန်းကုံးဟာ သိုင်းပညာ သိပ်တော် တယ်ဆို"

လူတစ်ယောက်က စတင်မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ် ... အခုတောင် သူ့တပည့်တွေက တစ်နေ့ တခြား များလာပြီကွ"

"မင်း တကယ်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ၊ အခုဆိုရင် သူ့ဆီမှာ သိုင်းပညာသင်ချင်လို့ သွားရင်တောင် သင်တန်းသားတွေနဲ့ ပြည့်နေတာကို တွေ့ရမယ်"

ကျင်းပေါင် မနေနိုင်တော့ပါ။ သူသည် စကားပြောနေသူများအနီးသို့ ချဉ်းကပ်လိုက်ပြီး ...

"ဒါနဲ့ တစ်ခုမေးပါရစေဗျာ"

သို့သော် စကားပြောနေကြသူများသည် သူတို့စကားဝိုင်းထဲသို့ ကျင်းပေါင် ဝင်ရောက်လာသည်ကို မနှစ်သက်ကြပါ။ ထို့ကြောင့် လူတစ်ယောက်က သူ့အား မျက်မှောင်ကြုတ်၍ ပြန်ကြည့်လိုက်၏။

"မင်းက ဘာမေးမလို့လဲကွ"

ထိုလူ၏လေသံက မနှစ်မြို့ဟန်အပြည့်ပါ၏။ သို့သော် ...

"ခင်ဗျားပြောတဲ့ သိုင်းဆရာနန်းကုံးက ဘယ်မှာနေတယ်ဆိုတာ သိချင်လို့ပါ"

သူသိလိုသော မေးခွန်းကိုလည်း ခပ်အေးအေးပင် မေးလိုက်၏။ ထိုလူ မျက်မှောင်ကြုတ်သွားသည်။

"မင်းက သိုင်းပညာသင်ချင်လို့လား"

"ဟုတ်ပါတယ်"

ထိုလူက အရှေ့ဘက်သို့ ညွှန်ပြလိုက်သည်။

"ကျုပ်ပြတဲ့လမ်းအတိုင်း ဝင်သွား၊ လမ်းဆုံးသွားတာနဲ့



သိုင်းပညာလေ့ကျင့်တဲ့အသံကို ကြားရမယ်"

သူသိလိုသောအဖြေကို ကြားသိရပြီမို့ ထိုသူအား ကျေးဇူးတင်စွာ ပြုံးပြလိုက်၏။ ထို့နောက်တွင် ကျင်းပေါင်သည် လက်ဖက်ရည်ဖိုးရှင်းပြီး ကမန်းကတန်း ထွက်သွားလေတော့သည်။

✵

ဤနေရာသည် ကျယ်ပြန့်သော ခြံဝင်းတစ်ခုဖြစ်သည်။ လူငယ်လူရွယ်များသည် ခြံဝင်းထဲ၌ သိုင်းလေ့ကျင့်နေကြသည်။ သိုင်းလေ့ကျင့်ရာမှ အော်ဟစ်လိုက်သော အသံများသည် ခြံဝင်းထဲ၌ ဆူညံနေသည်။

ကျင်းပေါင်သည် ခြံထဲသို့တိတ်တဆိတ်ဝင်လိုက်ပြီး သစ်ပင်ပန်းပင်များကြားမှ ချောင်းကြည့်လိုက်၏။ ဤတွင် သူသည် သိုင်းဆရာ နန်းကုံးဆိုသူအား တွေ့မြင်လိုက်ရလေတော့၏။

သိုင်းဆရာနန်းကုံးမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသည်ဟု ခန့်မှန်းရသည်။ သူသည် တပည့်များအား သိုင်းပညာရပ်များကို လေ့ကျင့်ပေးနေ၏။

ကျင်းပေါင်သည် သိုင်းဆရာနန်းကုံးက သူ့တပည့်များအား သင်ကြားပေးသည်ကို ကြည့်နေသည်။ သို့ရာတွင် အတန်ကြာမျှရပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးကြည့်လိုက်မိသောအခါတွင်မှ သူသည် စိတ်ပျက်သွားလေတော့သည်။

အကြောင်းမှာ သိုင်းဆရာနန်းကုံး သင်ကြားပေးနေသောပညာများမှာ အလှသက်သက်ကြည့်ရှုမှုသာဖြစ်ပြီး တကယ့်တိုက်ပွဲဝင်ပညာရပ်မဟုတ်မှန်း သိလိုက်ရသောကြောင့်ပင် ဖြစ်လေသည်။ သူသည် ပြန်လှည့်၍ထွက်မည်အပြုတွင် ...

"ရပ်လိုက်"

သိုင်းဆရာနန်းကုံးက သူ့အား တွေ့ရှိကာ ဟန့်တားလိုက်၏။ ကျင်းပေါင်မှာ မတတ်နိုင်တော့ဘဲ ပြန်လှည့်လိုက်ရလေသည်။ သိုင်းဆရာနန်းကုံးက သူ့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"မင်းက ဒီကို ဘာလာလုပ်တာလ"

"ခင်ဗျားတို့ သိုင်းပညာလေ့ကျင့်တာကို လာကြည့်တာပါ"

သိုင်းဆရာနန်းကုံးက သူ့အား မကျေမချမ်းကြည့်၍ မေးလိုက်သည်။

"မင်းက သိုင်းပညာကို အလကားကြည့်လို့ရမယ် ထင်သလား"

ကျင်းပေါင်က ပြုံးလိုက်၏။

"ဟုတ်ကဲ့ ... ဒါကြောင့် ကျုပ်က ပြန်သွားတော့မလို့ပါ"

ကျင်းပေါင်၏အပြုံးသည် မထီတရီဖြစ်သည်။ ကျင်းပေါင်၏



အပြောကလည်း မထီမဲ့မြင်နိုင်လှသည်။ သိုင်းဆရာနန်းကုံးက ဒေါပွသွားသည်။

"ဘာကွ ... မင်းက ကျုပ်ရဲ့သိုင်းပညာကို လာနိုးတယ်ဆိုတာ ထင်ရှားတယ်၊ ဒါကြောင့်"

သူသည် လက်ဝါးဖြန့်လိုက်ပြီး ...

"ကျုပ်ကို အခကြေးငွေပေးရလိမ့်မယ်"

ကျင်းပေါင်က ခေါင်းခါယမ်း၍ ပြုံးပြလိုက်၏။ သူ့နှုတ်မှလည်း အေးဆေးစွာ ငြင်းဆန်လိုက်၏။

"ခင်ဗျားသိုင်းပညာကို ကျုပ်က မသင်ချင်ပါဘူးဗျာ၊ ဒါကြောင့် အခကြေးငွေဆိုတာလည်း မပေးနိုင်ဘူး"

သိုင်းဆရာနန်းကုံးက ဒေါသပြင်းစွာ ထွက်လာလေသည်။

"ဘာလဲ ... မင်းက ငါ့ရဲ့ပညာကို အထင်သေးလို့လား"

သူသည် ဆေးတံကို တပည့်တစ်ယောက်လက်သို့ အပ်လိုက်ပြီး ကျင်းပေါင်အားတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"မင်းကို နည်းနည်းပါးပါး ဆုံးမရလိမ့်မယ်"

ကျင်းပေါင်က ပြုံးပြလိုက်သည်။

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်က သိုင်းပညာကို လုံးဝမတတ်ပါဘူး"

"ဟေ့ ... မင်းပါးစပ်ပိတ်ထားစမ်း"

သိုင်းဆရာနန်းကုံးသည် ပြောပြောဆိုဆိုနှင့် ကျင်းပေါင်

www.burmeseclassic.com

www.burmeseclassic.com



အား တိုက်ခိုက်လေသည်။ ကျင်းပေါင်က ကျိတ်၍ ရယ်မောလိုက်မိ၏။

အမှန်စင်စစ် သူသည် သိုင်းဆရာနန်းကုံး၏ တိုက်ခိုက်မည့် သိုင်းကွက်ကို အလွယ်တကူ ရှောင်နိုင်မည့်အပြင် သိုင်းဆရာနန်းကုံးကို ကောင်းစွာ ဒုက္ခပေးနိုင်စွမ်းရှိသူ ဖြစ်လေသည်။

သို့သော် သူသည် စိတ်စေတနာကောင်းသောလူ ဖြစ်သဖြင့် သိုင်းဆရာနန်းကုံးအား ဒုက္ခမပေးပါချေ။ သိုင်းဆရာနန်းကုံး၏ တိုက်ကွက်များကို လှပစွာ ရှောင်တိမ်းပေးနေသည်။

သိုင်းဆရာနန်းကုံးမှာ ဤလူငယ်သည် မိမိထက် ပညာသာသည်ကို ရိပ်စားမိသဖြင့် လက်လျှော့လိုက်လေသည်။

"ဟဲ ဟဲ ... မင်းရဲ့သိုင်းပညာ အတော်အတန် သင့်ပါတယ်၊ အခုတော့ မင်းကို ခွင့်လွှတ်လိုက်မယ်၊ နောင် သိုင်းပညာသင်ချင်ရင် လာခဲ့ပါ"

သိုင်းဆရာနန်းကုံးက ခပ်ခန့်ခန့်ပြောဆိုလိုက်သည်။ ကျင်းပေါင်က ပြုံးပြီး အလိုက်သင့်ပင် ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပါပြီခင်ဗျာ ... ကျုပ်ကို သွားခွင့်ပြုပါ"

သူသည် ထိုနေရာမှ ပြန်လည်ထွက်ခွာလာလေတော့သည်။

✹ ✹ ✹



## ထူးဆန်းသော အဘိုးအို

"ကြက်ဥပူတင်း ဆန်ပြုတ်"

ချွန်ချန်းက အော်ဟစ်ရောင်းချနေ၏။ ထိုစဉ် ကျင်းပေါင် ရောက်ရှိလာပြီး စားပွဲတစ်ခုတွင် ထိုင်ချလိုက်သည်။

"မိတ်ဆွေ ... ဆန်ပြုတ်တစ်ပန်းကန်ပေးပါ"

ချွန်ချန်းက ကျင်းပေါင်ကိုတွေ့မြင်လိုက်ရသည်နှင့် ချက်ချင်းပင် မှတ်မိလိုက်လေသည်။ သူသည် ပြုံးပြလိုက်သည်။

"ရပါတယ်ဗျာ ... ခင်ဗျားကို ကျုပ် မှတ်မိပါတယ်"

သူသည် ဆန်ပြုတ်ကို ပန်းကန်လုံးအပြည့် ထည့်ပေးလိုက်သည်။ ကျင်းပေါင်က ဗိုက်ဆာဆာဖြင့် စားလိုက်ရသဖြင့် တစ်ပန်းကန်လုံး ကုန်သွားလေသည်။ သူသည် ချွန်ချန်းအား ချီးကျူးစကားဆိုလိုက်၏။

"ဟဲ ဟဲ ... ခင်ဗျားဆန်ပြုတ်က မွှေးလည်းမွှေးတယ်၊ ချိုလည်းချိုတယ်ဗျ"

ချွန်ချန်းက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို အထင်မသေးပါနဲ့ဗျ၊ ကျုပ်ရဲ့ဆန်ပြုတ်ကို ချမ်း သာကြွယ်ဝတဲ့ အိမ်နဲ့ ရာထူးကြီးကြီးရှိတဲ့ အိမ်တွေကတောင် လာပြီး မှာကြတယ်ဗျ"

ကျင်းပေါင်က ခေါင်းညိတ်ထောက်ခံလိုက်၏။

"အင်း ... တော်တော်လေး အရသာရှိတာကိုး"

သူတို့ ထိုသို့စကားပြောနေစဉ် အဘိုးအိုတစ်ယော ရောက်ရှိလာလေသည်။ ယင်းအဘိုးအိုသည် ဆီစိမ်တီးကို လက်တ ဖက်ဖြင့် ကိုင်ထားပြီး အခြားလက်တစ်ဖက်မှ ဆေးတံရှည်ကို ကို ဆောင်ထား၏။

သူ၏အဝတ်အစားများမှာ ဟောင်းနွမ်းနေပြီဖြစ်သေ လည်း သူ၏ အနီရောင်ခေါင်းစည်းပေါ်၌ ကျောက်စိမ်းတစ်လုံး တ ဆင်ထားသည်။

ကျောက်စိမ်း ...။ ယင်းမှာ တန်ဖိုးရှိသော ရတနာပင်ဖြ သည်။ အနီရောင်ခေါင်းစည်းပေါ်၌ တပ်ဆင်ထားသော ယ ကျောက်စိမ်းကို ကြည့်ရုံဖြင့် ယင်းအဘိုးအိုသည် ချမ်းသာကြွယ်ဝ မဟုတ်သည့်တိုင်အောင် စားနိုင်သောက်နိုင်သော ပုဂ္ဂိုလ်တ ယောက်ဖြစ်သည်ဟု ခန့်မှန်းနိုင်လေသည်။

"ဟေ့ ... ငါ့ကို ဆန်ပြုတ်တစ်ခွက်ပေးပါ"

အဘိုးအိုက ယင်းသို့ ပြောလိုက်လေသည်။ သို့သော် ချ



ချန်းက မနှစ်မြို့သောမျက်လုံးဖြင့် ကြည့်လိုက်၏။

"ဝမ်းနည်းပါတယ် ... ကုန်သွားပြီဗျ"

ထိုအဘိုးအိုသည် မကျေမနပ်ဖြင့် ထွက်ခွာသွားလေသည်။ ချန်ချန်းသည် ထိုအဘိုးအိုအား အဘယ်ကြောင့် မရောင်းလိုက်ပါ သနည်း။

ကျင်းပေါင် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"မိတ်ဆွေ ... သူ့ကို ဘာဖြစ်လို့ မရောင်းတာလဲ"

ချန်ချန်းက မျက်နှာကို ရှုံ့မဲ့ပစ်လိုက်၏။ တစ်ဆက်တည်း မှာလည်း အဘိုးအိုအား မရောင်းလိုက်သည့်အကြောင်းအရင်းကို လည်း ပြောပြလိုက်သည်။

"ဒီအဘိုးကြီးဟာ အလကားလူ၊ စားပြီး ဘယ်တော့မှ ပိုက် ဆံမပေးဘူး"

သူသည် တစ်စုံတစ်ခုကို သတိရလာပြီး ကျင်းပေါင်အား တစ်ချက်ကြည့်ကာ စူးစမ်းလိုက်သည်။

"ဒါနဲ့ ခင်ဗျားက ဒီမြို့က မဟုတ်ဘူးနဲ့တူတယ်"

ကျင်းပေါင်က ခေါင်းညိတ်ပြေဆို၏။

"ဟုတ်ကဲ့ ... ကျုပ် ဒီရောက်လာတာ မကြာသေးပါဘူး"

"ဘယ်မှာနေသလဲ"

"လောလောဆယ်တော့ ဘုံကျောင်းမှာပဲနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“အလုပ်ကော”

“ကျုပ်မှာ အလုပ်မရှိသေးပါဘူး”

ချွန်ချွန်းက ပြုံးလိုက်သည်။

“ခင်ဗျား သဘောတူမယ်ဆိုရင် ကျုပ်ဆီမှာ လာနေပါလား၊ ဗိုင်းလုပ်ဗိုင်းစားပေါ့”

ချွန်ချွန်းက ဖိတ်ခေါ်လိုက်သည်။ လုပ်ငန်းသဘောကိုလည်း ကျင်းပေါင် နားလည်အောင် ရှင်းပြ၏။

“ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲဗျ”

“ကျင်းပေါင်ပါ”

“ကျုပ်နာမည်က ချွန်ချွန်းလို့ ခေါ်ပါတယ်”

“ဒါနဲ့ ခင်ဗျား အသက်ဘယ်လောက်လဲ”

“နှစ်ဆယ့်ခုနစ်နှစ်”

“အင်း ... ကျွန်တော်က ၂၂ နှစ်ပဲ ရှိပါသေးတယ်”

“ဒါဖြင့် မင်းက ငါ့ညီပေါ့”

“ဟုတ်ပါတယ် အစ်ကို”

သူတို့နှစ်ယောက်သည် ကျေနပ်စွာဖြင့် အားပါးတရ ရယ်မောလိုက်သည်။

❁

BURMESE CLASSIC .com



အဘိုးအိုသည် ချွန်ချွန်းတို့ဆိုင်ရှေ့တည့်တည့်ရှိ စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်သွားသည်။ ချွန်ချွန်းက အသံတိုးတိုးဖြင့် ကျင်းပေါင်အား လှည့်ပြောလိုက်သည်။

“ကြည့်စမ်း ငါ့ညီ ... အဘိုးကြီးကတော့ ဟိုဆိုင်မှာ သွားလိမ်စားတော့မယ် ... တွေ့လား”

ကျင်းပေါင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် အဘိုးကြီးက ထီးကို ချိုင်းကြားညှပ်၍ ဆိုင်ထဲသို့ လှမ်းဝင်သွားလေသည်။

ဆိုင်လုလင်က သူ့အား တွေ့မြင်သွားသည်နှင့် နှာခေါင်းရှုံ့သွားသည်။ ရှုံ့မဲ့သော မျက်နှာနှင့်ပင် မေးလိုက်၏။

“ဘာစားမလို့လဲဗျ”

အဘိုးအိုက အနည်းငယ် စဉ်းစားလိုက်သည်။

“မင်းတို့ ဆီချက်ခေါက်ဆွဲတစ်ပွဲ ဘယ်လောက်လဲကွ”

“နှစ်ကျပ်ပါ”

“ဟင်းချိုကော ဘယ်လောက်လဲ”

“ဟင်းချိုတော့ ပိုက်ဆံမယူပါဘူး၊ အလကား ပေးပါတယ်”

အဘိုးအိုက ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ သူမှာလိုက်သည့် အစားအစာမှာ ...

“ဒါဖြင့် ကျုပ်ကို ဟင်းချိုတစ်ပန်းကန်ပေးပါ”

*

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်မှာ မျက်မှောင်ကြုတ်သွားလေသည်။

"ခင်ဗျား ခေါက်ဆွဲမစားဘဲ ဟင်းချိုမှာလို့ ဖြစ်မလားဗျ"

အဘိုးအိုက စိတ်ရှုပ်သွားဟန်ဖြင့် ...

"မင်း ဟင်းချိုသာ အရင်ယူခဲ့ပါ၊ ခေါက်ဆွဲက နောက်တော့မှာမှာပေါ့"

ဆိုင်လုလင်က ခေါင်းခါယမ်းပြလိုက်သည်။

"မရဘူးဗျ ... ဟင်းချိုချည်းမှာလည်း တစ်ပန်းကန်နှစ်ကျပ်ပဲ"

အဘိုးအိုက ခေါင်းကုတ်လိုက်သည်။

"ဒါဖြင့် ဘဲပေါင်းခေါက်ဆွဲက ဘယ်လောက်လဲ"

"လေးကျပ်ပါ"

"ဟ ... ဈေးတက်သွားပြီ ... ဟုတ်လား"

"မတက်ပါဘူး၊ ခေါက်ဆွဲက နှစ်ကျပ်၊ ဟင်းချိုက နှစ်ကျပ်၊ ဒါကြောင့် လေးကျပ်တောင်းတာပါ"

အဘိုးအိုက ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

"ဒီလိုဆို ဘဲပေါင်းခေါက်ဆွဲတစ်ခွက် ယူခဲ့ပါ"

ဆိုင်လုလင်သည် အထဲသို့ပြန်ဝင်သွားပြီး မကြာမီ ဘဲပေါင်းခေါက်ဆွဲတစ်ခွက် ချပေးသွားလေသည်။ ဆိုင်လုလင်သည် ဘဲပေါင်းခေါက်ဆွဲ လာရောက်ချပေးပြီးနောက် စားပွဲမှထွက်ခွာရန် ခြေလှမ်း

BURMESE CLASSIC .com



ပြင်လိုက်သည်။

အဘိုးအိုက ဟန့်တားလိုက်သည်။

"ဟေ့ နေပါဦး ... ငါ့ကို ပန်းကန်လွတ်တစ်ခု ယူခဲ့ပါဦး"

ဆိုင်လုလင်သည် ပန်းကန်လွတ်တစ်လုံးယူ၍ လာရောက်ချပေးသွားလေသည်။ အဘိုးအိုသည် ခေါက်ဆွဲထဲမှ ဟင်းရည်များကို ပန်းကန်လွတ်ထဲသို့ အားလုံးသွန်ထည့်ပစ်လိုက်သည်။ ထို့နောက် ထိုဟင်းရည်များကို လုံးဝ မတို့မထိတော့ဘဲ ခေါက်ဆွဲကိုသာ စားသောက်နေတော့သည်။

သူသည် စားသောက်ပြီးစီးသွားသောအခါ ငွေနှစ်ကျပ်သာ ထုတ်ပေးလိုက်လေသည်။ ဆိုင်လုလင်က မျက်မှောင်ကြုတ်သွားသည်။ မကျေမနပ်ဖြင့်လည်း လှမ်းမေးလိုက်၏။

"လေးကျပ်ကျတယ်ဗျ၊ ဘာဖြစ်လို့ နှစ်ကျပ်တည်းပေးတာလဲ"

အဘိုးအိုက အေးတိအေးစက်လေသံဖြင့် ပြန်မေးသည်။

"မင်းပြောတော့ ခေါက်ဆွဲကနှစ်ကျပ်၊ ဟင်းရည်ကနှစ်ကျပ်ဆို"

"ဟုတ်ပါတယ် ... ဒါကြောင့် လေးကျပ်ယူတာပေါ့"

အဘိုးအိုက ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်သည်။

"အေး ... အခု ငါ ခေါက်ဆွဲပဲစားတယ်၊ ဟင်းရည်ကိုမနှိုး

www.burmeseclassic.com

www.burmeseclassic.com



ကန့်ထဲ ပြန်ထည့်ထားပြီး ငါက ခေါက်ဆွဲပဲစားတဲ့အတွက် နှစ်ကျပ်ပေးနေတာပေါ့"

အဘိုးအိုက သူ့ဆင်ခြေနှင့်သူဆိုတော့လည်း ဟုတ်နေပြန်ပါသည်။ သူသည် ယင်းသို့ပြောပြီး ထိုင်ရာမှထကာ ထွက်ခွာသွားလေတော့သည်။

ဆိုင်လုလင်မှာ ပါးစပ်အဟောင်းသားနှင့်သာ ကြည့်ကာ ကျန်ရစ်ခဲ့ရလေတော့၏။

BURMESE CLASSIC .com

☸

ချွန်ချွန်းသည် ထွက်ခွာသွားသော အဘိုးအိုအား ညွှန်ပြလိုက်သည်။

"တွေ့လား ... ခေါက်ဆွဲလိမ်စားသွားပြန်ပြီ"

ကျင်းပေါင်က ပြုံးလိုက်သည်။

"ဒီအဘိုးကြီး ဒီလောက်ကပ်စေးနဲ့ပုံထောက်တော့ သားသမီး နောက်ခံမရှိဘူးနဲ့တူတယ်၊ ဒါမှမဟုတ် သားသမီးတွေ အများကြီးရင်လည်း ရှိရမယ်"

ချွန်ချွန်း ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး ... သူ့မှာ သမီးတစ်ယောက်ရှိတယ်"



ထိုစဉ်မှာပင် အလွန်လှပချောမောသော မိန်းမငယ် တစ်ယောက် သူတို့အနီးမှ ဖြတ်ကျော်ကာ ခေါက်ဆွဲဆိုင်သို့ ဦးတည်ဝင်ရောက်သွား၏။

ချွန်ချွန်းက ညွှန်ပြလိုက်သည်။

"အဲဒါ သူ့သမီးပေါ့"

ကျင်းပေါင်က မျက်မှောင်ကြုတ်သွားသည်။

"သူ့သမီးက တော်တော်ချောတာပဲ၊ သူက ဘာလာလုပ်ပြန်တာလဲဗျ"

"သူ့အဖေ လိမ်စားသွားတဲ့အကြွေးတွေကို လိုက်ပြီးဆပ်တာလေ"

"ဟာ ... အဖေက မတရားလုပ်သလောက် သမီးကတော့ စိတ်ရင်းစေတနာကောင်းပါလားဗျ"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"သူ့နာမည်က ချွေ့ချင်းလို့ခေါ်တယ်၊ လူကလှတဲ့အပြင် စိတ်ကောင်းနှလုံးကောင်းလည်းရှိတယ်"

ချွန်ချွန်းက ကျင်းပေါင်အား သူသိသမျှ ဖောက်သည်ချပြောပြနေလေသည်။

☸ ☸ ☸

www.burmeseclassic.com

www.burmeseclassic.com



## မင်းသားလေး

နောက်တစ်နေ့တွင် ကျင်းပေါင်သည် သူ၏အထုပ်အပိုးများကို ယူဆောင်ကာ ချွန်ချုန်းအိမ်သို့ ပြောင်းရွှေ့လာသည်။ ချွန်ချုန်းက ထိုအထုပ်များကို ဖြည်ကြည့်သောအခါ အဝတ်အစားအနည်းငယ်မျှသာ ပါရှိပြီး စာအုပ်များ တစ်ထပ်ကြီး ရှိနေသည်ကို တွေ့ရလေသည်။

ချွန်ချုန်းက မနေနိုင်ဘဲ မေးလိုက်မိ၏။

"မင်းအထုပ်ထဲမှာ စာအုပ်တွေချည်းပါလား"

ကျင်းပေါင်က ပြုံးလိုက်သည်။

"စာအုပ်ကို အထင်မသေးနဲ့ဗျ၊ ရှေးစာဆိုတော်တွေက စာအုပ်ထဲမှာ ပစ္စည်းဥစ္စာရှိတယ်၊ ရာထူးရာခံရှိတယ်လို့ အမိန့်ရှိကြတယ် မဟုတ်လား"

ချွန်ချုန်းက ရယ်မောလိုက်သည်။

"ငါတို့က ဒါတွေ နားမလည်ပါဘူး"

သူသည် ပြောရင်း ကျင်းပေါင်အတွက် နေရာထိုင်ခင်း ချ
ထားပေးလိုက်လေသည်။ ထိုနေ့မှစ၍ ကျင်းပေါင်သည် ကြက်ဥ



ပူတင်းလုပ်ရာ၌ ကူ၍ ကြိတ်ပေးသည်။

ထို့အပြင် ပြုလုပ်ပြီးသော ကြက်ဥပူတင်းများကို တစ်အိမ်တက်ဆင်း လိုက်လံပို့ပေးသော အလုပ်ကိုလည်း တာဝန်ယူလိုက်လေသည်။

နံနက်ပိုင်း ... ကျင်းပေါင်သည် ကြက်ဥပူတင်းပို့သည့် အလုပ်ကို တာဝန်ယူပြီး ပို့ဆောင်ရ၏။ ချွန်ချုန်း၏ကြက်ဥပူတင်းသည် စားသောက်ဆိုင်များ၊ ဟင်းရွက်ဆိုင်များ၊ သူဌေးအိမ်၊ မင်းစိုးရာဇာအိမ်များသို့ပင် ပို့ရသည်အထိ ကျော်ကြားလေသည်။

ယနေ့နံနက် ကျင်းပေါင်သည် ထုံးစံအတိုင်း တစ်အိမ်တက်ဆင်း၊ တစ်နေရာမှတစ်နေရာသို့လိုက်ပို့ရင်းက မင်းသားလေးဂေဟာသို့ ရောက်လာသည်။

သူသည် မင်းသားလေးဂေဟာက မှာထားသော ကြက်ဥပူတင်းကို လာရောက်ပို့ပေးရခြင်း ဖြစ်လေသည်။ သူသည် မင်းသားလေးဂေဟာ၏ နောက်ဘက်ခြံဝင်းအနီးသို့ ရောက်ရှိလာသောအခါ အော်ဟစ်သတ်ပုတ်နေသော အသံများကို ကြားလိုက်ရလေသည်။

ကျင်းပေါင်သည် စူးစမ်းလိုသော စိတ်များ ပေါ်လာသဖြင့် အသံလာရာသို့ လျှောက်သွားလေသည်။ သူသည် ကျောက်လှေကားထစ်အတိုင်း မုန့်ဗန်းကိုယူ၍ တက်သွားလေသည်။

လှေကားထိပ်သို့ မရောက်မီ လူလေးငါးယောက်က

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝတ်နှင့် ခေါင်းစွပ်ထားသော လူတစ်ယောက်အား တိုက်ခိုက်နေသည့် မြင်ကွင်းကို တွေ့ရှိလိုက်ရခြင်းပင် ဖြစ်၏။

ယင်းအဘိုးအိုသည် မည်သူဖြစ်နေပါသနည်း။ သူသည် မွန်ဂိုမင်းသားလေးနှင့် မည်သို့ပတ်သက်နေပါသနည်း။ ယခု လူလေးငါးယောက်သည် အဘယ်ကြောင့် လူတစ်ယောက်အား ဝန်းရံတိုက်ခိုက်နေပါသနည်း။ အနက်ရောင်အဝတ်ဖြင့် ခေါင်းစွပ်ထားသောလူသည် ဘယ်သူဖြစ်နေပါသနည်း။

မေးခွန်းများစွာဖြင့် ကျင်းပေါင်ရင်ထဲ၌ လှုပ်ရှားနေလေသည်။

BURMESE CLASSIC .com

ကျင်းပေါင်သည် သိုင်းပညာကို အလွန်လိုလားသူ တစ်ယောက်ဖြစ်သည်။ သူသည် ရှောင်လင်ကျောင်းမှ ထွက်လာသည့်မှာလည်း သိုင်းပညာရပ် သင်ကြားတတ်မြောက်ရန် ရည်ရွယ်ထားသည်။

ထို့ကြောင့် သိုင်းပညာနှင့် ပတ်သက်လာလျှင် အလွန် စိတ်ဝင်စားသည်။ သူသည် တိုက်ခိုက်နေကြသူများအား ကြည့်ရင်း ကြည့်ရင်း ဖုံးကွယ်ရန်ပင် မေ့လျော့သွားရှာလေသည်။



မကြာပါချေ ... တိုက်ခိုက်မှုပြီးဆုံးသွားတော့သည်။ ထိုတိုက်ပွဲတွင် အနက်ရောင်ခေါင်းစွပ်ထားသူက သူ့အား ဝိုင်းဝန်းတိုက်ခိုက်ကြသောလူများအား အနိုင်ယူလိုက်လေသည်။

သူသည် ကျေနပ်စွာဖြင့် ခေါင်းစွပ်အား ဖြုတ်ချလိုက်ရာ ကျင်းပေါင်၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ... ထိုလူသည် လိန်ကျင်းမြို့မှာ အာဏာစက်ထက်မြက်လှသော မွန်ဂိုမင်းသားလေး ဖြစ်လေသည်။

ကျင်းပေါင်က မွန်ဂိုမင်းသားလေးတို့ လူစုအား တအံ့တဩငေးကြည့်နေမိ၏။ ထိုစဉ် မွန်ဂိုမင်းသားလေးက အဘိုးအိုအား ဦးညွှတ်လိုက်သည်။

"ဆရာ ... ကျွန်တော့်သိုင်းပညာ ဘယ့်နှယ်လဲ"

အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချလိုက်၏။

"မဆိုးပါဘူး၊ ဒါပေမဲ့ လျင်မြန်မှု နည်းနည်းလိုသေးတယ်ကွ"

ကျင်းပေါင် ပို၍ အံ့ဩသွားသည်။ လူတကာ အထင်မကြီးသော၊ အလွန်ကပ်စေးနှဲသော အဘိုးအိုမှာ မွန်ဂိုမင်းသားလေးအား သိုင်းပညာ သင်ကြားပေးသော ဆရာဖြစ်နေလေသည်။

ထိုစဉ်မှာပင် မွန်ဂိုမင်းသားလေးက ကျင်းပေါင်အား တွေ့မြင်လိုက်လေသည်။ မွန်ဂိုမင်းသားလေးက ကျင်းပေါင်အား လက်

www.burmeseclassic.com

www.burmeseclassic.com



ညိုးတည့်တည့်ထိုးကာ မေးလိုက်သည်။

"ဟေ့ ... မင်း ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

ယင်းကဲ့သို့ မေးလိုက်တော့ ကျင်းပေါင်က သတိရလာလေသည်။ သူသည် ကြက်ဥပူတင်းဗန်းကို မြှောက်ပြလိုက်သည်။

"ကျွန်တော် ကြက်ဥပူတင်း လာပို့တာပါ"

မွန်ဂိုမင်းသားလေးက မျက်မှောင်ကြုတ်လိုက်သည်။

"ကြက်ဥပူတင်းလာပို့တာ မီးဖိုချောင်ထဲသွားပို့၊ ဘယ့်နှယ် ဒီကိုရောက်လာတာလဲ"

ကျင်းပေါင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် မီးဖိုချောင် ဘယ်မှာရှိတယ်ဆိုတာ မသိလို့ပါ"

"မင်းက လာပို့နေကျ မဟုတ်လား၊ ဘာဖြစ်လို့မသိတာလဲ"

"ကျွန်တော်က လူသစ်ပါ၊ ခုတစ်ခေါက် လာပို့တာ ပထမဆုံးအကြိမ်ပါပဲ ခင်ဗျ"

ကျင်းပေါင်၏အဖြေမှာ ဆီလျော်ပြေပြစ်သွားသည်။ မွန်ဂိုမင်းသားလေးက အစောင့်တစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဟေ့ ... သူ့ကို မီးဖိုချောင်သွားတဲ့လမ်း ပြလိုက်စမ်း"

အစောင့်က ကျင်းပေါင်အား ဘဝင်မကျသော အကြည့်ဖြင့်ကြည့်ပြီး အပြစ်တင်လိုက်သည်။



"မင်း တော်တော်တုံးတဲ့ကောင်ပဲ"

ကျင်းပေါင်က မည်သို့မျှ ပြန်မပြောပါ။ အစောင့်ကိုသာ ကျီးတိကြောင်တောင် ပြန်ကြည့်နေ၏။ အစောင့်သည် မီးဖိုဆောင်သွားရာလမ်းသို့ ညွှန်ပြလိုက်သည်။

"ဟိုဘက်ကို လျှောက်သွားပါ၊ မီးဖိုဆောင်တွေ့ရပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

ကျင်းပေါင်သည် ကြက်ဥပူတင်းဗန်းကိုယူ၍ မီးဖိုဆောင်ရှိရာဘက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းကာ သွားလေတော့၏။

BURMESE CLASSIC .com

✿

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။ အဘိုးအိုက ခေါင်းခါယမ်းရင်းမှ ကျင်းပေါင် မီးဖိုထဲသို့ ဝင်သွားသည်ကိုကြည့်ပြီး မှတ်ချက်ချလိုက်လေ၏။

"အတော်တုံးတဲ့ကောင် ... ဒါကြောင့်လည်း တစ်သက်လုံး ကြက်ဥပူတင်းရောင်းနေရတာ"

မွန်ဂိုမင်းသားလေးက ဦးညွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒီကနေ့ သိုင်းလေးကွက်လောက် ထပ်တက်ပေးပါဦး"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"အချိန်မရှိတော့ဘူးလေ"

မွန်ဂိုမင်းသားလေးက ပြုံးပြလိုက်သည်။

"အချိန်စေ့သွားရတာက ကြက်ဥပုတင်း ဝင်လာလို့ပါ"

အဘိုးအိုက ခေါင်းခါယမ်း၏။

"သိုင်းပညာသင်တဲ့အချိန်မှာ မင်းသားလေးက မသင်ဘဲ ကြက်ဥပုတင်းသည်နဲ့ စကားပြောနေတာ၊ ကျုပ်နဲ့ဘာဆိုင်လို့လဲ"

အဘိုးအိုက ကတ်သတ်ပြီး ငြင်းဆိုလိုက်သည်။ တစ်နည်းအားဖြင့် သူသည် အချိန်တန်ဖိုးကို နားလည်အောင် ပြောပြနေခြင်းလည်း ဖြစ်၏။ မင်းသားလေးက တောင်းပန်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် သိုင်းကွက်တစ်ကွက်နှစ်ကွက်တော့ ဆက်ပြီးပြပေးပါ ဆရာ"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်သင်ပေးတဲ့အချိန် ကုန်သွားပြီပဲ၊ နောက်ထပ် သင်ချင်ရင် အခကြေးငွေ ထပ်ပေးရမယ်"

ဤအဘိုးအိုကား ငွေစကား အလွန်ပြောသော ပုဂ္ဂိုလ်ကြီး ပေတကား။ မွန်ဂိုမင်းသားလေးက ပြုံးလိုက်၏။



"ကောင်းပါပြီဗျာ ... ကျွန်တော် နောက်ထပ် ငွေသုံးကျပ် ပေးပါမယ်"

အဘိုးအိုက လက်ဝါးဖြန့်လိုက်၏။

"ဒီလိုဆိုရင် ငွေအရင်ပေးပါ"

မွန်ဂိုမင်းသားလေးက အလွန်ငွေမက်သော အဘိုးအိုအား သဘောကျစွာ ကြည့်လိုက်မိသည်။

"ရပါတယ် ခင်ဗျာ"

သူသည် ငွေသုံးကျပ်ပေးလိုက်တော့မှ အဘိုးအိုက သူ့ကို သိုင်းကွက်များ ထပ်မံသင်ကြားပေးလေတော့သည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းပညာ

ကျင်းပေါင်သည် ကြက်ဥပူတင်းသည်၏ အိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ သူသည် မွန်ဂိုမင်းသားလေး တိုက်ခိုက်သော သိုင်းကွက်များကို မှတ်သားမိသမျှ ထပ်မံလေ့ကျင့်မိသည်။

သူသည် အတန်ကြာလေ့ကျင့်ပြီးသောအခါ ချွန်ချွန်းက ပြန်လည် ရောက်ရှိလာသည်။ ကျင်းပေါင်က လေ့ကျင့်ရာမှ ရပ်တန့်လိုက်၏။

"အစ်ကိုကြီး ပြန်လာပြီလား"

"အေး ... မင်းကော မုန့်အားလုံး ပို့ပြီးပြီလား"

"ဟုတ်ကဲ့ ... အားလုံး ပို့ပြီးပါပြီ"

ချွန်ချွန်း၏အမေးအား ကျင်းပေါင်က ပြန်ဖြေလိုက်သည်။ ထိုသို့ ဖြေဆိုရင်းမှ သူသည် အဘိုးအိုအား သတိရ၍ ပြန်မေးလိုက်သည်။

"အစ်ကိုကြီးကို စကားတစ်ခွန်း မေးရဦးမယ်"

"ဘာမေးမလို့လဲ"



"ခင်ဗျားပြောတဲ့ ကပ်စေးနှဲအဘိုးကြီးနာမည် ဘယ်လို ခေါ်သလဲ"

"စုမာကျင်းလို့ ခေါ်တယ်"

"သူ့အိမ် ဘယ်မှာလဲ"

"အရှေ့ဘက် တည့်တည့်သွားရင် ပထမဆုံးအိမ်ပေါ့"

ချွန်ချွန်းက မျက်မှောင်ကြုတ်သွားသည်။

"မင်းက သူ့လိပ်စာမေးပြီး ဘာလုပ်မလို့လဲ"

ကျင်းပေါင်က သူသိခဲ့သော အကြောင်းအရာတစ်ခုကို ပြန်လည်ပြောပြသည်။

"ဒီအဘိုးကြီးဟာ သိုင်းပညာသိပ်တော်တယ်၊ မွန်ဂိုမင်းသား လေးကိုတောင် သိုင်းပညာသင်ပေးတယ်"

ချွန်ချွန်းကမူ မျက်မှောင်ကြုတ်လျက်တန်းလန်းမှပင် မကျေမနပ် မေးလိုက်၏။

"အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ... ကျုပ်က သူ့ဆီမှာသွားပြီး တပည့်ခံမလို့"

"ဟား ဟား ဟား"

ချွန်ချွန်းက လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်သည်။

"မင်းက သူ့ဆီမှာ သိုင်းပညာသင်မလို့ ... ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်း ခေါင်းခါယမ်းလိုက်သည်။ အဘိုးကြီး၏အကြောင်းကိုလည်း ကျောင်းပေါင်သိအောင် ရှင်းပြလိုက်၏။

"မဖြစ်နိုင်တာကွာ ... ဒီအဘိုးကြီးက ငွေသိပ်မက်တာ၊ မင်းက ပိုက်ဆံပေးနိုင်လို့လား"

"ကျွန်တော် သူ့ကိုတောင်းပန်မယ်၊ ပိုက်ဆံမရှိလည်း သူ့အိမ်ကအလုပ်ကို လုပ်ပေးပြီး ပညာသင်မယ်"

ချွန်ချွန်းက ခေါင်းကို တွင်တွင်သာ ယမ်းခါလိုက်၏။

"ကျောင်းပေါင် ... မင်း မသွားနဲ့၊ ဖြစ်မှာလည်း မဟုတ်ဘူး"

ကျောင်းပေါင်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ကြိုးစားပါ့မယ်"

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။ ချွန်ချွန်းကာ ကျောင်းပေါင်အား ငေးကြည့်ကျန်ရစ်ခဲ့လေတော့၏။

အဘိုးအိုသည် သူ၏အိမ်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။ လှမ်းဝင်သွားရင်းမှလည်း အော်ဟစ်ခေါ်ဝေါ်လိုက်သည်။

"သမီးရေ ... သမီး"

သူသည် ယင်းသို့ ချက်ချင်းခေါ်လိုက်ရာ အတွင်းခန်းမှ ချော မောလှပသော မိန်းကလေးတစ်ယောက် ထွက်လာသည်။ သူမကား ဖခင်၏ကလိန်ကျမှုကို လိုက်လံဖြေရှင်းပေးသော ရွှေ့ချင်းပင်ဖြစ်၏။



"ဖေဖေ ... ဖေဖေ ပြန်လာပြီလား"

"အိမ်း"

"ဖေဖေ ဒီနေ့ပြန်လာတာ နောက်ကျလှချည်လား ... ဘယ် သွားနေတာလဲဟင်"

"ဘယ်မှမသွားပါဘူးကွာ ... မင်းသားလေးကို အချိန်ပိုသင် ပေးနေရလို့ပါ"

သူသည် အင်္ကျီအိတ်ထဲမှ ငွေတုံးကလေးကို ယူ၍ ရွှေ့ချင်း လက်ထဲသို့ အပ်လိုက်၏။

"တွေ့လား ... အချိန်ပိုသင်ပေးတဲ့အတွက် ငွေသုံးတုံး ထပ် ပြီးရလာတယ်"

ရွှေ့ချင်းက သက်ပြင်းချလိုက်သည်။ သူမ၏ဖခင်အား လည်း ချိုသာစွာ အပြစ်တင်လိုက်၏။

"ဖေဖေကလည်း ငွေပဲရှာနေတာကိုး၊ ကျွန်မတို့ ငွေကြေး လုံလောက်ပါတယ်၊ ဘာဖြစ်လို့ အပင်ပန်းခံပြီး ရှာဖွေနေရတာလဲ"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။ သူ၏ အဘိဓမ္မာ တစ်ရပ်ကိုလည်း သမီးဖြစ်သူ နားလည်အောင် ရှင်းပြလိုက်၏။

"ငွေဆိုတာ ပိုတယ်လို့ ဘယ်ရှိပါမလဲ"

သူသည် ပြောပြောဆိုဆိုနှင့် အိပ်ခန်းထဲသို့ ဝင်ရောက်သွား သည်။ တစ်ခဏအကြာတွင် သူသည် သေတ္တာငယ်တစ်လုံးကိုယူ၍

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြန်သည်။

အဘိုးအိုသည် သေတ္တာငယ်အား အားစိုက်ပြီး ဆွဲမ,လာ ဟန် ရှိလေသည်။ အမှန်စင်စစ် ဤသေတ္တာငယ်မှာ သေးပင်သေး သော်လည်း အလွန်လေးလံနေ၏။

ထို့နောက် သူသည် သေတ္တာကို စားပွဲပေါ်၌ ချထားပြီး အဖုံးဖွင့်လိုက်သည်။ အဖုံး၏ပထမထပ်တွင် ငွေဒင်္ဂါးပြားနှင့် ကြေး ပြားများသည် အတန်းလိုက် အတန်းလိုက် သပ်ရပ်စွာ စီတန်းထား သည်ကို တွေ့ရလေသည်။

ထို့နောက် အဘိုးအိုက အံဝှက်ကို ဖယ်ကြည့်လိုက်ပြန်၏။ အံဝှက်ကို ဖယ်ကြည့်လိုက်သောအခါ သေတ္တာထဲ၌ ရွှေနှင့်ငွေတုံး လေးများ မြောက်မြားစွာရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

ရွှေတုံးနှင့် ငွေတုံးကလေးများ ...။ အကန့်လိုက် သပ်ရပ်စွာ ထည့်ထားသော ယင်းရွှေနှင့်ငွေတုံးကလေးများကို အဘိုးအိုက ယုယ စွာ ယူလိုက်သည်။

သူသည် ငွေတုံးနှင့်ရွှေတုံးကလေးများကို အဝတ်တစ်ခုဖြင့် သေချာစွာ ပွတ်သပ်နေ၏။ ထိုစဉ်မှာပင် ...

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ ကြားလိုက်ရလေသည်။ အဘိုးအိုက ထိတ် ထိတ်ပျာပျာ ဖြစ်သွားသည်။



"သမီး ... ဘယ်သူလဲ သွားကြည့်စမ်း၊ ဖေဖေ ငွေသွားသိမ်း လိုက်ဦးမယ်"

သူသည် ငွေတုံး၊ ရွှေတုံးများ ပြန်ထည့်ထားလိုက်ပြီး သေတ္တာကလေးကိုမ၍ သူ့အိပ်ခန်းထဲသို့ ဝင်ရောက်သွားသည်။ ချွေ့ ချင်းက အခန်းတံခါးကို ဖွင့်လိုက်သည်။

လူငယ်တစ်ယောက်က ကြက်ဥပူတင်းဗန်းကိုကိုင်ကာ ရပ် နေသည်ကို တွေ့မြင်ရလေသည်။

"ရှင် ဘယ်သူ့ကို တွေ့ချင်လို့လဲ"

ချွေ့ချင်းက ကျင်းပေါင်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ရှုရင်း မေးမြန်းလိုက်သည်။ ကျင်းပေါင်က ချွေ့ချင်းအား ပြုံးပြ လိုက်သည်။

"ကျွန်တော့်နာမည် ကျင်းပေါင်ပါ၊ ကြက်ဥပူတင်း လက် ဆောင်လာပေးတာပါ"

ထိုစဉ် အဘိုးအိုသည် ငွေသေတ္တာကို သိမ်းဆည်းပြီး ပြန်၍ ထွက်လာနေ၏။ အဘိုးအိုသည် ကျင်းပေါင် ပြောလိုက်သော စကား ကို အပြည့်အစုံ ကြားလိုက်သည်။ ထို့ကြောင့် သဘောကျစွာ ပြုံးပြီး

"တယ်ဟုတ်ပါလား၊ ကဲ ... ကြက်ဥပူတင်း လက်ဆောင်လာ ပေးတယ်ဆိုရင် ယူထားလိုက်လေ"

ချွေ့ချင်းက အားတုံ့အားနာသောအသံဖြင့် ကန့်ကွက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။

"အို ဖေဖေကလည်း ... ကြက်ဥပူတင်း ဒီလောက်များများ ဘာလုပ်မှာလဲ"

အဘိုးအိုက ကြက်ဥပူတင်းဗန်းကိုယူ၍ စားပွဲပေါ်သို့ ပြန်ချ ထားလိုက်သည်။ ထို့နောက် ကျင်းပေါင်အား နှင်လိုက်လေသည်။

"ကဲ သူငယ် ... မင်း သွားနိုင်ပြီ"

သို့သော် ကျင်းပေါင် မသွားပါ။ တံခါးဝမှာသာ ရပ်မြဲရပ်နေ၏။ အဘိုးအိုက သူ့အား ဘုကြည့်ကြည့်လိုက်သည်။

"ပြောနေတာ မကြားဘူးလား ... မင်း သွားနိုင်ပြီလေ"

ကျင်းပေါင်က ပြုံးပြလိုက်သည်။

"ကျွန်တော် ဦးလေးဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

အဘိုးအိုက ခါးထောက်လိုက်၏။

"ဩော် ... မင်းက အကူအညီလိုတာကိုး၊ ကဲ ပြောစမ်း ... ဘာကူညီရမှာလဲ"

ကျင်းပေါင်က ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို သိုင်းပညာသင်ပေးပါ ခင်ဗျား"

မမျှော်လင့်သောစကားကို ကြားလိုက်ရခြင်းပင် ဖြစ်၏။ အဘိုးအို၏ မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားသည်။



"ကျုပ်က သိုင်းပညာသင်ပေးရမယ် ... ဟုတ်လား"

"ဟုတ်ကဲ့"

အဘိုးအိုက ကျင်းပေါင်အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်ရှုလိုက်သည်။ ထို့နောက် ခေါင်းကို ဘယ်ညာခါယမ်းလိုက်၏။

"မင်းကို ငါ သိုင်းပညာ သင်မပေးချင်ဘူး"

"ဘာဖြစ်လို့လဲ ဦး"

အဘိုးအိုက လက်ချောင်းသုံးချောင်း ထောင်ပြလိုက်သည်။

"မင်းကို ငါ သိုင်းပညာ မသင်ပေးချင်တဲ့အကြောင်း သုံးချက် ရှိတယ်"

ကျင်းပေါင်က စိတ်ဝင်စားစွာ ...

"ဘယ်လိုအကြောင်းသုံးချက်လဲ ခင်ဗျာ"

အဘိုးအိုက လက်ချောင်းတစ်ချောင်း ထောင်ပြလိုက်သည်။

"ပထမ ငါသိပ်ပြီး အလုပ်များတယ်"

ကျင်းပေါင်က မျက်မှောင်ကြုတ်သွားသည်။ သူသည် မဆိုင်းမတွပင် ပြန်ဖြေလိုက်၏။

"ကျွန်တော် ဦးအချိန်အားတဲ့အထိ စောင့်ပါ့မယ်"

အဘိုးအိုက လက်ချောင်းနှစ်ချောင်း ထောင်ပြလိုက်သည်။

"ဒုတိယ ငါ သိုင်းပညာသင်ပေးတဲ့အခါ အခကြေးငွေ ဈေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပေါင် ဦးညွတ်လိုက်သည်။

"ကျွန်တော် ငွေမပေးနိုင်ရင် ဦးခိုင်းတာ လုပ်ပေးပါ့မယ်"

အဘိုးအိုက လက်ကာပြလိုက်သည်။

"နားထောင်ဦး"

ကျင်းပေါင်က ပါးစပ်ပိတ်လိုက်သည်။ အဘိုးအိုက လက်ချောင်းသုံးချောင်း ထောင်ပြလိုက်လေသည်။

"တတိယအကြောင်းကတော့ မင်းကို ငါ လုံးဝ လက်မခံနိုင်ဘူး"

ကျင်းပေါင်က ဦးညွတ်လိုက်ပြန်သည်။

"ကျွန်တော့်ကိုတော့ အထူးအခွင့်အရေးပေးပါ။ ဦးကျေနပ်အောင် ကျွန်တော် အားလုံးလုပ်ပေးပါ့မယ်"

"အဘိုးအိုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်"

"ဟေ့ သူငယ် ... စကားမပြောနဲ့ ငါ သင်မပေးချင်ဖူးဆိုရင် သင်မပေးဘူးကွ"

အဘိုးအိုက ပြတ်သားစွာ ပြောဆိုလိုက်၏။ ချွေးချင်းကမူ အားတုံ့အားနာစွာ ဖြစ်လာသည်။ ထို့ကြောင့် သူသည် ဖခင်ဘက်သို့ လှည့်ကာ ပြောဆိုလိုက်၏။

"ဖေဖေရယ် ... သူ့ကို အခွင့်အရေးတစ်ခု ပေးလိုက်ပါလား"



ကျင်းပေါင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ ... ကျွန်တော့်ကို သင်ခွင့်ပြုပါ"

အဘိုးအိုက အနည်းငယ် စဉ်းစားလိုက်သည်။

"ကောင်းပြီလေ ... မင်းကို ငါ အခွင့်အရေးတစ်ခုပေးမယ်"

သူသည် ကြက်ဥပူတင်းတစ်တုံးယူ၍ ကျင်းပေါင်အား မြှောက်ပြလိုက်သည်။

"ဟောဒီမှာ ငါပစ်ပေးလိုက်မယ်၊ မင်းက မကြေအောင် ဖမ်းနိုင်ရင် ငါ မင်းကို သိုင်းပညာ အလကားသင်ပေးမယ်"

သူသည် စကားဆုံးသွားသည်နှင့် ကြက်ဥပူတင်းဖြင့် ပစ်လိုက်သည်။ ကြက်ဥပူတင်းတုံးလေးသည် လေထဲမှာ လွင့်ပျံလာ၏။

ကျင်းပေါင်က လက်နှစ်ဖက်ဖြင့် ကမန်းကတန်း ဖမ်းလိုက်၏။

'ဖွတ်'

ကြက်ဥပူတင်းသည် ကြေမွသွားလေသည်။ အဘိုးအိုက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"မင်းနယ်ကွာ ... ကြက်ဥပူတင်းလေးတောင် မကြေအောင် မဖမ်းနိုင်ဘဲနဲ့ သိုင်းပညာကို ဘယ်လိုလုပ်သင်မလဲ"

ကျင်းပေါင်က ကြေနေသော ကြက်ဥပူတင်းကို လွှင့်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်တစ်တုံးလောက် ပစ်ပေးပါဦး၊ ကျွန်တော် စမ်းဖမ်းကြည့်မယ်"

"ကောင်းပြီလေ"

အဘိုးအိုသည် ပူတင်းတစ်တုံးကို ထပ်မံပစ်ပေးလိုက်ပြန်သည်။ ကျင်းပေါင်က ဂရုစိုက်ပြီး ဖမ်းလိုက်လေသည်။

'ဖုတ်'

ဒုတိယအကြိမ်မြောက် ဖမ်းလိုက်သော ပူတင်းသည်လည်း ကြေမွသွားပြန်လေသည်။ ကျင်းပေါင်မှာ အဘိုးအိုအား အသနားခံသော မျက်လုံးများဖြင့်သာ လှမ်းကြည့်နေမိ၏။ အဘိုးအိုက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မရဘူး မဟုတ်လား၊ ကဲ ... ဒါဆိုရင် ပြန်ပေဦးတော့၊ ပူတင်းကို မကြေအောင် ဖမ်းနိုင်တဲ့အခါကျမှ ငါ့ဆီကို ပြန်လာခဲ့"

အဘိုးအိုက စကားဆုံးသည်နှင့် အခန်းတွင်းသို့ ချာခနဲလှည့်ဝင်သွားလေ၏။ ကျင်းပေါင်သည် စိတ်ပျက်စွာဖြင့် အဘိုးအိုထံမှ ထွက်ခွာလာလေသည်။

ကျင်းပေါင်သည် ကြက်ဥပူတင်းဗန်းဖြင့် ထိုင်နေ၏။ သူသည် ကြက်ဥပူတင်းကိုယူ၍ မြှောက်လိုက်ပြီး ပြန်ကျလာသောအခါ လက်ဖြင့် ဖမ်းလိုက်သည်။ နောက်ထပ် တစ်တုံးကိုယူပြန်၏။



မြှောက်ပြီးပြန်ဖမ်းပြန်သည်။ နောက်ထပ် နောက်ထပ်တစ်တုံးပြီးတစ်တုံး မြှောက်လိုက် ဖမ်းလိုက်နှင့် အလုပ်ရှုပ်နေသည်။ သို့သော် သူသည် မြှောက်များစွာ ကုန်ဆုံးသွားသော်လည်း တစ်တုံးမှ မကြေအောင် မဖမ်းနိုင်ပါ။

သူသည် စိတ်မပျက်ဘဲ ဆက်လက်လေ့ကျင့်နေ၏။ ထိုစဉ် ချွန်ချန်းက ကြက်ဥပူတင်း လွှောက်ပို့ပြီး ပြန်ရောက်လာသည်။ ကျင်းပေါင်က ရှိသမျှ ကြက်ဥပူတင်းများကို ဖြုန်းပစ်နေသည်ကို တွေ့ရသောအခါ ထိတ်ထိတ်ပျာပျာ ဟန့်တားလိုက်သည်။

"ဟော့ ... မင်း ဘာလုပ်နေတာလဲကွ၊ ပူတင်းတွေတော့ ကုန်ပါပြီ"

ကျင်းပေါင်က ဆက်လက်ဖမ်းနေရင်း ...

"ကျွန်တော် အဘိုးကြီးဆီရောက်ခဲ့တယ်၊ သူက ကြက်ဥပူတင်းကို မကြေအောင် ဖမ်းနိုင်မှ ပညာသင်ပေးမယ်လို့ပြောတယ်"

ချွန်ချန်းက ခြေတစ်ချက်ဆောင့်လိုက်သည်။

"အို ... မဟုတ်တာ၊ ပူတင်းဆိုတာ မကြေဘဲ ခံနိုင်မတဲ့လား"

ချွန်ချန်းက မဖြစ်နိုင်ကြောင်း ပြောဆိုသည်။ ကျင်းပေါင်က

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ချလိုက်သည်။ သို့သော် သူ၏မျှော်လင့်ချက်ကိုမူ စွန့်လွှတ်ခြင်း မရှိပါသေးချေ။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က သိုင်းပညာသင်ချင်တာကိုး၊ ဒီတော့ သူပြောသလို လုပ်ရမှာပဲ"

ချွန်ချွန်းက နှုတ်ခမ်းမဲ့လိုက်သည်။

"အေး ... လုပ်သာလုပ်၊ ငှါပူတင်းတွေတော့ မပို့နိုင်လို့ ဖောက်သည်ပျက်တော့မှာပဲ"

ချွန်ချွန်းက ခပ်ငေါ့ငေါ့ပြောရင်း ညည်းညူလိုက်၏။ ကျင်းပေါင်ကမူ ပူတင်းများကို မြှောက်လိုက် ဖမ်းလိုက်နှင့် အလုပ်ရှုပ်နေဆဲ။

ချွန်ချွန်းသည် အလွန်ခေါင်းရှုပ်သွားသည်။ သူသည် ဖောက်သည်များအား ပေးပို့မည့် ပူတင်းများကို ကျင်းပေါင်က ဖြုန်းတီးလိုက်သဖြင့် အချိန်မီမပေးနိုင်သဖြင့် ဖောက်သည်များက လာရောက် ဆူပူပြစ်တင်ပြောဆိုခြင်းကို ခံရလေသည်။

သူသည် အားလုံးကို အမျိုးမျိုးတောင်းပန်တိုးလျှိုးလိုက်ရလေသည်။ ဖောက်သည်များ ပြန်လည်ထွက်ခွာသွားသောအခါတွင်



သူက ကျင်းပေါင်ကို ကြည့်လိုက်လေသည်။

ယခုမှ ကျင်းပေါင်သည် ကြက်နာကြီး လည်လိမ်ထားသလို ခေါင်းငိုက်စိုက်ကျကာ ငေးငိုင်နေသည်ကို သတိပြုမိသွားလေသည်။ ဤတွင် ချွန်ချွန်းလည်း ဆူပူကြိမ်းမောင်းခြင်း မပြုဝံ့တော့ဘဲ ဒေါသကို မျိုသိပ်ထားလိုက်ရတော့သည်။

တစ်ဆက်တည်းပင် ကျင်းပေါင်ကို ကူညီနိုင်ရန် တွေးတောစဉ်းစားလိုက်လေသည်။

"ကြက်ဥပူတင်းပစ်လိုက်လို့ ဖမ်းယူတဲ့အခါ ကြွေမွမသွားအောင် ဖမ်းရမယ်ဆိုတာ မဖြစ်နိုင်တာကို ခိုင်းတာပဲ၊ ကျောက်ခဲတစ်လုံးမှ မဟုတ်တာ"

တွေးရင်း တစ်စုံတစ်ခုကို တွေးလိုက်မိလေသည်။

"ကြက်ဥပူတင်းကို ကျောက်ခဲလို အတုလုပ်ထားလိုက်ရင်ကော ... ဟုတ်ပြီ"

ချွန်ချွန်းသည် ကျင်းပေါင်ကို ကူညီရန် အကြံတစ်ခု ရလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒဏ်ခတ်ခြင်း

နံနက် ... ချွန်ချွန်းက ကြက်ဥပူတင်းကို ဇန်းပေါ်သို့ ညီညာစွာ လှီးခနေ၏။ ကျင်းပေါင်မှာမူ စိတ်ညစ်နေသဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်။

တစ်နေရာတည်းမှာသာ ထိုင်ကာငိုင်နေ၏။ ချွန်ချွန်းက သူ့အား တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ကြက်ဥပူတင်းတစ်တုံး ယူ၍ ကျင်းပေါင်အား ပစ်ပေးလိုက်သည်။ နှုတ်မှလည်း ပစ်ပေးရင်း လှမ်းအော်ပြောလိုက်၏။

"ငါ့ညီ ဖမ်းထားစမ်း"

ကျင်းပေါင်က ကမန်းကတန်း လက်နှစ်ဖက်ဖြင့် ဖမ်းထားလိုက်သည်။ ထိုအခါ ...

'ဖုတ်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ထူးဆန်းလွန်းသော အဖြစ်အပျက်ကြောင့် ကျင်းပေါင်က လက်ထဲမှ ကြက်ဥပူတင်းကို ငုံ့ကြည့်နေမိ၏။



ကျင်းပေါင်၏လက်ဝါးနှစ်ဖက်သည် ကြက်ဥပူတင်းအား ဖမ်းထားသောအခါ လုံးဝကြေမသွားဘဲ အကောင်းပကတိ ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရတော့သည်။

ကျင်းပေါင်က ချွန်ချွန်းအား လှမ်းကြည့်လိုက်သည်။ နားမလည်နိုင်စွာလည်း မေးလိုက်မိ၏။

"ဒီကြက်ဥပူတင်းက သိပ်မာပါလား"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"ငါက မင်းအတွက် အထူးပြုလုပ်ထားတာ"

သူသည် ပြုံးပြလိုက်သည်။

"ကြက်ဥပူတင်းကို မကြေအောင် ဖမ်းပြမှ အဘိုးကြီးက သိုင်းပညာသင်ပေးမယ်လို့ ပြောတယ်မဟုတ်လား"

ကျင်းပေါင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ချွန်ချွန်းက ...

"ဒီကြက်ဥပူတင်းက ဘယ်လိုဖမ်းဖမ်း မကြေနိုင်ဘူးကွ"

ဟုပြောလိုက်သည်။ ကျင်းပေါင်က သူ့အား ကြောင်အမ်းအမ်းဖြင့် ပြန်ကြည့်နေမိ၏။ ချွန်ချွန်း ပြုံးပြကာ ...

"ဘာကြောင့် ကြည့်နေတာလဲ ... မြန်မြန်သွားလေ"

ဟု တိုက်တွန်းလိုက်သည်။ ကျင်းပေါင်က ကြက်ဥပူတင်းကို

www.burmeseclassic.com

www.burmeseclassic.com



ယူ၍ ဝမ်းသာအားရဖြင့် ခြေလှမ်းလှမ်းလိုက်သည်။ သို့သော် သူသည် ခြေလှမ်းသုံးလှမ်းမျှသာ လှမ်းမိလိုက်သည်။

အတွေးတစ်ခုက သူ၏ ဦးခေါင်းထဲသို့ ဝင်ရောက်လာလေသည်။ ထိုအတွေးနှင့်အတူ သူ့မျက်နှာမှာလည်း စိတ်ညစ်ညူးမှုဖြင့် ညှိုးမှိုင်းသွား၏။

သူသည် ခေါင်းငိုက်စိုက်ချကာ ပြန်လှည့်လိုက်သည်။ ချွန်ချွန်း မျက်မှောင်ကုတ်သွားသည်။ ကျင်းပေါင်အား စိုက်ကြည့်ကာ—

"မင်း ဘာဖြစ်လို့ မသွားသေးတာလဲ"

ဟု လှမ်းမေးလိုက်သည်။ ကျင်းပေါင် ခေါင်းယမ်းလိုက်သည်။ ထို့နောက် စိတ်ပျက်စွာဖြင့် ပြန်ဖြေလိုက်သည်။

"ကျုပ်မသွားချင်ဘူး"

ချွန်ချွန်းက ...

"ဘာဖြစ်လို့လဲ"

"ဒီလိုလုပ်ရင် သူ့ကို လိမ်ရာကျနေမှာစိုးလို့ပါ"

"သွားမှာသာ သွားစမ်းပါကွာ"

ကျင်းပေါင် ခေါင်းယမ်းလိုက်သည်။

"သူများကို လိမ်တဲ့အလုပ် ကျုပ်မလုပ်ချင်ဘူး"

ကျင်းပေါင်က ပြတ်သားစွာပြောလိုက်၏။ ချွန်ချွန်း ပခုံးတွန့်လိုက်သည်။



"သူက မင်းကို မဟုတ်တာခိုင်းတာကိုး၊ ဒီလိုမှ မလုပ်ရင် ဘယ်ရမလဲ"

ကျင်းပေါင် သက်ပြင်းတစ်ချက် ချလိုက်သည်။ နှုတ်မှလည်း စိတ်ပျက်သလို ညည်းညူပြောဆိုလိုက်လေသည်။

"တော်ကြာ အလိမ်ပေါ်သွားရင် ရှက်စရာကြီးဗျာ"

ချွန်ချွန်းက ပုတင်းဗန်းကို လက်ထဲသို့ လှမ်းပေးလိုက်၏။ ထို့နောက် ကျင်းပေါင်လက်ထဲမှ အထူးပြုလုပ်ထားသော ကြက်ဥပုတင်းအား အပေါ်သို့ တင်ထားလိုက်သည်။

"ဟောဒီ တစ်ဗန်းလုံးယူသွား၊ သူကတော့ အပေါ်ဆုံး ပုတင်းကိုယူပြီး မင်းကို ပစ်မှာပဲ၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး အလိမ်ပေါ်မှာလဲ"

ကျင်းပေါင် ခေါင်းညိတ်လိုက်သည်။

"ဒီနည်းကလွဲလို့ ဘာမှလုပ်လို့မရဘူး"

ထို့နောက်တွင်မူ သူက ချွန်ချွန်းအား ကြည့်ကာ ...

"ကျေးဇူးပဲ အစ်ကိုကြီး ... ကျွန်တော် သွားလိုက်ဦးမယ်"

ကျင်းပေါင်က ပြောပြောဆိုဆို ပုတင်းဗန်းကိုယူကာ ထွက်သွား၏။ ချွန်ချွန်းက သူ့အား မျက်စိတစ်ဆုံးကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးသည် လက်ဆောင်ပစ္စည်းများနှင့်အတူတကွ အခြေအရံများ ခြံရံလျက် သိုင်းဆရာအဘိုးအို စုမာကျင်းတို့အိမ်သို့ ရောက်ရှိလာသည်။

မင်းသားလေး ယူဆောင်လာသော လက်ဆောင်ပစ္စည်းများက မနည်းလှပေ။ စုမာကျင်း ဝမ်းသာအားရ ကြိုဆိုလိုက်သည်။

"မင်းသားလေး ... ပစ္စည်းတွေ များလှချည်လား"

တစ်ဆက်တည်းပင် မင်းသားလေးအား နေရာထိုင်ခင်း ပေးလိုက်၏။ မင်းသားလေး ပြုံးပြလိုက်သည်။

"လူတစ်ယောက်က ကျုပ်ကို အကောင်းဆုံးအရက် လာပို့သွားတယ်၊ ဆရာက အရက်ကောင်းကြိုက်လို့ လာပို့တာပါ"

လက်ဆောင်ပစ္စည်းများထဲမှပါသော အရက်အိုးများကို မေးဆတ်ပြရင်း ပြောလိုက်သည်။ စုမာကျင်း ဝမ်းသာသွားသည်။ သူသည် အရက်အိုး၏အဖုံးကို ဖွင့်ပြီး အနည်းငယ် စမ်းသောက်ကြည့်သည်။ စုမာကျင်းက အရက်ကို မြည်းကြည့်ပြီးနောက် တအံ့တသြ ချီးမွမ်းလိုက်သည်။ မင်းသားလေးက ပြုံးလိုက်ပြီး ...

"ဒါနဲ့ ရွှေ့ချင်းတစ်ယောက် မတွေ့ပါလား"

ဟု မေးလိုက်သည်။ စုမာကျင်းသည် လက်ဆောင်ပစ္စည်းများကို အငမ်းမရ ကြည့်ရင်း ပြန်ဖြေသည်။

"သူ နောက်ဖေးမှာ အကျီလျှော်နေပါတယ်"



မင်းသားလေး မျက်မှောင်ကြုတ်သွားသည်။

"သူကိုယ်တိုင် အကျီလျှော်တယ် ... ဟုတ်လား"

တအံ့တသြဖြင့်လည်း မေးလိုက်သည်။ စုမာကျင်း ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့က ဆင်းရဲသားပဲ၊ မင်းသားလေးလို အခိုင်းအစေတွေ ဘာတွေ ရှိတာမဟုတ်တော့ ကိုယ်တိုင်လျှော်ရတာပေါ့"

သူသည် အရက်အိုးနှစ်လုံးအား မ,ယူလိုက်သည်။ ထို့နောက် မင်းသားလေးအား တစ်ချက်ကြည့်ကာ ပြောဆိုလိုက်၏။

"ကဲ ... သွားတွေ့လိုက်ပါဦး၊ အရက်ကို ကျုပ်သွားဖွက်ထားမှ ဖြစ်မယ်၊ တော်ကြာ ရွှေ့ချင်းတွေ့သွားရင် ကျုပ်ကိုဆူနေဦးမယ်"

သူသည် ပြောရင်း အတွင်းသို့ ဝင်သွားတော့သည်။

❋

ရွှေ့ချင်းသည် အကျီများကို ကြိုးတန်းပေါ်သို့ လှန်းနေ၏။ မင်းသားလေးက ပိုးထည်တစ်လိပ်ယူပြီး ရောက်ရှိလာလေသည်။ ရွှေ့ချင်း၏ လှပသောမျက်နှာလေးကို မြင်ရသောအခါ မင်းသားလေး၏ သွားများသည် အဖွေးသားပေါ်သွားလေသည်။

သူသည် အနီးသို့ရောက်ရှိလာသောအခါ အလှမ်းပြော

www.burmeseclassic.com

www.burmeseclassic.com



ပျောင်းသောလေသံဖြင့် ...

"ရွှေ့ချင်း"

ဟု ခေါ်လိုက်သည်။ ရွှေ့ချင်း လှည့်ကြည့်လာ၏။

"မင်းသားလေးပါလား"

"ဟုတ်ပါတယ်"

မင်းသားလေးသည် လက်ထဲမှ ပိုးထည်လိပ်ကို မြှောက်ပြလိုက်သည်။

"ရွှေ့ချင်း ... ဒီပိုးထည်လှသလားဟင်"

ဟု မေးလိုက်သည်။ ရွှေ့ချင်းက ပိုးထည်လိပ်ကို တစ်ချက်မျှသာ ကြည့်လိုက်၏။ နှုတ်မှလည်း အမှတ်မထင်ဟန်ဖြင့် ပြောဆိုလိုက်သည်။

"လှသားပဲ"

မင်းသားလေးသည် ရွှေ့ချင်းအား မြှောက်ပင့်ပြောဆိုလိုက်လေသည်။

"ရွှေ့ချင်းသာ ချုပ်ဝတ်ရင် သိပ်ကိုလှမှာပဲ"

ရွှေ့ချင်း မချိပြုံး ပြုံးကာ ...

"ကျွန်မတို့က ဆင်းရဲသားပါ၊ ဒီလောက် တန်ဖိုးကြီးတဲ့ ပိုးထည်ကို ဝယ်မဝတ်နိုင်ပါဘူး"

မင်းသားလေးက သဘောကျစွာ ပြုံးလိုက်၏။



"ကျုပ်က မင်းအတွက် ယူလာတာပါ"

ရွှေ့ချင်း ခေါင်းခါယမ်းလိုက်၏။ နှုတ်မှလည်း ငြင်းဆိုလိုက်သည်။

"ကျွန်မ မယူပါရစေနဲ့ရှင်၊ ဒီလောက် တန်ဖိုးကြီးတဲ့အထည်ကို ကျွန်မ မဝတ်ချင်ပါဘူး"

မင်းသားလေးမှာ ရွှေ့ချင်း၏ ငြင်းဆိုမှုကြောင့် ငိုင်တွေသွားသည်။ ထိုစဉ် စမာကျင်း ရောက်ရှိလာသည်။ သူသည် မင်းသားလေး၏ လက်ထဲမှ ပိုးထည်လိပ်ကို လှမ်းယူလိုက်သည်။

"မင်းသားလေး ... အပြင်မှာပူတယ်၊ အထဲမှာ လက်ဖက်ရည် သောက်ရအောင်ကြွပါ"

သူသည် ပြောရင်း ရွှေ့ချင်းဘက်သို့ လှည့်လိုက်သည်။

"ရွှေ့ချင်း ... မင်းအလုပ်ကို ခဏချထားဦး၊ မင်းသားလေးကို ဧည့်ခံရမယ်"

စမာကျင်း၏လေသံက အမိန့်ဆန်သည်။ ရွှေ့ချင်းမှာ ခေါင်းငုံ့နေ၏။ စမာကျင်းသည် ယင်းသို့မှာကြားပြီး မင်းသားလေးနှင့်အတူ ဧည့်ခန်းထဲသို့ လျှောက်သွားလေသည်။

ရွှေ့ချင်းပင့်သက်ရှိုက်လိုက်၏။ ထို့နောက် စမာကျင်းတို့နောက်မှ လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာကျင်းနှင့်မင်းသားလေးတို့သည် ဧည့်ခန်းထဲသို့ ရောက်ရှိလာလေသည်။ ချွေ့ချင်းက ရေနွေးကြမ်းအိုး လာရောက်ချပေးသည်။ ထိုစဉ်မှာပင် ကျင်းပေါင်က ကြက်ဥပူတင်းဇုန်းကိုယူ၍ ခြေလှမ်းသုတ်သုတ်ဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရလေသည်။ ကျင်းပေါင်က အဘိုးအိုကို ဦးညွှတ်ကာ ပြောလိုက်သည်။

"ဆရာ ကျွန်တော်ကြက်ဥပူတင်းကို ဖမ်းပြနိုင်ပါပြီ ခင်ဗျာ"

မင်းသားလေးမျက်မှောင်ကြုတ်သွားသည်။ စုမာကျင်းဘက်သို့ လှည့်ကာ ဘယ်လိုလဲဟူသော သဘောဖြင့် မေးဆတ်ပြလိုက်သည်။

အဘိုးအိုက ကျင်းပေါင်အား မကြည်သလို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် မင်းသားလေးအား ရှင်းပြလိုက်သည်။

"ဒီလိုပါ မင်းသားလေး ... ဒီသူငယ်က သိုင်းရူး ရူးနေပါတယ်၊ ကျုပ်ဆီလာပြီး ပညာသင်ပေးပါလို့ နားပူနားဆာလုပ်နေတာနဲ့ ကျုပ်က ကြက်ဥပူတင်းမကြေအောင် ဖမ်းနိုင်ရင် သင်ပေးမယ်လို့ ညာလွှတ်လိုက်တာ"

စုမာကျင်းက ပြောရင်း သူ့စကားသူ သဘောကျကာ ရယ်လိုက်၏။ သူသည် ယင်းသို့ပြောပြီး ကျင်းပေါင်ဘက် လှည့်လိုက်လေသည်။ သူ့မျက်နှာအမူအရာကလည်း ချက်ချင်းပင် ပြောင်းလဲသွားလေသည်။



"ဒီမှာ ငါ့ဧည့်သည်ရောက်နေတယ် ... မင်း မတွေ့ဘူးလား၊ မင်း မြန်မြန်ထွက်သွားစမ်း"

စုမာကျင်းက နှင်လွှတ်လိုက်သည်။ ကျင်းပေါင် ဦးညွှတ်လိုက်သည်။

"ကျွန်တော်က ကြက်ဥပူတင်းမကြေအောင် ဖမ်းနိုင်လို့ လာပြတာပါ"

အဘိုးအိုစုမာကျင်းက တံခါးပေါက်ဆီသို့ ညွှန်ပြရင်း ...

"အေး ... နောက်မှပြ၊ အခု ထွက်သွား"

ဟု အော်လိုက်၏။ သို့သော် ကျင်းပေါင်က ထွက်မသွားပါချေ။ ပေပြီးသာ ရပ်နေ၏။ စုမာကျင်း ဒေါပွသွားသည်။ အော်ငေါက်ရန်လည်း ဟန်ပြင်လိုက်သည်။ မင်းသားလေးက ကြားဖြတ်ပြောလာသည်။

"ဆရာရယ် ... ရောက်လာမှတော့ ဖမ်းခွင့်ပေးလိုက်ပါဗျာ"

ကျင်းပေါင် ဝမ်းသာသွားသည်။ ပူတင်းဇုန်းကို စားပွဲပေါ်တင်ထားလိုက်သည်။ ထို့နောက် ခြေလှမ်းဆယ့်ငါးလှမ်းခန့် နောက်သို့ ဆုတ်သွား၏။ ဤတွင် အဘိုးအိုက အပေါ်ဆုံးမှ ကြက်ဥပူတင်းကို လှမ်းယူလိုက်ပြီး ...

"ကဲ ... မကြေအောင် ဖမ်းပေတော့"

သူသည် ပြောရင်း ကျင်းပေါင်ထံ ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖပ်'

ကျင်းပေါင်က လက်ဝါးနှစ်ဖက်ဖြင့် ညှပ်၍ ဖမ်းယူလိုက်လေသည်။ ယခုတစ်ခါတွင်မူ စုမာကျင်းသည် မျက်လုံးပြူးသွားရလေတော့သည်။

အကြောင်းမှာ ကျင်းပေါင် ဖမ်းလိုက်သော ကြက်ဥပူတင်းသည် ကြေသွားခြင်းမရှိဘဲ ပကတိ အကောင်းအတိုင်း ဖြစ်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။ ကျင်းပေါင်က မင်သေသေဖြင့် ...

"ကဲ ဆရာ ... ကျွန်တော် ပူတင်းကို မကြေအောင် ဖမ်းနိုင်ပြီ၊ သိုင်းပညာသင်ပေးပါတော့"

ဟု ပြောလိုက်သည်။ မင်းသားလေး မှင်တက်သွား၏။ ထို့နောက် လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်လေသည်။

"တော်တယ်ဟေ့"

သူသည် တစ်ချက်ပြုံးလိုက်ပြီး စကားကို ဆက်ပြောလိုက်ပြန်သည်။

"ဒါပေမဲ့ ကျုပ်ပစ်တဲ့ ပူတင်းတုံးကို မကြေအောင် ဖမ်းနိုင်ရင် ပိုပြီးလေးစားမယ်"

သူသည် စကားဆုံးသွားသည်နှင့် ပူတင်းဗန်းပေါ်မှ ပူတင်းတစ်လုံးကို ယူ၍ လျှပ်တစ်ပြက် ပစ်လိုက်လေသည်။ ကျင်းပေါင်က



အလိုအလျောက် ဖမ်းယူလိုက်၏။

'ဖုတ်'

ပူတင်းများ ကြေမွသွားလေသည်။ မင်းသားလေး မျက်မှောင်ကုတ်သွားသည်။ ချက်ချင်းပင် ပူတင်းတစ်တုံး ထပ်မံယူကာ ကျင်းပေါင်၏မျက်နှာကို ပစ်ပေါက်လိုက်သည်။

ပူတင်းသည် ကျင်းပေါင်၏မျက်နှာဆီ တည့်တည့်မတ်မတ် တိုးဝင်သွားပြီး ...

'ဖပ်'

မြည်သံနှင့်အတူ မျက်နှာတစ်ခုလုံး ပေကျံသွားလေတော့သည်။ မင်းသားလေး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ တစ်ဆက်တည်းပင် ကျင်းပေါင် ပထမဆုံး ဖမ်းယူသော ကြက်ဥပူတင်းကို လှမ်းယူကာ စစ်ဆေးကြည့်လိုက်၏။

ထိုအခါ သူက ချက်ချင်း သဘောပေါက်သွားလေသည်။ ကျင်းပေါင်အားကြည့်ကာ ...

"မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ်တဲ့အကျင့်ရှိတာကိုး"

ဟု ပြစ်တင်ရှုတ်ချလိုက်၏။ စုမာကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။ ချက်ချင်းပင် ပထမကြက်ဥပူတင်းကိုယူ၍ စစ်ဆေးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မကြေအောင် အထူးဖြုလုပ်ထားသည်ကို တွေ့ရှိသွား၏။ စုမာကျင်း ဒေါသထွက်သွားသည်။

"ဟေ့သူငယ် ... မင်းက လူလိမ်၊ ငါ့ကို ဒီလိုလာလိမ်လို့ရမလား"

ဟု အော်ပြောလိုက်သည်။ ကျင်းပေါင်သည် ရှက်လည်းရှက်၊ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်နေသဖြင့် ခေါင်းငုံ့ထားလေသည်။

အနီး၌ ရပ်နေသော ရွှေ့ချင်းသည် ကျင်းပေါင်၏ သနားစရာအဖြစ်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားလေသည်။ ကျင်းပေါင်မှာ ခေါင်းငုံ့လျက်သား တိတ်ဆိတ်စွာရပ်နေ၏။ အဘိုးအိုက အခန်းဝကို ညွှန်ပြလိုက်သည်။

"ဟေ့ သူငယ် ... မင်းလို အကျင့်စာရိတ္တ မကောင်းတဲ့လူကို ကျုပ် ဘယ်တော့မှ သိုင်းပညာသင်မပေးဘူးကွ၊ အခုထွက်သွားပါ"

ကျင်းပေါင်သည် ပုတင်းဗန်းကိုယူ၍ အိပ်ခန်းထဲမှ လှမ်းထွက်လိုက်လေသည်။

"ရပ်လိုက်"

မင်းသားလေးက ဟန့်တားလိုက်၏။ ကျင်းပေါင်သည် မင်းသားလေး၏ ဟန့်တားသောအသံကြောင့် လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်ရသည်။ မင်းသားလေးက အခြွေအရံများဟက်လှည့်ကာ မေးဆတ်ပြ၏။



ထို့နောက် ကျင်းပေါင်အား ညွှန်ပြကာ ...

"ဒီလူဟာ လိမ်ပြောတယ်၊ အကျင့်စာရိတ္တပျက်တယ်၊ ဒါကြောင့် သူ့ကို ဒဏ်ခတ်ရမယ်"

အခြွေအရံများက ဦးညွှတ်ကာ ...

"အမိန့်ရှိပါ"

မင်းသားလေးက ကျင်းပေါင်အား စိုက်ကြည့်လိုက်သည်။ ထို့နောက် လေသံမာမာဖြင့် ...

"မင်းရဲ့ ပုတင်းဗန်းကို မင်းကိုယ်တိုင် ခေါင်းပေါ်တင်ပြီး ကျုပ်မှားတယ်, ကျုပ်လိမ်မိတယ်ဆိုတဲ့ စကားကို လူစည်ကားတဲ့ လမ်းတွေမှာ လျှောက်အော်ရမယ် ... ဒါပဲ"

ကျင်းပေါင်သည် မိမိအမှားကို ပြုမိနေသူဖြစ်သဖြင့် အပြစ်ဒဏ်ကို ခံယူရန် ခေါင်းငုံ့ချလိုက်သည်။ ထို့နောက် အံတင်းတင်းကြိတ်လိုက်ပြီး ...

"ကျုပ်မှားတယ်၊ ကျုပ်လိမ်မိတယ်"

ဟု တစ်လမ်းလုံး ရေရွတ်ကာ လျှောက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်မှားတယ်၊ ကျူပ်လိမ်မိတယ်"

"ကျူပ်မှားတယ်၊ ကျူပ်လိမ်မိတယ်"

ကျင်းပေါင်သည် ခေါင်းငုံ့ပေါ် ပူတင်းဗန်းတင်ပြီး သူ၏ဝဲယာ တစ်ဖက်တစ်ချက်တွင် မင်းသားလေး၏အခြေအရံများ ခြံရံလျက်မှ ပင် တစ်လမ်းဝင်တစ်လမ်းထွက် တကြော်ကြော် အော်ဟစ်နေ၏။

လမ်းသွားလမ်းလာများတို့သည် သူ့အား ကြည့်ပြီး လှောင် ပြောင်ရယ်မောကြသည်၊ ကဲ့ရဲ့ရှုတ်ချကြသည်။ ကလေးသူငယ်များ သည် သူ့နောက်တွင် အုပ်စုဖွဲ့ကာ သူအော်သလို လိုက်ပြီးအော်ဟစ် နေကြလေသည်။

ပူတင်းသည်ချွန်ချန်းသည် လမ်းထောင့်တွင်ထိုင်၍ ပူတင်း ရောင်းချနေ၏။ လမ်းထဲတွင်မူ လူများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ ချွန်ချန်းက စိတ်ဝင်စားသွား၏။

ထို့ကြောင့် ပူတင်းလာရောက်ဝယ်သော အမျိုးသမီး တစ် ယောက်ထံမှ မေးမြန်းရာ ကျင်းပေါင်မှာ ပြစ်ဒဏ်သင့်နေသည်ကို စိတ်မကောင်းစွာ သိရှိလိုက်ရလေသည်။

သူသည် ပူတင်းဗန်းကိုယူ၍ အိမ်သို့ ကမန်းကတန်း ပြန် သွားလေတော့သည်။



အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ အခန်းတွင်းမှာ လူမရှိ ၍ မဟုတ်ပါ။ လူနှစ်ယောက် ရှိနေသည်။ ကျင်းပေါင်နှင့် ချွန်ချန်းတို့ ဖြစ်ကြပါသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ ဘဲ ထိုင်နေကြသည်။ သူတို့၏မျက်နှာများမှာမူ သုန်သုန်မှုန်မှုန် ဖြစ် နေကြသည်။ အတန်ကြာမှ ကျင်းပေါင်က စတင်စကားပြော ိုက်၏။

"ငါ မှားတာ ... ငါ ဒီလိုမလုပ်သင့်ဘူး"

ကိုယ့်ကိုယ်ကိုယ် ပြစ်တင်ပြောဆိုလိုက်၏။ ချွန်ချန်းက လှည့်ကြည့်လာသည်။

"ဘာလဲ ... မင်းက ငါ့ကို အပြစ်တင်နေတယ် ... ဟုတ် လား"

ဟု မေးလိုက်သည်။ ကျင်းပေါင် ပခုံးတစ်ချက် တွန့်လိုက် သည်။

"ကျွန်တော် ခင်ဗျားကို အပြစ်မတင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာပါ"

ချွန်ချန်းက ...

"ဒီကိစ္စမှာ ငါသာတရားခံ၊ ငါ့ကြောင့် မင်း အခုလို ဖြစ်ရတာ ပါ"

ကျင်းပေါင် ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... ကျွန်တော်က သိုင်းပညာသင်ချင်လို့သာ အခုလို မသမာနည်းနဲ့ အသုံးပြုတာပါ"

သူကပြောရင်း ပေါက်စီတစ်လုံး လှမ်းပေးလိုက်၏။

"အစ်ကို တစ်နေကုန် ထမင်းစားတာ မတွေ့ရဘူး၊ ပေါက်စီ စားလိုက်ပါ"

ချွန်ချန်းက ပေါက်စီကို လှမ်းယူလိုက်ပြီး ထက်ပိုင်း ပိုင်း လိုက်လေသည်။ ထို့နောက် တစ်ပိုင်းကို ကျင်းပေါင်အား ပြန်ပေး လိုက်သည်။

"မင်းလည်း တစ်ဝက်စား၊ ငါတစ်ယောက်တည်း စားရတာ အရသာမရှိဘူး"

ကျင်းပေါင် ပြုံးလိုက်၏။ ပေါက်စီတစ်ခြမ်းကို အားပါးတရ စားလိုက်၏။

"ဟား ဟား ဟား"

ချွန်ချန်း ရယ်မောလိုက်သည်။ ထို့နောက် ပေါက်စီကို အား ပါးတရ ကိုက်စားလိုက်သည်။ ဤသို့ဖြင့် စိတ်ကောက်နေကြသော သူတို့နှစ်ယောက် ပြန်လည်ခင်မင်သွားကြပြန်လေတော့သည်။



ကျင်းပေါင်နှင့်ချွန်ချန်းတို့သည် ပူတင်းများကို အင်တိုက် အားတိုက် ကြိုးပမ်းလုပ်ကိုင်ကြသည်။ အကောင်းဆုံးကြက်ဥပူတင်း များ ဖြစ်အောင် ကြိုးစားကြသည်။

ထို့ကြောင့် သူတို့၏ ကြက်ဥပူတင်းများကို ဝယ်ယူသူများ တစ်နေ့တခြား များပြားလာလေသည်။ တစ်နေ့ ဆိုင်လုလင် တစ် ယောက်သည် ခြံဝင်းတစ်ခုသို့ ကြက်ဥပူတင်းပို့ပေးရန် မှာကြားသွား သည်။

ချွန်ချန်းက ဆိုင်လုလင်ပေးထားသော လိပ်စာအတိုင်း ခြံ ဝင်းရှိရာသို့ ပူတင်းများကို သွားပို့ရသည်။

'ဒေါက် ဒေါက်'

ချွန်ချန်းသည် ပူတင်းဗန်းကို ခေါင်းပေါ်တင်၍ လက်တစ် ဖက်က တံခါးကို ခေါက်လိုက်သည်။ သူသည် အကြိမ်ကြိမ်ခေါက် သည့်တိုင် လူသံသူသံမကြားရပါချေ။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

သူသည် လှမ်းခေါ်ကြည့်သည်။ တစ်ဦးတစ်ယောက်မျှ ထူးသံမကြားရပါ။ ဤတွင် သူသည် တံခါးကို စမ်း၍ တွန်းဖွင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခြံတံခါးသည် မင်းတုပ်ထိုးမထားသဖြင့် ပွင့်သွား၏။ တံခါး ပွင့်သွားသောအခါ ချွန်ချွန်းက ခြံထဲသို့ လှမ်းဝင်လိုက်လေသည်။

"အိမ်ရှင်တို့ ... ခင်ဗျားတို့မှာထားတဲ့ ပူတင်းကိုလာပို့တာပါ"

သူသည် ယင်းသို့ အော်ခေါ်ရင်းမှ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ သို့သော် လူတစ်ယောက်မျှ မမြင်တွေ့ရပါ။ ထိုအခါကျမှ လူမရှိသော ခြံဝင်းအတွင်းသို့ ရောက်နေကြောင်း သိရတော့၏။

သူ၏မျက်လုံးအစုံသည် ခြံဝင်းအလယ်ဗဟိုရှိ ထင်းပုံရှိရာသို့ ရောက်ရှိသွားသည်။ ထင်းတုံးများသည် အရွယ်ညီညီညာညာ ရှိသည်။ အလယ်တည့်တည့်မှ ခွဲထားရာ ထက်ခြမ်းနှစ်ဖက် ညီနေသည်။

ချွန်ချွန်းက ထင်းတုံးကို ယူကြည့်လိုက်၏။ ယင်းထင်းတုံးများကို ပုဆိန်နှင့်ခွဲထားခြင်းတော့ မဟုတ်ပါ။ ထို့အပြင် မည်သည့်အရာနှင့် ခွဲထားမှန်းလည်း သူမသိပါ။

ခွဲခြမ်းထားသည်ကတော့ ညီညာခြင်းရှိလေသည်။ သူသည် ထင်းတုံးများကို သတိပြုကြည့်နေစဉ်မှာပင် ခါးကုန်းနေသော အဘိုးအို တစ်ယောက်က ချောင်းအဆက်မပြတ်ဆိုး၍ ထွက်လာသည်ကို တွေ့ရသည်။ လူတစ်ယောက်မှမရှိဟု ထင်နေခြင်းမှာ မှားသွား၏။



ချွန်ချွန်း ကြောင်ကြည့်နေစဉ်မှာပင် အဘိုးအိုက ချောင်းအဆက်မပြတ် ဆိုးနေရင်းမှ သူ့အား နှင်လွှတ်လိုက်သည်။

"အပွတ် အပွတ် ... မင်း ဘာလာလုပ်တာလဲ၊ ထွက်သွားစမ်း"

ချွန်ချွန်း ပြုံးပြလိုက်သည်။

"ကျုပ်က ပူတင်းသည်ပါ၊ ပူတင်းမှာတယ်ဆိုလို့ လာပို့တာပါ"

အဘိုးအိုက စိတ်မရှည်သောလေသံဖြင့် ...

"ဘာပူတင်းမှ မမှာဘူး ... မြန်မြန်ထွက်သွားပါ"

အော်ငေါက်လိုက်သည်။ တစ်ဆက်တည်းပင် ချွန်ချွန်းအား တွန်းထုတ်လိုက်ပြီး ခြံဝင်းတံခါးကို အတင်းပိတ်ထားလိုက်သည်။ ချွန်ချွန်း မည်သို့မျှ မတတ်နိုင်တော့ပေ။

သူက ပခုံးနှစ်ဖက်တွန့်ကာ ပြန်လှည့်ရတော့၏။ သူက အိမ်သို့ ပြန်ရောက်လာသောအခါတွင် ထိုခြံဝင်းနှင့် ထိုအဘိုးအိုအား စိတ်ထဲ၌ သံသယရှိလာမိလေတော့သည်။

❋

အိမ်သို့ရောက်လျှင် ရောက်ချင်း ကြုံတွေ့ခဲ့ရသည်များကို

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပေါင်အား ပြောပြလိုက်သည်။

"ပူတင်းမှာလို့ သွားပို့တယ်၊ ဒါပေမဲ့ အဘိုးကြီးက ငါလာတာကို မကြိုက်လို့ အတင်းနှင်ထုတ်တာပဲ"

ချွန်ချွန်းက ဘဝင်မကျသဖြင့် သူ့အတွေ့အကြုံအား ရှင်းပြသည်။ ကျင်းပေါင်က ချွန်ချွန်းယူလာသော ထင်းခြမ်းကို သေချာစွာ လေ့လာကြည့်ရှုသည်။ ထို့နောက် မေးစေ့အား လက်ဖြင့်ပွတ်သပ်ရင်း

"အင်း ... ဒီတစ်ခြမ်းကို ပုဆိန်နဲ့ခွဲထားတာ မဟုတ်ဘူး၊ ဓားမနဲ့ခွဲထားတာလည်း မဟုတ်ဘူး၊ တော်တော် စိတ်ဝင်စားစရာကောင်းတယ်"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"အဘိုးကြီးပြောတဲ့ လေသံကလည်း ဒေသခံလူတွေရဲ့ လေသံမျိုး မဟုတ်ဘူးဆိုတာ သေချာတယ်"

"ခင်ဗျား သူ့ကို ဘယ်နယ်သားလို့ ထင်လဲ"

ချွန်ချွန်း ခေါင်းယမ်းလိုက်သည်။

"ငါ မမှန်းတတ်ဘူး၊ ဒါပေမဲ့ ဒီနယ်သား မဟုတ်ဘူးဆိုတာတော့ ကောင်းကောင်းသိတယ်"

ကျင်းပေါင်က ထင်းခြမ်းတုံးများကို စိတ်ဝင်စားစွာ ကြည့်လိုက်လေသည်။ ထို့နောက် ထင်းခြမ်းကို စိတ်ဝင်စားစွာ ကြည့်နေရင်းမှ သူသိထားသော အကြောင်းအရာကို ပြောပြလိုက်၏။



"ကျွန်တော်ငယ်ငယ်က ကြားဖူးခဲ့တာကတော့ အရှေ့ကျွန်းက သိုင်းသမားတွေဟာ သိုင်းပညာအဆင့်မြင့်လာတဲ့အခါ သစ်တုံးကို လက်နဲ့ခွဲနိုင်တယ်လို့ပြောတယ်"

ချွန်ချွန်း မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် ဒီအဘိုးကြီးဟာ အရှေ့ကျွန်းကလို့ ငါ့ညီထင်သလား"

ကျင်းပေါင် အနည်းငယ်စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က သိုင်းပညာကို လေ့လာဆည်းပူးချင်သူ တစ်ယောက်ဆိုတော့ သူတို့က ဘယ်လိုလူစားမျိုးတွေဆိုတာ လေ့လာသင့်တယ်လို့ ယူဆမိတယ်"

ချွန်ချွန်းက ...

"မင်းက သွားပြီးစုံစမ်းမယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် မင်းသွားတော့၊ ငါ တစ်ရေးအိပ်လိုက်ဦးမယ်"

ကျင်းပေါင် ပြုံးလိုက်သည်။ ချွန်ချွန်း၏ ပခုံးအားပုတ်ကာ

"ခင်ဗျားလည်း လိုက်ခဲ့ရမယ်"

ဟု ပြောလိုက်၏။ ချွန်ချွန်းမှာ မတတ်နိုင်တော့ဘဲ ထိုင်ရာမှ ထလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှေ့ကျွန်းသား

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေ၏။ ငွေလမင်းသည်လည်း တိမ်မည်းညိုတို့ကြားတွင် ပုန်းကွယ်နေ၏။ ကောင်းကင်ပေါ်တွင် လရောင်မရှိသဖြင့် မှောင်နေသည်။

ငွေကြယ်ကလေးများ မှိတ်တုတ်မှိတ်တုတ် အလင်းကသာ ပတ်ဝန်းကျင်အား အားပျော့စွာ ထွန်းလင်းထားလေတော့သည်။ အချိန်ကား သန်းခေါင်ယံအချိန်သို့ ရောက်လုဆဲဆဲ အချိန်ဖြစ်သည်။

ထိုအချိန်တွင် လူနှစ်ယောက်သည် တိတ်ဆိတ်စွာဖြင့် ခြံဝင်းတစ်ခုရှိရာသို့ ချဉ်းကပ်သွားကြသည်။ သူတို့သည် အနီးသို့ ရောက်သောအခါ ခပ်အုပ်အုပ်အော်ဟစ်သံများ ကြားလိုက်ရသည်။

ချွန်ချန်းနှင့်ကျင်းပေါင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် တစ်ချက်မျှကြည့်လိုက်ကြ၏။ ထို့နောက် အသံလာရာဆီသို့ သူတို့သည် အကာအကွယ်ယူ၍ အထဲသို့ ချောင်းကြည့်လိုက်သည်။

ခြံဝင်းထဲ၌ လူနှစ်ယောက် အချင်းချင်းယှဉ်ပြိုင်သတ်ပုတ်နေကြသည်ကို တွေ့မြင်ရလေသည်။ ကျင်းပေါင်က စိတ်ဝင်စားသွား၏။



ထိုလူနှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်နေကြသော သိုင်းကွက်များကို မှတ်သားထားလေသည်။ ကြယ်ကလေးများ အလင်းရောင်အောက်တွင် ထိုလူနှစ်ယောက်အား ကျင်းပေါင်က သေသေချာချာ မှတ်သားထားလိုက်၏။ ထိုလူနှစ်ယောက်မှာ အသက် ၃၀ ကျော်ခန့် ရှိသည်။

သူတို့၏ခန္ဓာများကား အလွန်ကျစ်လျစ်ပြီး သန်မာထွားကျိုင်းသည်ကို တွေ့ရ၏။ သူတို့၏ မျက်နှာပေါက်များမှာ အရှေ့ကျွန်းသားများ၏ ပုံသဏ္ဌာန်မျိုး ဖြစ်နေ၏။

ထိုလူနှစ်ယောက်သည် လေ့ကျင့်ပြီးသွားသည်နှင့် မိမိတို့၏ သိုင်းပညာရပ်များကို ကျေနပ်သွားကြလေတော့သည်။

"အစ်ကိုကြီး ... တို့ အခုသင်ကြားတဲ့ပညာနဲ့ဆိုရင် သူ့ကို နိုင်နိုင်ပါ့မလား"

ထိုလူနှစ်ယောက်အနက် အရပ်ပုသောလူက မေးလိုက်ခြင်းဖြစ်သည်။ အရပ်ရှည်သော လူက မဲ့ပြုံး ပြုံးလိုက်၏။

"တို့က တက်လူ၊ သူက ကျလူပါကွ၊ သူ့ကိုနိုင်ဖို့ သေချာပါတယ်"

သူသည် အပေါ်သို့ ခေါင်းမော့လိုက်ပြီး ထိုသို့ ကျေနပ်စွာ မှတ်ချက်ချပြီးနောက် ...

"စုမာကျင်း၊ စုမာကျင်း ... ဒီတစ်ခါ မင်းပြေးလို့ လွတ်နိုင်ရိုးလား"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကြုံးဝါးလိုက်လေသည်။ ကျင်းပေါင်သည် စကားကို ကြားလိုက်ရသောအခါ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ အကြောင်းမှာ စုမာကျင်းသည် မိမိက သိုင်းပညာသင်ပေးရန် တိုးလျှိုး တောင်းပန် ထားရသော အဘိုးအိုပင် ဖြစ်သည်ကို သိရှိရသောကြောင့်ပင် ဖြစ်သည်။ ယခုတော့ ဤအရှေ့ကျွန်းသားနှစ်ယောက်က စုမာကျင်းအား တိုက်ခိုက်ရန် စီစဉ်နေကြချေပြီ။ မည်သို့ဆိုစေ သူသည် စုမာကျင်းအား ကြိုတင်အကြောင်းကြားသင့်သည် မဟုတ်ပါလော။ သူသည် ခြံဝင်းမှ လျင်မြန်စွာ ထွက်ခဲ့လေသည်။

✹

ထိုညက ရွှေ့ချင်းနှင့်သူမ၏ဖခင်စုမာကျင်းတို့သည် အခန်းထဲ၌ ထိုင်၍ စကားစမြည် ပြောနေကြလေသည်။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံ ဆူညံစွာ ထွက်ပေါ်လာ၏။ အချိန်မတော်ထွက်လာသော တံခါးသံသည် သားအဖနှစ်ယောက်လုံးအား တိတ်ဆိတ်သွားစေသည်။ အဘိုးအိုက မျက်မှောင်ကုတ်သွားသည်။

"အချိန်မတော် ဘယ်သူများပါလိမ့်"

ရွှေ့ချင်းက ပြောရင်း တံခါးအား သွားရောက်၍ ဖွင့်ပေးလိုက်လေတော့သည်။ ပွင့်သွားသောတံခါးပေါက်မှတစ်ဆင့် ကျင်းပေါင်သည် အခန်းတွင်းသို့ မောပန်းစွာ ပြေးဝင်လာသည်။ ကျင်းပေါင်က ခေါ်လိုက်သည်။

"ဆရာ"

အဘိုးအိုက မျက်မှောင်ကုတ်လိုက်၏။

"လာပြန်ပြီလား ... မင်းကို မလာနဲ့လို့ ဘယ်နှခါ ပြောရမလဲ"

ကျင်းပေါင် မောဟိုက်စွာဖြင့် ...

"ကျွန်တော် ဆရာ့အတွက် သတင်းတစ်ခု လာပို့တာပါ"

အဘိုးအိုသည် ဇဝေဇဝါ ဖြစ်သွားသည်။ သို့ရာတွင် မျက်မှောင်တွန့်ကာ ...

"မင်းက ငါ့ကို ဘာလိမ်ဦးမလို့လဲ"

"ကျွန်တော် လိမ်ဖို့လာတာ မဟုတ်ပါဘူး ခင်ဗျား"

"ဒါဖြင့် ဘာပြောမလို့လဲ ... ပြော"

"ဒီလိုပါ ... အရှေ့ကျွန်းသားနှစ်ယောက် ဆရာ့ကို ရန်ရှာဖို့ တိုင်ပင်နေကြလို့ သတင်းလာပို့တာပါ"

အဘိုးအိုက မယုံသဖြင့် မဲ့ပြုံးပြုံးကာ ပြောလိုက်လေ၏။

"ဟေ့ ... မင်းအကြောင်းမသိရင် ခက်မယ်၊ ငါ့သမီးက မင်းကို မျက်နှာသာပေးတာနဲ့ လာပြီးချဉ်းကပ်ဖို့ ကြိုးစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် လား”

အဘိုးအိုကတော့ အပြတ်ပင် စွပ်စွဲနေချေပြီ။ ကျောင်းပေါင်က ခေါင်းခါပြလိုက်၏။ အလွန် တည်ကြည်စွာဖြင့်လည်း ပြောဆိုသည်။

“မဟုတ်ရပါဘူးဗျာ၊ ဆရာ့အတွက် စိုးရိမ်လို့ လာပြောတာ၊ ကျွန်တော့်စကားကို ယုံပေးပါ ခင်ဗျာ”

အဘိုးအိုက ကျောင်းပေါင် မည်သို့ပင်ပြောဆိုနေ ယုံခြင်းမရှိပေ။

“သွားစမ်း ... မင်းစကား ငါ တစ်ခွန်းမှ မယုံဘူး”

အဘိုးအိုသည် ကျောင်းပေါင်အား အတွင်သာ နှင်လွှတ်လိုက်လေသည်။ ကျောင်းပေါင်သည် အဘိုးအိုက မိမိအပေါ် ဘယ်လိုမှ မယုံကြည်သည်ကို တွေ့ရသဖြင့် စိတ်ပျက်စွာ ထွက်လာလေသည်။

✹

မိုးသည်းထန်စွာ ရွာသွန်းနေ၏။ ကျောင်းပေါင်သည် အဘိုးအို၏အိမ်မှ ထွက်ခွာလာလေသည်။ မိုးရေကြောင့် သူ့တစ်ကိုယ်လုံး စိုရွှဲသွားသည်။ သူသည် စိတ်ပျက်စွာ ကောင်းကင်ပေါ်သို့ ခေါင်းမော့ကြည့်လိုက်သည်။

“ခဏနော်”



သူ့နောက်မှ ချိုလွင်သော အသံကလေးတစ်သံ ထွက်ပေါ်လာသည်။ ကျောင်းပေါင်က ချာခနဲ လှည့်ကြည့်လိုက်၏။ ထီးကလေးတစ်ချောင်း သူ့အား လှမ်းပေးနေသော ရွှေ့ချင်း။

ရွှေ့ချင်းသည် စကားတစ်လုံးမှ မပြောဘဲ ထီးကို လှမ်းပေးလိုက်သည်။ ထို့နောက် ခြံဝင်းအဝအထိ လိုက်ပို့နေသည်။ ထိုစဉ်မှာပင် လိန်မင်းသားလေးသည် ရွှေ့ချင်းနှင့် ကျောင်းပေါင်တို့အား ရင်းနှီးစွာ ဆက်ဆံနေသည်ကို တွေ့ရသောအခါ ဒေါပွသွားလေသည်။

သူ့ရင်ထဲမှာလည်း မည်သူ့အပေါ် ဒေါသထွက်ရမည် မသိဘဲ ကြိတ်မနိုင် ခဲမရဖြစ်ရလေတော့သတည်း။

✹

အဘိုးအိုမှာ ကျောင်းပေါင်လာပို့သွားသည့်သတင်းများကို အပြည့်အဝ မယုံကြည်သော်လည်း တွေးစရာကမူ ဖြစ်နေပြန်၏။ အမှန်စင်စစ် သူသည် တစ်ချိန်တုန်းက အရှေ့ကျွန်းသားများနှင့် ရန်ငြိုးရှိခဲ့သဖြင့် စိတ်ထဲ သံသယဖြစ်လာသည်။

ထို့ကြောင့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သဘောပိုက်ကာ ကျောင်းပေါင်ပြောပြထားသော ခြံဝင်းဘက်သို့ လျှောက်သွားလေသည်။ သူသည် ခြံဝင်းအနီးသို့ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းနေသော အဘိုးအိုနှစ်ယောက်က ထင်းတုံးများ ရွှေ့ပြောင်းနေသည်ကို တွေ့ရလေသည်။

အဘိုးအိုက ထင်းတုံးရွှေ့နေသော အဘိုးအိုနှစ်ယောက်အား ရပ်ကြည့်လိုက်၏။ ထိုအဘိုးအိုနှစ်ယောက်သည် အပြင်မှရပ်နေသော အဘိုးအိုအား တွေ့မြင်သွားကြလေသည်။

သူတို့သည် အချင်းချင်း မျက်စတစ်ချက်ပစ်လိုက်လေတော့သည်။

"အောင်မယ်လေးဗျာ ... ဒါလောက် အသက်ကြီးမှ အစုလိုလေးလံတဲ့အလုပ်ကို လုပ်ခိုင်းတာ ငါ ဘယ်ခံနိုင်မလဲကွ"

အဘိုးအိုတစ်ယောက်က ယင်းသို့ ညည်းတွားလိုက်လေသည်။ ကျန်တစ်ယောက်ကလည်း ထောက်ခံလိုက်သည်။

"တို့ကံကိုက ဆိုးပါတယ်ကွာ၊ အသက်ကြီးမှ ဆင်းရဲနေတော့ သူများထမင်းစား၊ သူများအလုပ်လုပ်ရတော့တာပေါ့ မကောင်းပါဘူးကွာ"

အဘိုးအိုသည် ထိုလူနှစ်ယောက်၏ နွေးထွေးသော လှုပ်ရှားမှုကိုလည်းကောင်း၊ စိတ်ပျက်စွာ ညည်းညူနေသော အသံများကိုလည်းကောင်း ကြားရသောအခါ ရင်ထဲမှ သံသယကင်းရှင်းပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်။

✺



အဘိုးအိုနှစ်ယောက်သည် လာရောက်ချောင်း၍ နားထောင်နေသော စုမာကျင်း ထွက်ခွာသွားသည်ကို တွေ့ရသောအခါ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကျေနပ်စွာပြုံးလိုက်ကြသည်။

သူတို့သည် ခါးကိုင်းထားရာမှ ဆန့်လိုက်ကြ၏။ ဆောင်းထားသော အဘိုးအိုဦးထုပ်များကိုလည်း ချွတ်လိုက်ကြသည်။ ဤတွင် သူတို့သည် အရှေ့ကျွန်းသားဟူသော လူနှစ်ဦးဖြစ်နေသည်ကို ပီပီပြင်ပြင် တွေ့မြင်လိုက်ရသည်။

သူတို့သည် ပန်းချင်းယှဉ်၍ ခြံဝင်းထဲမှ ထွက်လာကြလေတော့သည်။ ထို့နောက် အဘိုးအိုနောက်သို့ မယောင်မလည် လိုက်သွားကြလေသည်။

"ကြက်ဥပုံတင်းဖျို"

ကျင်းပေါင်သည် စားသောက်ဆိုင်ထောင့်တစ်နေရာတွင် ကြက်ဥပုံတင်းကို အော်ဟစ်ရောင်းချနေသည်။ အဘိုးအိုကမူ သူ့အား လှည့်ပင်မကြည့်ဘဲ စားသောက်ဆိုင်ထဲသို့ လှမ်းဝင်သွား၏။ ဆိုင်လုလင်များသည် အဘိုးအို ရောက်ရှိလာသည်နှင့် ...

"ဘာစားမလဲ အဘ"

မေးမြန်းနှုတ်ဆက်လိုက်သည်။ အဘိုးအိုက ခေါင်းခါယမ်းပြလိုက်သည်။

"ဘာမှမစားဘူး၊ မင်းတို့မှာ အရက်ကောင်းကောင်း ရှိ

www.burmeseclassic.com

www.burmeseclassic.com



သလား"

"ရှိပါတယ်"

"ကောင်းပြီ ... ဒါဆို အရက်တစ်အိုးပေးပါ"

"ဟုတ်ကဲ့"

ဆိုင်လုလင်သည် အဘိုးအိုအား ဦးညွှတ်ကာ ထွက်သွားလေသည်။ အတန်ကြာလျှင် အရက်တစ်အိုးကို ယူဆောင်ကာ ပြန်လည် ရောက်ရှိလာသည်။

အဘိုးအိုက ဘာမှမပြောဘဲ အရက်အိုးထဲမှအရက်ကို ငှဲ့ကာ မော့သောက်လိုက်သည်။ ထမင်းတစ်အိုးချက်ခန့် ကြာသောအခါ အရက်တစ်အိုးလုံး တက်တက်စင်အောင် ပြောင်သွားလေသည်။

အဘိုးအိုမှာလည်း အနည်းငယ် မူးရစ်သွားလေသည်။ ကျသင့်ငွေကို စားပွဲပေါ်တင်ကာ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

✿

အဘိုးအိုသည် အရက်ရှိန်တက်လာသောကြောင့် မျက်လုံးများ ရီဝေလာသည်။ သူသည် ယိမ်းယိုင်သော ခြေလှမ်းများဖြင့် စားသောက်ဆိုင်ထဲမှ ထွက်လာသည်။

"ကြက်ဥပုတင်းဗျို့"



ကျင်းပေါင်က ကြက်ဥပုတင်းကို အော်ရောင်းလျက် ရှိ၏။ သူသည် အဘိုးအိုဆိုင်ရှေ့မှ ဖြတ်သွားသည်ကို တွေ့ရသဖြင့် ...

"ဆရာ ပြန်တော့မလို့လား"

သူက နှုတ်ဆက်သည်ကိုပင် အဘိုးအိုက မထူးဘဲ ဆက်လျှောက်သွားလေသည်။ အဘိုးအို၏ အမူအရာက သူ့အား အရေးမစိုက်ဟန် အလျင်းပေါ်လွင်နေသည်။

ကျင်းပေါင်က စိတ်ပျက်စွာဖြင့် ထိုင်ချလိုက်၏။ ဤတွင် အရှေ့ကျွန်းသားနှစ်ယောက် သူ့ဆိုင်ရှေ့မှ ဖြတ်သွားပြီး အဘိုးအို၏ နောက်သို့ မယောင်မလည်လိုက်သွားသည်ကို တွေ့လိုက်ရလေ၏။

✿

အရက်တစ်အိုးလုံး အကုန်သောက်ထားသည့်အတွက် အဘိုးအိုသည် ကိုယ့်ကိုယ်ကိုယ် မနည်းထိန်း၍ လျှောက်နေရသည်။ သူ၏ထီးကို ချိုင်းကြားညှပ်ကာ ခြေလှမ်းယိမ်းယိုင်စွာဖြင့် လျှောက်သွားလေသည်။

သူသည် ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်သွားနေခြင်း ဖြစ်၏။ ရောက်ချင်သည့်နေရာ ရောက်အောင် လျှောက်လှမ်းလာသော အဘိုးအိုသည် မကြာမီ တံတားတစ်ခုရှိရာသို့ ရောက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တံတားအောက်ခြေတွင် ချောင်းရေသည် စီးဆင်းနေ၏။ သူသည် ချောင်းထဲသို့ ငုံ့ကြည့်လိုက်သည်။ ချောင်းရေသည် ငြိမ်ညောင်းစွာ စီးနေပြီး ကြေးမုံပြင်ကဲ့သို့ ကြည်လင်နေ၏။

ရေပြင်၌ သူ၏အရိပ်ကို ကောင်းစွာ တွေ့မြင်ရသည်။ သူသည် သူ၏အရိပ်ကို ကျေနပ်စွာ ကြည့်နေ၏။ ထိုစဉ်မှာပင် သူ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် လူရိပ်နှစ်ခု ပေါ်လာသည်။

အဘိုးအိုက အမှတ်မထင် ပေါ်လာသူနှစ်ယောက်ကို တစ်လှည့်စီ ကြည့်လိုက်၏။

"ဟင်"

သူ ထိတ်လန့်သွားမိလေသည်။ ထိုလူနှစ်ယောက်မှာ အရှေ့ကျွန်းသိုင်းသမားနှစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

အဘိုးအိုက ကိုယ်ကိုမတ်ကာ အသင့်ပြင်လိုက်၏။ သူသောက်ထားသောအရက်များ တစ်မုဟုတ်ချင်း ပြေပျောက်သွားသည်။

ထိုအချိန်မှာပင် အရှေ့ကျွန်းသိုင်းသမားနှစ်ယောက်က သူ့အား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ အဘိုးအိုက ထီးဖွင့်လိုက်ပြီး ပြန်လည်ခုခံကာကွယ်ရလေတော့သည်။

❋ ❋ ❋



## ရန်ကြွေး

ညမှောင်နေသော်လည်း တံတားအောက်ရေပြင်၌ ထင်ဟပ်သော မျက်နှာအား ပီပြင်စွာ မြင်နိုင်၏။ အဘိုးအို (ဝါ) စုမာကျင်းသည် သူ၏အရိပ်အား မဝေသောမျက်လုံးအစုံဖြင့် ကြည့်နေ၏။

ရုတ်တရက် သူ၏နောက်ကွယ်တွင် မျက်နှာနှစ်ခုပေါ်လာသည်ကိုတွေ့လိုက်ရသည်။ သူက ခေါင်းတစ်ချက်ခါယမ်းလိုက်၏။ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားသည်။ ရီဝေနေသော မျက်လုံးအစုံမှာလည်း ပြူးကျယ်လာသည်။ ချာခနဲ နောက်သို့လှည့်ကြည့်လိုက်ရာ

"ယား"

လူနှစ်ယောက်က သူ့အား ဝင်ရောက်တိုက်ခိုက်လာလေသည်။ စုမာကျင်းက ရှောင်တိမ်းရင်း ထိုလူနှစ်ယောက်အား လှမ်းမေးလိုက်သည်။

"မင်းတို့ ဘယ်ကလဲ ... မင်းတို့ကို ငါလည်း မသိပါလား"

ထိုလူနှစ်ယောက်က တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

"စုမာကျင်း ...ခင်ဗျားက ကျုပ်တို့ကို မသိပေမယ့် ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကောင်းကောင်းမှတ်မိတယ်ကွ၊ သေပေတော့”

ထိုလူနှစ်ယောက်အနက် အသက်လေးဆယ်ခန့်ရှိသူက ပြောရင်း ထပ်မံတိုက်ခိုက်လိုက်သည်။ အသက်သုံးဆယ်ခန့်ရှိ သူကလည်း ပင်ရောက်တိုက်ခိုက်လာပြန်သည်။

ထိုလူနှစ်ယောက်၏ တရကြမ်းတိုက်ခိုက်မှုအား ရှောင်တိမ်းရင်းမှ ဒေး ပြိန်ကြာလာသောအခါ စုမာကျင်းသည် ထိုလူနှစ်ယောက်အား အနည်းငယ်မှတ်မိလာသည်။

“မင်းတို့ အရှေ့ကျွန်းက မဟုတ်လား”

“ဟုတ်တယ် ... မင်း မှတ်မိပြီမဟုတ်လား၊ ကနေ့ မင်းသေဖို့ ပြင်ပေတော့”

အရှေ့ကျွန်းသားနှစ်ယောက်သည် ဗြာသံပေးရင်း သဲသဲမဲမဲ ဝင်ရောက်တိုက်ခိုက်လေသည်။ စုမာကျင်းက သူ၏ထိုးကို ဖွင့်လိုက်ပြီး ပြန်လည်တိုက်ခိုက်ရင်း ရေထဲသို့ ခုန်ချရန် ဟန်ဆောင်လိုက်သည်။

အရှေ့ကျွန်းသားတို့က စုမာကျင်း ရေထဲခုန်ချမည်ထင်ပြီး ရေထဲသို့ ကြိုတင်ခုန်ဆင်းလိုက်ရာ စုမာကျင်းက တိမ်းရှောင်ပေးနိုင်ခဲ့လေသည်။

❋



ဝါးရုံပင်များ ထူထပ်စွာပေါက်နေ၏။ စုမာကျင်းသည် ဝါးရုံပင်များကြားသို့ ပြေးဝင်ပျောက်ကွယ်သွားသည်။ ညမှောင်နေသဖြင့် အရှေ့ကျွန်းသားနှစ်ယောက်သည် အခက်အခဲနှင့် ကြုံတွေ့နေ၏။

“စုမာကျင်း ... မင်း ပုန်းမနေနဲ့”

“စုမာကျင်း ထွက်ခဲ့ပါ”

အရှေ့ကျွန်းသားတို့သည် ယင်းသို့ တကြော်ကြော် အော်ဟစ်ရင်း ဝါးရုံပင်များအား ဖယ်ရှား၍ သဲသဲမဲမဲ ရှာဖွေနေသည်။ သူတို့သည် အတန်ကြာ ရှာဖွေနေသော်လည်း စုမာကျင်း၏အရိပ်ကိုပင် မတွေ့ရပါ။ သူတို့ စိတ်မရှည်တော့ပါ။

‘ခွမ်း’

သူတို့သည် ဓားရှည်များ ဆွဲထုတ်ကာ ဝါးရုံပင်များအား ခုတ်လှဲလိုက်လေတော့သည်။

❋

စုမာကျင်းသည် အရှေ့ကျွန်းသားတို့က ဝါးရုံပင်များ ခုတ်လဲနေသည်ကို တွေ့လိုက်ရသဖြင့် ပုန်းကွယ်ရာမှ တစ်ဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

“ဟာ ... ပြေးပြီ”

www.burmeseclassic.com

www.burmeseclassic.com



"လိုက်"

အရှေ့ကျွန်းသားနှစ်ယောက်တို့သည် စုမာကျင်တို့ ပြေးထွက်သွားသည်ကို တွေ့ရသဖြင့် နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

❁

"ကြက်ဥပူတင်းဖျို့"

ကျင်းပေါင်သည် တကြော်ကြော် အော်ဟစ်ကာ ပူတင်းရောင်းနေ၏။ ရုတ်တရက် စုမာကျင်းက မောကြီးပန်းကြီး ပြေးလာနေသည်ကို တွေ့လိုက်ရသည်။ ကျင်းပေါင်က ရုတ်တရက်ထကာ–

"ဆရာ ဘာဖြစ်တာလဲဗျ"

ဟု ဆီးကာမေးလိုက်သည်။ စုမာကျင်းက ...

"မင်း ပူတင်းဗန်းနဲ့အဝတ် ငါ့ကိုပေးစမ်း"

စုမာကျင်းက ကျင်းပေါင်၏နေရာကို ဝင်ရောက်ပြီး ကျင်းပေါင် ခြုံထားသော အဝတ်ဖြူကို ထိုဆွဲယူလိုက်လေသည်။ ထို့နောက် ...

"ရော့ ... ငါ့ဦးထုပ်နဲ့ထီးယူ၊ ရှေ့ကို ပြေးသွား"

သူသည် ခမောက်နှင့်ထီးကို ကျင်းပေါင်အား လှမ်းပေး



လိုက်လေသည်။ ကျင်းပေါင် အံ့သြသွားသည်။

"ဘာလုပ်ဖို့လဲ ဆရာ"

စုမာကျင်းမျက်နှာ တင်းမာသွားသည်။

"စကားမများနဲ့ ... မင်း ရှေ့ကိုသာ ပြေးသွားပါ"

ကျင်းပေါင်သည် အဘိုးအိုက မျက်နှာထား တည်ကြည်စွာ ပြောနေသည်ကို တွေ့ရသဖြင့် ထပ်မမေးဝံ့တော့ဘဲ ရှေ့သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားလေသည်။ ထိုစဉ် အရှေ့ကျွန်းသားနှစ်ယောက် ရောက်ရှိလာသည်။ သူတို့သည် ဈေးသည်ဟန်ဆောင်ထားသော စုမာကျင်းအား လှမ်းမေးလိုက်၏။

"ဟေ့ ... အဘိုးအိုကြီးတစ်ယောက် ပြေးသွားတာ တွေ့လိုက်လား"

စုမာကျင်းက ခေါင်းငြိမ့်သွားသည်။ နှုတ်မှလည်း ခပ်တည်တည် ပြန်ဖြေလိုက်သည်။

"တွေ့တယ် ... ထီးနဲ့အဘိုးအို မဟုတ်လား"

"ဟုတ်တယ် ... သူ ဘယ်ဘက်ပြေးသွားလဲ"

အရှေ့ကျွန်းသားနှစ်ယောက်က စူးစမ်းလိုက်သည်။ စုမာကျင်းက ကျင်းပေါင် ပြေးသွားသောနေရာသို့ ညွှန်ပြလိုက်၏။

"ဟိုဘက်ပြေးသွားတယ်"

အရှေ့ကျွန်းသားတို့သည် စုမာကျင်းညွှန်ပြသောနေရာသို့

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်သည်။ ဤတွင် ထီးကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ခမောက်ဆောင်းထားရင်း ပြေးလွှားနေသည့် ကျင်းပေါင်အား တွေ့မြင်လိုက်ကြရတော့သည်။

အရှေ့ကျွန်းသားနှစ်ယောက်သည် အချိန်ဆိုင်းမနေကြတော့ပါ။ သူတို့သည် ကမန်းကတန်း ပြေးလွှားလိုက်သွားလေ၏။

✽

အရှေ့ကျွန်းသားနှစ်ယောက်သည် ကျင်းပေါင်နောက်သို့ လိုက်သွားရာ တံတားတစ်ခုအရောက်တွင် မျက်ခြည်ပြတ်သွား၏။

သူတို့သည် တံတားအောက်သို့ ခုန်ဆင်းလိုက်ကြ၏။ ထို့နောက် တစ်လှမ်းချင်းလှမ်း၍ လျှောက်သွား၏။ သူတို့သည် တံတားတစ်ဝက်သို့ ရောက်သောအခါ ခမောက်တစ်လုံး ဆောင်းထားသော လူတစ်ယောက်က တံတားတိုင်ကို တွယ်ကပ်ပြီး ရပ်နေသည်ကို တွေ့မြင်လိုက်ကြရသည်။

"ယား"

သူတို့သည် ပြိုင်တူခုန်အုပ်လိုက်သည်။ သို့သော် သူတို့ မှားသွားကြလေပြီ။ အကြောင်းမှာ သူတို့ခုန်အုပ်လိုက်သော ခမောက်နှင့် အပေါ်အင်္ကျီတစ်ထည်အား တံတားတိုင်တွင် ချိတ်ဆွဲထားခြင်းသာ



ဖြစ်သည်ကို တွေ့ရှိရသောကြောင့်ပင် ဖြစ်သည်။

✽

စုမာကျင်းသည် မောဟိုက်စွာဖြင့် အိမ်သို့ ပြန်လည်ရောက်ရှိလာလေသည်။ ထိုအခါ ကျင်းပေါင်မှာ အိမ်ကလေးသို့ ရောက်နေသည်ကို အံ့သြစွာ တွေ့မြင်ရလေသည်။

ထို့အပြင် ကျင်းပေါင်မှာ အပေါ်အင်္ကျီဝတ်မထားဘဲ ထိုင်နေသည်။ သမီးဖြစ်သူ ရွှေ့ချင်းက ကျင်းပေါင်၏အဝတ်အစားများအား အပေါက်ဖာထေးပေးနေသည်ကို တွေ့ရသည်။ စုမာကျင်း ဒေါသအမျက် ခြောင်းခြောင်းထွက်သွားသည်။

"ကျွန်တော့်အပေါ် အင်္ကျီချွတ်ထားခဲ့လို့ အတွင်းအင်္ကျီနဲ့ ပြေးလာတာ ဆူးတွေငြိပြီး စုတ်ကုန်လို့ ရွှေ့ချင်းက ဖာပေးမယ် ဆိုတာနဲ့"

စုမာကျင်းက လက်ကာပြီး ...

"ထားပါတော့ ... ဘယ်မလဲ ငါ့ခမောက်"

"အရှေ့ကျွန်းသားနှစ်ယောက် မျက်စိလည်သွားအောင် ခမောက်ထားခဲ့ပါတယ်"

"ဟာကွာ ... ဒါဖြင့် ငါ့ထီးပြန်ပေး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပေါင်က အနီးၛှ ထောင်ထားသော ထီးကို ပေးလိုက်သည်။ စုမာကျင်းက ထီးကို ဖွင့်ကြည့်လိုက်၏။ ထီးတွင်း အပေါက်များစွာ ဖြစ်နေသည်ကို တွေ့ရသည်။

"ကြည့်စမ်း ... ငါ့ထီးက ဘယ်လိုလုပ်ပေါက်သွားတာလဲ"

ကျင်းပေါင် လွန်စွာအားနာသွားပြန်သည်။

"ကျွန်တော် ပြေးလာရင်း ဆူးတွေနဲ့ ငြိလို့ ပြဲသွားတာပါ"

သူက အခြေအနေကို ရှင်းပြလိုက်သည်။

"ဒီထီးက ငါ့လက်ထဲမှာ နှစ်အတော်ကြာသွားပြီ ဘာမှ မဖြစ်ခဲ့ဘူး၊ အခု မင်းလက်ထဲကျမှပဲ ပေါက်ပြဲကုန်ရတယ်"

ထိုစဉ် ရွှေ့ချင်းက ချုပ်ပြီးသော သူ့အဝတ်အစားများကို ပြန်ပေးသည်။ ကျင်းပေါင်သည် အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့် အဝတ်အစားဝတ်ကာ တံခါးပေါက်ရှိရာသို့ ခြေလှမ်း လှမ်းလိုက်၏။

"ဟေ့ ... ဒါက ဘယ်လဲ"

စုမာကျင်းက မေးလိုက်၏။

"အိမ်ပြန်မလို့ပါ"

"မင်း သိုင်းပညာ မသင်ချင်ဘူးလား"

ကျင်းပေါင်က ခေါင်းငုံ့ထားပြီး ...

"သင်ချင်တာပေါ့၊ ဒါပေမဲ့"



စုမာကျင်း ခေါင်းညိတ်လိုက်သည်။

"မင်းက ငါ့အပေါ် ကျေးဇူးရှိတဲ့အတွက် မင်းကို အခမဲ့ သင်ပေးပါ့မယ်"

လုံးဝမမျှော်လင့်မထားသောစကားပင် ဖြစ်၏။ ကျင်းပေါင် ဝမ်းသာသွားမိသည်။

"ဆရာ တကယ်ပြောနေတာလား"

"တကယ် ပြောတာပေါ့"

ကျင်းပေါင်သည် ဒူးထောက်၍ ဦးညွှတ်လိုက်၏။

"အခုချိန်ကစပြီး ကျွန်တော် ဆရာ့ကို ဆရာလို့ခေါ်တော့မယ်"

"အေး ... ဒါပေမဲ့ ငါ မင်းကို သိုင်းပညာသင်ပေးတဲ့အခါမှာ ညအချိန်ကျမှ သင်ပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဤနေရာတွင် အလွန်ထည်ဝါခံ့ညားသော အဆောက်အအုံ တစ်ခုရှိသည်။ ယင်းအဆောက်အအုံမှာ လိန်မင်းသားလေးဂေဟာ ဖြစ်သည်။ မင်းသားလေးသည် ဤဂေဟာမှနေပြီး တစ်မြို့လုံးကို

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်နေခြင်း ဖြစ်လေသည်။ ယခုလည်း သူသည် ဧည့်ခန်းထဲတွင် နန်းတွင်းမှရောက်ရှိလာကြသော နယ်စား၊ မြို့စားတို့အား ဧည့်ခံ၍ တိုင်ပင်ဆွေးနွေးနေလေသည်။ မင်းသားလေးက ခပ်ပြုံးပြုံးဖြင့် ...

"ကဲ ... ခင်ဗျားတို့ ကျုပ်ဆီရောက်လာတယ်ဆိုတော့ ကျုပ်က ကြိုဆိုဧည့်ခံရမှာပေါ့ ... ဘာလိုချင်သလဲသာပြော"

မင်းသားလေးက ရောက်ရှိလာသော မြို့စား၊ နယ်စားအား ဧည့်ဝတ်ကျေပွန်စွာ မေးလိုက်ခြင်းဖြစ်သည်။ မြို့စားက ခေါင်းခါယမ်းလိုက်သည်။

"နေပါစေဗျာ ... ကျုပ်မှာ တာဝန်နဲ့လာတဲ့အတွက် ဘာမှ မလိုပါဘူး"

မြို့စားသည် မင်းသားလေး၏ ထောက်ပံ့ချက်ကို ငြင်းဆန်လိုက်၏။ မင်းသားလေးက ...

"ကျုပ်တို့မြို့မှာ သီချင်းအတော်အဆိုကောင်းတဲ့ တစ်ယောက်ရှိတယ်၊ ခင်ဗျားနားထောင်မလား"

မြို့စားပြုံးလိုက်သည်။

"ဒါတွေ ကျုပ်တို့ ခဏခဏ နားထောင်နေရပါတယ်"

မင်းသားလေးက ...

"ဒါဖြင့် ကျုပ်တို့ စားသောက်နေတုန်း သိုင်းသမားတွေကို သူတို့ သိုင်းပညာပြသနိုင်းရင် ကောင်းမလား"



"မလိုပါဘူး"

မင်းသားလေး မျက်မှောင်ကုတ်သွားတော့သည်။

"ကျုပ်ဆီရောက်တုန်း တစ်ခုခုတော့ ဧည့်ခံရမှာပေါ့ဗျာ"

မြို့စားက ရယ်မောလိုက်၏။

"ဟော့ .. ဒီလိုဆို ခင်ဗျားတို့မြို့မှာ အလွန်လှတဲ့ မိန်းကလေး တစ်ယောက် 'လျှမ်းမေစားသောက်ဆိုင်'မှာရှိတယ်လို့ ကြားတယ်"

နယ်စားက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ အဲဒီမိန်းကလေးနဲ့ နီးစပ်ရရင် သိပ်ကောင်းမှာပဲ"

မင်းသားလေး ပြုံးလိုက်၏။ သူ့အပြုံးမှာ ဤကိစ္စသည် သူနှင့် မည်သို့မျှ မပတ်သက်၊ ဘာမျှမဆိုင်ဟူသော အပြုံးမျိုးဖြစ်၏။

"ဒီလိုဆိုလည်း ခင်ဗျားတို့ သွားကြပါ၊ ကျုပ်က သူတို့နဲ့ ဖြစ်မယ် မထင်ဘူး"

မြို့စားက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... မင်းသားလေးက ကျုပ်တို့ကို လုံခြုံရေး တာဝန်ယူပါ"

မင်းသားလေးသည် မြို့စား၏ တောင်းဆိုချက်အား လိုက်လျောရန် သင့်မသင့် စဉ်းစားနေ၏။ ထိုစဉ် မင်းသားလေး၏ အားအထားရဆုံးသော ကိုယ်ရံတော်က စာတစ်စောင် လာပို့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးက ထိုစာအား ဖတ်ကြည့်လိုက်သောအခါ မျက်မှောင်ကြုတ်သွားလေသည်။ အကြောင်းမှာ ယင်းစာသည် လျှမ်းမေစားသောက်ဆိုင်သည် မျိုးချစ်သိုင်းသမားတို့၏ ကျက်စားရာ စခန်းဖြစ်သည်ကို ရေးသားထားသောကြောင့်ပင်။

တိုက်ပဲတိုက်ဆိုင်လွန်းလှသည်။ လျှမ်းမေစားသောက်ဆိုင်မှ မိန်းမချောလေးတစ်ယောက်အကြောင်း ပြောဆိုနေစဉ်မှာပင် ၎င်းစားသောက်ဆိုင်အကြောင်း အစီရင်ခံစာက ရောက်ရှိလာသည်။

သို့သော် မင်းသားလေးက ယင်းအကြောင်းကို ထုတ်ဖော်ပြောလိုက်ခြင်း မပြုပါ။ သူသည် တစ်ချက်နှစ်ချက်ပြတ်ဟူသော အကြံကို ခေါင်းထဲမှာ ဖျတ်ခနဲ အသိဉာဏ်ပေါ်လာ၏။

သူ၏အကြံကား မြို့စား နယ်စားနှစ်ယောက်ကို ငါးစာအဖြစ်ထားပြီး မျိုးချစ်သိုင်းသမားများအား အပြုတ်တိုက်ခိုက်မည်ဖြစ်လေသည်။ မင်းသားလေးသည် စာကို သိမ်းလိုက်၏။ ပြီးနောက် ကောက်ကျစ်စွာပြုံးကာ ...

"စိတ်ချပါ၊ ခင်ဗျားတို့လုံခြုံရေးအတွက် ကျုပ်က တာဝန်ယူပါတယ်"

ဟု ပြောလိုက်သည်။ မြို့စား နယ်စားတို့က ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကာ ထွက်ခွာသွားကြလေတော့သည်။

✹ ✹ ✹



## လျှို့ဝှက်သောနေရာ

မင်းသားလေးသည် သူ၏မိခင်နေထိုင်သော အခန်းသို့ ရောက်ရှိလာ၏။ သူ၏မိခင်သည် မကျန်းမမာ ဖြစ်နေ၏။ မိခင်က သူ့အား လှမ်းကြည့်လိုက်သည်။ မင်းသားလေးက ပြုံးကာ ...

"ဘယ်လိုနေသေးလဲ မေမေ"

ဟု ယုယစွာ မေးလိုက်သည်။ မင်းသားလေး၏မိခင်မှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီး ဖြစ်သည်။ သူမ၏ပုံသဏ္ဍာန်မှာ တစ်ချိန်တုန်းက အလွန်လှပချောမောသောမိန်းကလေးတစ်ယောက် ဖြစ်ရမည်ဆိုသည်ကို မြင်ရုံနှင့် သိနိုင်သော ပုံသဏ္ဍာန်မျိုးဖြစ်၏။ သူမက ခေါင်းညိတ်ပြလိုက်၏။

"ဒီတစ်ရက် နှစ်ရက်တော့ သက်သာတယ်၊ ဒါပေမဲ့ လုံးလုံးပျောက်တယ်လို့တော့ မရှိဘူး"

မင်းသားလေးက ကုလားထိုင်တစ်လုံးယူ၍ မိခင်၏ဘေး၌ ထိုင်ချလိုက်သည်။ ထို့နောက် မိခင်အား ကရုဏာကြီးစွာကြည့်ကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးကို မှန်မှန်သောက်ပါ၊ လိုအပ်ရင် အကြောင်းကြားပါ၊ အကောင်းဆုံးဆိုတဲ့ သမားတော်ကို သားခေါ်ပေးပါ့မယ်"

"မလိုပါဘူးကွယ်၊ မေမေ့ရဲ့ရောဂါဟာ နှစ်ပေါင်းအတော်ကြာပါပြီ၊ ဒီလောက်ခံနိုင်တာပဲ ကျေးဇူးတင်ရမယ်"

သူမသည် ပြောရင်း မင်းသားလေးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ ပြီးမှ ...

"မင်းလည်း အသက်မငယ်တော့ဘူး၊ အိမ်ထောင်ပြုဖို့ စိတ်မကူးဘူးလား"

မင်းသားလေးက ပြုံးလိုက်၏။

"သားမှာ အလုပ်များနေလို့ အိမ်ထောင်ပြုဖို့ စိတ်မကူးပါဘူး"

သူသည် မိခင်ကိုမကြည့်ဘဲ ပြတင်းပေါက်မှတစ်ဆင့် အပြင် သို့ကြည့်ကာ ထိုစကားကို ပြောချင်လိုက်ခြင်းဖြစ်၏။ မိခင်ဖြစ်သူက တစ်စုံတစ်ခုကို သတိရလာသည်။

"ဒါနဲ့ သားကို နယ်စားတစ်ယောက်ရဲ့သမီးနဲ့ စေ့စပ်ဖို့ ကမ်းလှမ်းထားတဲ့ကိစ္စကကော ဘယ်လိုလဲ"

မင်းသားလေးက ခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စ အခုထိ ကျွန်တော့်ဘက်က ဘာမှ အစီအစဉ် မရှိသေးပါဘူး မေမေ"



ထိုစဉ် သူ၏ကိုယ်ရံတော် ရှန်းလင်းက အခန်းဝသို့ လာရောက်စောင့်နေသည်ကို တွေ့လိုက်ရသည်။ သူသည် မိခင်ဘက်သို့ လှည့်ကာ ...

"မေမေ သား ကိစ္စရှိလို့ သွားလိုက်ဦးမယ်"

ဟု ခွင့်ပန်လိုက်သည်။ မိခင်ကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီကွယ်"

✵

မင်းသားလေးသည် မိခင်၏အခန်းထဲမှ ထွက်လာခဲ့လေသည်။ သူ့နောက်တွင် ကိုယ်ရံတော်ရှန်းလင်းက ကပ်လျက် လိုက်ပါလာသည်။ မင်းသားလေးသည် လက်နှစ်ဖက် နောက်ပစ်ကာ စင်္ကြံအတိုင်း လျှောက်သွားရင်း ရှန်းလင်းဘက် လှည့်မေးလိုက်သည်။

"ဘာ သတင်းထူးသေးလဲ"

ရှန်းလင်းက အသံတိုးတိုးဖြင့် ...

"ခုန ရရှိတဲ့ သတင်းအရ မျိုးချစ်သိုင်းသမားတွေဟာ လျှမ်းမေ စားသောက်ဆိုင်ထဲ လာပြီး စုဝေးနေကြရတယ်ဆိုတာ သိရပါတယ်"

သူသိထားသော သတင်းကို ပြန်လည်ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး မျက်မှောင်ကြုတ်လိုက်သည်။

"မျိုးချစ်သိုင်းသမားတွေက ဘာကြောင့် လျှမ်းမေ စားသောက်ဆိုင်မှာ လာပြီး စုဝေးနေကြတာလဲ၊ ဒီအချက်ကို မင်းသိလား"

ရှန်းလင်းက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"မဟုတ်မှလွဲရော ... မြို့စားနဲ့ နယ်စားကို လုပ်ကြံမလို့နဲ့ တူတယ်"

ဟု ပြောလိုက်သည်။ မင်းသားလေးက ခေါင်းညိတ်ထောက်ခံလိုက်၏။

"သိပ်ဖြစ်နိုင်တာပေါ့ကွာ"

ရှန်းလင်း၏ခြေလှမ်းသည် မသိမသာ တုံ့ခနဲဖြစ်သွား၏။

"ဒီလိုဆို မြို့စားနဲ့ နယ်စားကို သတင်းပို့ရင် မကောင်းဘူးလား"

သူသည် မင်းသားလေးအား စူးစမ်းသလိုကြည့်ရင်း မေးလိုက်၏။ မင်းသားလေးက ခေါင်းခါယမ်းပြလိုက်သည်။

"မပို့နဲ့"

"ဒါဖြင့် မြို့စားနဲ့နယ်စားတို့ အသက်အန္တရာယ်ရှိမှာကို စိုးရိမ်ရတယ်"

မင်းသားလေးက ပြုံးလိုက်သည်။



"ငါက သူတို့ထဲက အရေးပါအရာရောက်တဲ့လူတွေကို ဖမ်းချင်တာကွ၊ သူတို့အဖွဲ့ကို ဖမ်းမိမယ်ဆိုရင် မြို့စား၊ နယ်စား နှစ်ယောက်ရဲ့ အသက်နဲ့ လဲသင့်ရင် လဲရမှာပေါ့"

ရှန်းလင်းက ယခုမှ သဘောပေါက်သွားလေသည်။

"ကျွန်တော် နားလည်ပါပြီ"

မင်းသားလေးသည် သူ့အခန်းသို့ရောက်ရှိလာသည်နှင့် ခြေ လှမ်း ရပ်တန့်လိုက်သည်။

"ရှန်းလင်း"

"ရှိပါတယ်"

"အခု မင်းက လူတွေကိုစုဆောင်းပြီး လျှမ်းမေစားသောက်ဆိုင်ကို ဝိုင်းထားလိုက်ပါ"

ရှန်းလင်း ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ မင်းသားလေး"

"ကဲ ... မင်း အခုချက်ချင်းသွား၊ လျှမ်းမေစားသောက်ဆိုင်က လူတွေ တစ်ယောက်မှ မလွတ်စေနဲ့"

"ကောင်းပါပြီ မင်းသားလေး"

ရှန်းလင်းသည် မင်းသားလေးအား အရိုအသေပြုလိုက်ပြီး ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## မိန်းကလေးများ

လျှမ်းမေစားသောက်ဆိုင်။ လျှမ်းမေစားသောက်ဆိုင်တွင် မီးရောင်များ ထိန်လင်းနေ၏။ မကြာမကြာ ထွက်ပေါ်လာသော ရယ်သံများမှာ လေနှင့်အတူ လွင့်ပျံလာပြီး တေးဂီတသံများဖြင့် လျှမ်းမေစားသောက်ဆိုင်မှာ စည်ကားသိုက်မြိုက်နေကြောင်း သိသာလှပေသည်။

အမျိုးသမီးများ၏ ချိုလွင်သော အသံများ၊ ယောက်ျားများ စားသောက်ပြီး အာလေးလျှာလေးဖြင့် ရယ်မောသံများတို့သည် လျှမ်းမေ စားသောက်ဆိုင်တစ်ခုလုံးကို လွှမ်းမိုးနေသည်။

သို့သော် လျှမ်းမေစားသောက်ဆိုင်၏ အပြင်လေးဖက်လေးတန်တွင် ကြီးမားသော အန္တရာယ်များ ဝန်းရံထားသည်ကို လျှမ်းမေစားသောက်ဆိုင်ထဲမှ စားသောက်နေကြသော လူများက သိကြမည် မဟုတ်ပါ။

သတိလည်း ပြုမိကြမည် မဟုတ်ပါချေ။ လျှမ်းမေစားသောက်ဆိုင်ထဲမှ စားသောက်နေကြသောလူများက သိကြမည်



မဟုတ်ပါ။ သတိလည်း ပြုမိကြမည်မဟုတ်ပါချေ။ လျှမ်းမေစားသောက်ဆိုင်၏လေးဖက်လေးတန်တွင် မွန်ဂိုစစ်သားများသည် တင်းကျပ်စွာ ဝိုင်းရံထားသည်။

သူတို့သည် လက်နက်မျိုးစုံပါသည့်အပြင် အဝေးတိုက်နိုက်သော မြင်းများပင် ပါပါချေသေးသည်။ ယင်းစစ်သည်တော်များကို မွန်ဂိုမင်းသားလေးနှင့် ကိုယ်ရံတော်ရှန်းလင်းတို့ကိုယ်တိုင် ဦးစီးလာခြင်း ဖြစ်သည်။

မင်းသားလေးသည် ပတ်ဝန်းကျင်ကို အတန်ကြာ အကဲခတ်ပြီးနောက် ...

"မင်းသတင်း သေချာတယ်နော်"

ရှန်းလင်းအား လှည့်ကာ မေးလိုက်သည်။ ရှန်းလင်းက ဦးညွတ်လိုက်၏။

"သေချာပါတယ် မင်းသားလေး"

မင်းသားလေးက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။ ထို့နောက် ...

"မင်း ရရှိတဲ့သတင်းသာ သေချာရင် ဒီနေ့ည ခေါင်းဆောင်ကို မိဖို့ သေချာနေပြီကွ"

ရှန်းလင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... မြို့စား နယ်စားနှစ်ယောက်ကတော့ ကံတရားအတိုင်းပေါ့ကွာ"

ဟု ရေရွတ်လိုက်သည်။ ရှန်းလင်းက ...

"ဟုတ်ပါတယ် မင်းသားလေး၊ သူတို့က လျှမ်းမေစားသောက် ဆိုင်ကို ရွေးပြီး လာချင်တာကိုး၊ မျိုးချစ်သိုင်းသမားတွေက သူတို့ကို ရန်ပြုချင်ပြုမှာပေါ့"

သူတို့ ယင်းသို့ ပြောဆိုနေကြစဉ်မှာပင် လျှမ်းမေ စားသောက်ဆိုင်အတွင်းမှ ဆူညံသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှန်းလင်းက မျက်မှောင်ကြုတ်လိုက်၏။

"သူတို့ဘက်က စပြီး လှုပ်ရှားကြပြီနဲ့တူတယ်"

မင်းသားလေး ခေါင်းညိတ်လိုက်သည်။ တစ်ဆက်တည်းမှာလည်း အမိန့်ပေးလိုက်၏။

"ဟုတ်တယ် ... သူတို့လူတွေ ထွက်လာကြလိမ့်မယ်၊ တစ်ယောက်မှ မလွတ်စေနဲ့"

ရှန်းလင်းက အနည်းငယ် စဉ်းစားလိုက်သည်။ မရှင်းလင်းသော အချက်ကိုလည်း လှည့်မေးလိုက်၏။

"ပြေးထွက်လာတဲ့လူတွေကို သူပုန်လား၊ ဒါမှမဟုတ် အပြစ်မရှိတဲ့လူထုလားဆိုတာ ဘယ်လိုခွဲခြားမလဲ"



မင်းသားလေးက မျက်မှောင်ကြုတ်လိုက်သည်။ အတန်ကြာမှ ...

"အကောင်းဆုံးကတော့ ထွက်လာတဲ့လူမှန်သမျှကို မြားနဲ့သာပစ်၊ ဒါမှ မျိုးချစ်သိုင်းသမားတွေ တစ်ယောက်မှ လွတ်မသွားမှာ"

ဟု ပြောလိုက်သည်။ ထိုစဉ်မှာပင် လျှမ်းမေစားသောက်ဆိုင်အထဲမှ စားသောက်နေသော လူများသည် ဝရုန်းသုန်းကားဖြင့် ပြေးထွက်လာကြသည်ကို တွေ့မြင်ရလေသည်။

မင်းသားလေးက ခေါင်းညိတ်ပြလိုက်၏။ ရှန်းလင်းက လက်ကို အပေါ်မြှောက်ပြီး အောက်ကိုချလိုက်လေသည်။ နှုတ်မှလည်း ကျယ်လောင်သော အမိန့်ပေးသံ ထွက်ပေါ်လာ၏။

"ပစ်"

ဤတွင် လေးဖက်လေးတန်မှ ဝိုင်းရံထားသော စစ်သည်တော်များထံမှ မြားတံပေါင်းများစွာသည် ပြေးထွက်လာသော လူအုပ်ထံ ပလူပျံအောင် လွင့်ပျံလာသည်။

'ဝှစ် ဝှစ် ဝှစ်'

"အား"

"အင့်"

"အောင်မယ်လေး"

ပြေးထွက်လာသော လူများသည် မွန်ဂိုစစ်သည်တော်များ

www.burmeseclassic.com

www.burmeseclassic.com



၏ မြားများထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြသည်။

မြားထိမှန်သောလူများမှာ ယောကျ်ားရော မိန်းမများပါ ရောယှက်နေ၏။ နောက်မှ ပြေးထွက်လာကြသော လူများသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် လျှမ်းမေစားသောက်ဆိုင်ထဲသို့ ပြန်ပြေးဝင်သွားကြလေသည်။

မင်းသားလေးက ပြုံးကာ ရှန်းလင်းအား ကြည့်လိုက်လေသည်။ ရှန်းလင်းက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။ ကျယ်လောင်သော အမိန့်ပေးသံတစ်မျိုးလည်း သူ့နှုတ်မှ ထွက်ပေါ်လာပြန်၏။

"အားလုံးကိုဖမ်း"

စစ်သည်တော်များသည် ပုန်းကွယ်နေရာမှ ပြေးထွက်လာပြီးလျှင် လျှမ်းမေစားသောက်ဆိုင်ထဲသို့ ပြေးဝင်သွားကြလေသည်။

✻

စားသောက်ဆိုင်ထဲ၌ လူများ ဟိုသည်ပြေးလွှားနေ၏။ မွန်ဂိုစစ်သည်တော်များသည် ပြေးလွှားနေကြသူများကို လိုက်လံဖမ်းဆီးနေကြသည်။



စားသောက်ဆိုင်အနီးတစ်ဝိုက်တို့တွင် ကမ္ဘာပျက်မတတ် ပွက်လောရိုက်ကာ နေလေသည်။ မင်းသားလေးသည် မျိုးချစ် သိုင်းသမားများ လုပ်ကြံ၍ ဒဏ်ရာရနေသော မြို့စားနှင့် နယ်စားတို့အား သူ၏ဂေဟာသို့ ပို့ပြီး ဆေးကုသပေးရန် အစီအစဉ်လုပ်နေ၏။

သို့သော် မြို့စား နယ်စားမှာ ဒဏ်ရာပြင်းထန်စွာ ရရှိကာ သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

✻

မိန်းကလေးတစ်ယောက်။ အသက်နှစ်ဆယ်ခန့်ရှိသော မိန်းကလေးတစ်ယောက်သည် ခြေလှမ်း ယိမ်းယိုင်စွာ ပြေးလွှားနေ၏။ သူမ၏အင်္ကျီပေါ်တွင် သွေးများ စွန်းနေသည်ကို ထောက်ကြည့်ခြင်းအားဖြင့် ဒဏ်ရာရရှိလာသည်မှာ သေချာပေသည်။

အမှန်စင်စစ် သူမသည် မွန်ဂိုစစ်သည်တော်များ၏ ဖမ်းဆီးရာကြားမှ လွတ်မြောက်လာခြင်း ဖြစ်လေသည်။ သူမသည် အမှောင်ထုကို ကွယ်၍ ထွက်ပြေးလာခဲ့ရာ မကြာခင်မှာပင် ပူတင်းဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။

သူမသည် တစ်နေရာရာတွင် ပုန်းအောင်းရန် ရှာဖွေနေစဉ် ခြေသံများ ထွက်ပေါ်လာသောကြောင့် ကမန်းကတမ်းပင် ပူတင်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်းသောအိမ်ထဲသို့ ဝင်ပြေးသွားလေသည်။

သူမ ပြေးဝင်သွားသော အိမ်ဆိုင်ကလေးထဲတွင်မူ ချွန်ချန်းက ရှိနေပါသည်။ သူသည် အပြင်ဘက်မှ ဝရုန်းသုန်းကားအသံများ ကြားလိုက်ရသဖြင့် အလုပ်လုပ်ရင်းတန်းလန်းမှပင် အပြင်ဘက်မှ အသံများကို စိတ်ဝင်စားစွာ နားစွင့်နေ၏။

အသံများက ပိုမိုဆူညံလာသည်။ ဤတွင် အသံထွက်ပေါ်လာခြင်းအကြောင်းရင်းကို စုံစမ်းရန် ထရပ်လိုက်သည်။ ထို့နောက် အပြင်သို့ လျှောက်သွားလိုက်သည်။

သူသည် တံခါးရှိရာသို့ လျှောက်သွားရာ သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

အကြောင်းမှာ တံခါးကိုမှီ၍ မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါ၏။ ရုတ်တရက် သူက ကြောင်အမ်းအမ်း ဖြစ်ကာ ရပ်နေမိသည်။ ထိုစဉ် ...

'ဒေါက် ဒေါက်'

အပြင်ဘက်မှ တံခါးခေါက်သံ ကြားလိုက်ရမှ ပြန် သတိဝင်လာ၏။

"ဘယ်သူလဲဟေ့"

သူက ကျယ်လောင်သောအသံဖြင့်ပြန်မေးရင်း မိန်းကလေး



အား တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေး၏အင်္ကျီမှာ သွေးများ ခြင်းခြင်းနီရဲနေသည်ကို တွေ့ရသည်။

မိန်းကလေး၏အမူအရာများလည်း ဖျော့နွမ်းလှသည်။

ချွန်ချန်းသည် ယင်းမိန်းကလေးမှာ ဒဏ်ရာရလာသည်ကို နားလည်လိုက်လေသည်။

မိန်းကလေးက သူ့အား တစ်ချက်ကြည့်လိုက်ပြီး အတွင်းခန်းဘက်သို့ ပြေးဝင်သွားသည်။ ထိုစဉ် ...

'ဒေါက် ဒေါက်'

တံခါးခေါက်သံသည် ပို၍ ကျယ်လောင်လာ၏။

"တံခါးဖွင့်စမ်း"

အပြင်ဘက်မှ အော်သံများကလည်း ပို၍ ကျယ်လောင်လာသည်။

"လာပြီဗျို့ လာပြီ"

ချွန်ချန်း အော်ပြောကာ တံခါးဆီသို့ ပြေးသွား၏။ ထို့နောက် တံခါးကို ဖွင့်ပေးလိုက်သည်။ တံခါးဖွင့်ပေးလိုက်သည်နှင့် မွန်ဂိုစစ်သည်များက အခန်းတွင်းသို့ ဝင်လာကြသည်။ ခေါင်းဆောင်ဖြစ်သူက လက်ဝှေ့ယမ်းကာ ...

"ရှာကြစမ်း"

အမိန့်ပေးလိုက်သည်။ စစ်သည်တော်များက လူစု၍

www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံးသို့ လိုက်လံရှာဖွေကြ၏။ ခေါင်းဆောင်ဖြစ်သူက ချွန်ချွန်းအား စိုက်ကြည့်လိုက်သည်။

ချွန်ချွန်းကလည်း နားမလည်နိုင်သော မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။ ခေါင်းဆောင်က ...

"တံခါးခေါက်နေတာ မကြားဘူးလား"

ဟု မေးလိုက်သည်။ ချွန်ချွန်းက ...

"ကြားပါတယ်"

ခေါင်းဆောင်က ...

"ကြားရင် ဘာဖြစ်လို့ တံခါးကို ချက်ချင်းလာမဖွင့်ပေးရတာလဲ"

ချွန်ချွန်း ဒေါပွသွားသည်။

"ဘယ်သိမလဲဗျ၊ ကျုပ်က ပင်ပင်ပန်းပန်း အလုပ်လုပ်ရတာ အိပ်ပျော်နေတာပေါ့"

ဟု ခပ်မာမာပင် ပြန်ပြောလိုက်သည်။ ခေါင်းဆောင်ဖြစ်သူက အခန်းတစ်ခုလုံးအား အကဲခတ်ကြည့်လိုက်၏။ သူသည် တံခါးအနီးတွင် သွေးစက်များ ကျနေသည်ကိုတွေ့လျှင် မဲ့ပြုံးပြုံးလိုက်သည်။ ချွန်ချွန်းအား ကြည့်ကာ ...

"ဒီသွေးစက်တွေကကော"

ဟု မေးလိုက်သည်။ ချွန်ချွန်း ရင်ထိတ်သွားသည်။ ခေါင်းဆောင် ပြောသောနေရာသို့ ကြည့်လိုက်၏။ ထိုအခါ တံခါးအနီးတွင် သွေးစက်အချို့ ကျနေသည်ကို တွေ့မြင်လိုက်ရ၏။ ခေါင်းဆောင်က



"မေးနေတယ်လေ၊ မှန်မှန်ပြောစမ်း"

ချွန်ချွန်း ဣန္ဒြေဆည်လိုက်၏။ ပြီးမှ ...

"သြော် ... ဒါလား၊ ကျုပ် လက်က သွေးတွေပါဗျာ၊ ခင်ဗျား တို့ကို တံခါးအလျင်စလို ဖွင့်ပေးလိုက်တာ ကျုပ်လက်ကို တံခါးညှပ်သွားတယ်လေ၊ အဲဒီကကျတဲ့ သွေးတွေပေါ့ဗျာ"

ထိုစဉ် ရှာဖွေနေကြသော စစ်သည်တော်များ ပြန်လည်ရောက်ရှိလာသည်။

"မင်းတို့ ဘာတွေတွေ့ခဲ့သလဲ"

"ဘာမှမတွေ့ခဲ့ပါဘူး ဆရာ"

ခေါင်းဆောင်ဖြစ်သူက မျက်မှောင်ကြုတ်သွားသည်။

"မင်းတို့ သေသေချာချာ ရှာရဲ့လား"

"ဟုတ်ကဲ့ ... ရှာပါတယ်"

"ကောင်းပြီလေ ... ဒါဖြင့် သွားကြမယ်"

သူသည် စစ်သားများကို ဦးဆောင်ကာ အိမ်ထဲမှ ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားလေသည်။ ယခု နယ်စားကြီးသည် မင်းသားလေးထံသို့ ရောက်ရှိနေပြီ ဖြစ်၏။ မင်းသားလေးက အကောင်းဆုံးသမားတော်များနှင့် ကုသသော်လည်း နယ်စားကြီး၏ ဒဏ်ရာမှာ မသက်သာလှပါ။

ရရှိထားသော ဒဏ်ရာက ပြင်းထန်လှသည်။ နောက်ဆုံးတွင် မည်သို့မျှ ကုမရဘဲ သေဆုံးသွားရလေသည်။ နယ်စားသည် မိမိမှာ သေရတော့မည်ဟု သိရသဖြင့် သူ၏တာဝန်များကို မင်းသားလေးအား လွှဲပေးပြီး သေဆုံးသွားခြင်း ဖြစ်လေသည်။

မင်းသားလေးက နယ်စားနှင့်မြို့စား ဆုံးရှုံးသွားသော်လည်း အရေးပါအရာရောက်သော မိန်းကလေးနှစ်ယောက်အား လက်ရဖမ်းဆီးနိုင်သဖြင့် သူ၏လုပ်ငန်းသည် ကျေနပ်လောက်အောင် အောင်မြင်သည်ဟု သူထင်မိလေသည်။

❁ ❁ ❁



## အကျဉ်းသား

မြေအောက်အချုပ်ခန်း။ မှန်ပါသည်။ ဤနေရာမှာ မြေအောက်အချုပ်ခန်းတစ်ခု ဖြစ်သည်။ အခန်းအတွင်းတွင် အမျိုးသမီးနှစ်ယောက် နံရံနှင့်ကပ်ကာ သံကြိုးဖြင့် လက်ထိပ်ခတ်ထားလိုက်၏။

မွန်ဂိုတပ်သားတို့သည် ကျာပွတ်ဖြင့် ရိုက်၍ စစ်ဆေးမေးမြန်းနေသည်။ စူးရှသော အော်သံများသည် မြေအောက်ခန်းတစ်ခုလုံးသို့ လွင့်ပျံ့သွားသည်။

ထိုစဉ် ခြေသံများ ကြားလိုက်ရ၏။ မင်းသားလေးနှင့် သူ၏ ကိုယ်ရံတော် ရှန်းလင်းတို့သို့ မြေအောက်ခန်းသို့ ဝင်ရောက်လာလေသည်။

အချုပ်ခန်းထဲမှ တာဝန်ကျစစ်သည်တော်များသည် မင်းသားလေးအား ဦးညွှတ်အရိုအသေပြုလိုက်ကြလေသည်။ မင်းသားလေးက ဒဏ်ရာများဖြင့် ညည်းညူနေသော အမျိုးသမီးနှစ်ဦးအား တစ်ချက်ကြည့်ကာ ထောင်ကြပ်အား လှမ်းမေးလိုက်၏။

“ဘယ့်နှယ်လဲဟေ့၊ သူတို့ ဝန်ခံပြီလား”

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြပ်က ခေါင်းခါယမ်းပြလိုက်သည်။

"သူတို့ အနာသာခံကြတယ်၊ ဝန်ခံခြင်းတော့ မပြုကြပါဘူး ခင်ဗျာ"

မင်းသားလေး မကျေမနပ် ဖြစ်သွားသည်။ သူသည် အမျိုးသမီး အကျဉ်းသားအနီးသို့ လျှောက်သွားသည်။

"မင်းတို့ အသားအနာမခံချင်စမ်းပါနဲ့ ဖြောင့်ချက်ပေးလိုက်ပါ"

မိန်းကလေးက ခေါင်းမော့လိုက်သည်။

"ကျွန်မကို သတ်ချင်သတ်လိုက်၊ ဘယ်တော့မှ ဖြောင့်ချက်မပေးဘူး"

မင်းသားလေး မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ ... ကြည့်ကြသေးတာပေါ့၊ မင်းတို့ခန္ဓာကိုယ် ဘယ်လောက်အထိ ခံနိုင်ရည်ရှိမယ်ဆိုတာ"

ပြောရင်း မိန်းကလေးနှစ်ယောက်အား စိုက်ကြည့်လိုက်လေ၏။ မိန်းကလေးများက ဦးခေါင်းများကို မော့ကာ မင်းသားလေးအား ရူးရူးရှဲရှဲ ပြန်လည်စိုက်ကြည့်လိုက်သည်။

မင်းသားလေး၏မျက်နှာ ရှုံ့မဲ့သွားသည်။ သူသည် တစ်ဖက်သို့ ချာခနဲလှည့်ကာ ...

"ထောင်ကြပ်"



ဟု အော်ခေါ်လိုက်သည်။

"ရှိပါတယ် မင်းသားလေး"

အလွန်သန်မာထွားကျိုင်းသော လူတစ်ယောက်ရှေ့သို့ တိုးလာလေသည်။ မင်းသားလေးက အမျိုးသမီးနှစ်ယောက်အား ညွှန်ပြလိုက်သည်။

"သူတို့က ဖြောင့်ချက်မပေးဘူးဆိုရင် သူတို့ကို မင်းတို့လက်ထဲ အပ်လိုက်ပြီ"

သူသည် ယင်းသို့ပြောပြီး မြေအောက်ခန်းမှ ထွက်လာလေသည်။ သူတို့ထွက်လာပြီး မကြာခင်မှာပင် ...

"အား"

"အောင်မယ်လေး"

မြေအောက်ခန်း၌ အမျိုးသမီးနှစ်ယောက်၏ ရူးရှသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

✹

သိုင်းဆရာစုမာကျင်းသည် ကျင်းပေါင်အား သိုင်းပညာသင်ပေးနေ၏။ သူသည် သစ်သားစည်ပိုင်းငယ်လေးခုကို ပူးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျင်းပေါင်အား စည်ပိုင်းအဝများပေါ်၌ ခြေကွက်များ နင်းနေစေ၏။ ကျင်းပေါင်က သိုင်းပညာကို အလွန်လိုချင်သဖြင့် အစွမ်းကုန်ကြိုးစားနေရလေသည်။

သူသည် ချွေးတစ်လုံးလုံးဖြင့် ခြေကွက်သိုင်းကို သင်ကြားနေ၏။ စုမာကျင်းက သူ့အား အေးဆေးစွာဖြင့် အကဲခတ်နေ၏။ ကျင်းပေါင်အား ကြည့်နေရင်းမှ ခေါင်းခါယမ်းလိုက်သည်။ နှုတ်မှလည်း ...

"ဟေ့ ... မဟုတ်သေးဘူးကွ"

ဟု အော်လိုက်သည်။ ကျင်းပေါင်က မျက်မှောင်ကြုတ်သွားသည်။ မကျေမနပ်ဖြင့်လည်း ပြန်လည် စောဒကတက်လိုက်မိသည်။

"ဆရာ ... ကျွန်တော် ဒီခြေကွက်သိုင်း သင်ခဲ့ဖူးပါတယ်၊ ဘာဖြစ်နေလို့လဲ"

စုမာကျင်းက သက်ပြင်းချလိုက်သည်။

"ခက်တာပဲကွာ ... ငါ ဘယ်လိုလုပ်သင်ရမလဲ"

စုမာကျင်းက စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။ ထို့နောက် သူသည် ထိုင်ရာမှ ထလာပြီး ကျင်းပေါင်အား သေချာစွာစိုက်ကြည့်လိုက်သည်။

"မင်း ငါပြောတာကို သေသေချာချာ နားထောင်စမ်းပါ"

ကျင်းပေါင် ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ပါ ဆရာ"

"ဒီမှာ ငါ့ရဲ့သိုင်းပညာကို သင်ချင်တယ်ဆိုရင် မင်း နဂိုသင်ထားတဲ့ သိုင်းပညာအားလုံးကို မေ့ပစ်လိုက်ရမယ်"

"ဟုတ်ကဲ့"

"ဒါဆိုရင် ဆက်လုပ်"

ကျင်းပေါင်သည် စည်ပိုင်းနှုတ်ခမ်းသို့တက်ကာ ထပ်မံလေ့ကျင့်နေရလေသည်။ မည်သည့်စကားမျှမဆို၊ မည်သည့်နေရာမှ မကြည့်။

စုမာကျင်း သင်ကြားပေးသော ခြေကွက်များအတိုင်းသာလိုက်နင်းနေ၏။ တစ်နာရီကျော်မျှကြာသောအခါတွင်မှ စုမာကျင်းကလက်ကာပြလိုက်သည်။

"ကနေ့ည ဒီလောက်ဆိုတော်ပြီ"

ကျင်းပေါင်က ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူး ဆရာ ... ကျွန်တော် အားနေပါတယ်၊ ဆက်ပြီး လေ့ကျင့်ပါရစေဦး"

သူသည် ပြောရင်း ဆက်၍ လေ့ကျင့်နေလေသည်။ ကျင်းပေါင်၏ လေ့ကျင့်မှုကို ချီးမွမ်းအားပေးသော မျက်လုံးများဖြင့် ကြည့်နေသူမှာ ချွေ့ချင်းဖြစ်ပေသည်။ ချွေ့ချင်းသည် ကျင်းပေါင် ဤမျှကြိုးစားနေသည်ကို တွေ့ရသောအခါ သဘောကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မီးဖိုဆောင်ထဲ ဝင်သွားပြီး ထမင်းတစ်ပန်းကန် ယူလာလေသည်။ ထမင်းပန်းကန်လုံးတစ်လုံးနှင့်အတူ ရွှေ့ချင်းက ကျင်းပေါင်ထံ လျှောက်သွားမည်အပြုတွင် စုမာကျင်းက မျက်မှောင်ကြုတ်၍ မေးလိုက်လေသည်။

“ဒါ ဘာလုပ်တာလဲ”

ရွှေ့ချင်း ခေါင်းငုံ့ထားလိုက်လေသည်။ ခေါင်းငုံ့ရင်းမှပင် တိုးတိုးပြန်ဖြေ၏။

“ကျင်းပေါင် သည်လောက်ကြိုးစားလေ့ကျင့်နေတာ ဆာရောပေါ့၊ ဒါကြောင့် ထမင်းခူးကျွေးတာပါ”

စုမာကျင်း မျက်လုံးပြူးသွားသည်။

“ကောင်းရောကွာ၊ ကျုပ်က သိုင်းပညာလည်း အခမဲ့သင်ပေးရသေးတယ်၊ ထမင်းလည်း အခမဲ့ကျွေးရသေးတယ်၊ ကဲ ကဲ ... သွားပေး”

ရွှေ့ချင်းက ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျင်းပေါင်အား ထမင်းပန်းကန် သွားပေးလိုက်၏။ ကျင်းပေါင်သည် ချွေးများသုတ်ပြီး ရွှေ့ချင်းလာပို့သော ထမင်းကို စားနေသည်။

ရွှေ့ချင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

“အင်း ... လူတွေဟာ ဘာကြောင့် ဒီလောက်တောင် သိုင်းပညာ သင်ကြားချင်နေတယ်ဆိုတာ ကျွန်မဖြင့် နားမလည်ဘူး”



ရွှေ့ချင်းသည် ကျင်းပေါင်အား ကြည့်ကာ ထိုမေးခွန်းကို မေးလိုက်ခြင်း ဖြစ်သည်။ ကျင်းပေါင်က ပြုံး၍ ...

“သိုင်းပညာရဲ့ ကောင်းကြောင်းကို ခင်ဗျားမှမသိဘဲ”

“ပြောစမ်းပါဦး”

“သိုင်းပညာဆိုတာ သူများက မစော်ကားနိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်အောင်၊ နောက်ပြီး သိုင်းပညာကို ထိပ်တန်းအဆင့်ထိ သင်ကြားထားနိုင်တယ်ဆိုရင် တိုင်းပြည်နဲ့လူမျိုးအတွက် အများကြီး အထောက်အကူပြုနိုင်တယ်ဗျ”

ကျင်းပေါင်က သိုင်းပညာသင်ကြားခြင်း၏ ကောင်းကျိုးများကို မမောတမ်း ရှင်းပြနေ၏။ ရွှေ့ချင်းမှာ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေရလေသည်။

✿

ကျင်းပေါင်သည် သိုင်းပညာသင်ပြီးသွား၍ အိမ်သို့ပြန်လာသောအခါ တစ်အိမ်လုံး တိတ်ဆိတ်နေသည်ကို တွေ့ရသည်။ ခါတိုင်းဆိုလျှင် ချွန်ချန်း ပူတင်းဖုတ်နေသည်ကို တွေ့ရသည်။

“အစ်ကိုကြီး”

ကျင်းပေါင်က အော်ခေါ်လိုက်သည်။ အတန်ကြာမှ ချွန်ချန်း

www.burmeseclassic.com

www.burmeseclassic.com



က အခန်းထဲမှ ခြေဖျားထောက်၍ ထွက်လာသည်ကို တွေ့ရလေသည်။ ကျင်းပေါင်က စကားပြောရန် ဟန်ပြင်လိုက်၏။ သို့သော် ချက်ချင်း ပါးစပ်ပိတ်ထားလိုက်ရသည်။ အကြောင်းမှာ ...

"ရှူး တိုးတိုး"

ချွန်ချွန်းက လက်ညှိုးကိုထောင်၍ သတိပေးလိုက်သောကြောင့် ဖြစ်သည်။ ကျင်းပေါင်က တမူထူးခြားနေသော ချွန်ချွန်းအား ကြည့်ကာ နားမလည်နိုင်ဘဲ ဖြစ်နေသည်။

သူသည် ချွန်ချွန်းအား ပြုံးကြည့်လိုက်၏။ ချွန်ချွန်းက သူ့အား လက်ယက်ခေါ်ကာ အခန်းထဲသို့ ဝင်သွားသည်။ ကျင်းပေါင်က ဘုမသိ ဘမသိဖြင့် အခန်းထဲသို့ လိုက်သွားလေသည်။

အခန်းထဲတွင်မူကား ...

✿

ကျင်းပေါင်သည် အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။ သူ၏မျက်လုံးအစုံသည် ခုတင်ပေါ်၌ လဲလျောင်းအိပ်စက်နေသော မိန်းကလေးတစ်ယောက်အား အံ့ဩစွာ တွေ့မြင်လိုက်ရလေသည်။

သူသည် အသံတိုးတိုးဖြင့် ချွန်ချွန်းအား လှမ်းမေးလိုက်သည်။



"သူက ဘယ်သူလဲ"

ချွန်ချွန်း ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်လည်း မသိဘူး"

ကျင်းပေါင် မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့် သူ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ"

"သူက ဒဏ်ရာရထားလို့ တို့အိမ်ထဲ ပြေးဝင်လာတာ"

"သူက ဘာကြောင့် ဒဏ်ရာရလာတာလဲ"

"မွန်ဂိုစစ်သားတွေလိုက်လို့"

"မွန်ဂိုစစ်သားတွေက ဘာဖြစ်လို့ လိုက်တာလဲ"

"သူကမျိုးချစ်သိုင်းသမားတစ်ယောက်"

ချွန်ချွန်းက တိုးတိတိ ဖြေဆိုလိုက်၏။ ကျင်းပေါင် မျက်လုံးပြူးကျယ်သွားလေသည်။

"အစ်ကိုက သူ့ကို လက်ခံတယ် ... ဟုတ်လား၊ တော်ကြာ အကြီးအကျယ် ဒုက္ခတွေ့နေဦးမယ်ဗျ"

ကျင်းပေါင်က မနှစ်မြို့သလို သတိပေးလိုက်၏။ ချွန်ချွန်း၏ မျက်နှာမှာ ခက်ထန်သွားသည်။

"ဒုက္ခရောက်ချင်ရောက်ပါစေ၊ သူ့ကိုတော့ ကယ်တင်ရမှာပဲ"

သူသည် မိန်းကလေးအား ညွှန်ပြလိုက်သည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဘက်မှ ရှေ့နေလိုက်ကာ ချီးမွမ်းလိုက်၏။

"ကြည့်စမ်း ... သူက မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဘယ်လောက်သတ္တိကောင်းသလဲ"

ချွန်ချွန်း၏စကားများသည် ယခုမှတွေ့ရသော မိန်းကလေးအား အထင်ကြီးနေ၊ ကရုဏာသက်နေသည့် သဘောများပါဝင်နေ၏။ ကျင်းပေါင်က ပြုံးလိုက်သည်။

"အစ်ကိုက သူ့ကို ကြည်ညိုနေတယ် ... ဟုတ်လား"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ ကြည့်စမ်း သူက ဘယ်လောက်လှသလဲ"

ချွန်ချွန်းက ခပ်တည်တည်ပင် သူ့ရင်ထဲမှာရှိတာကို ပြောနေချေပြီ။ ကျင်းပေါင်က ...

"ဟုတ်ပါတယ် လှပါတယ်"

ဟု ခနဲ့လိုက်သည်။ ချွန်ချွန်းသည် ကျင်းပေါင်က ခနဲ့ပြောလိုက်သည်ကို မသိဘဲ ဝမ်းသာသွားသည်။

"ဟုတ်တယ် ... အထူးသဖြင့် သူ့ရဲ့နှုတ်ခမ်းလေးဟာ ချစ်ဖို့ကောင်းတယ်"

ခုတင်ပေါ်တွင် လဲလျောင်းနေသော မိန်းကလေးသည် သူ၏စကားကို ကြားရသောအခါ ပြုံးမိလေသည်။

❋



နံနက် မိုးလင်းပြီဖြစ်သည်။ နံနက်ခင်း၏ လေပြည်သည် လန်းဆန်းလတ်ဆတ်စေ၏။ ကျင်းပေါင်သည် အိပ်ရာမှ နိုးလာ၍ အပြင်သို့ ထွက်လာခဲ့လေသည်။

သူ၏မျက်လုံးအစုံမှ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ပြုံးကျယ်သွားရလေသည်။ အကြောင်းမှာ အိပ်ရာမှ စောစောထလေ့မရှိသော ချွန်ချွန်းတစ်ယောက် စောစောစီးစီး ချက်ပြုတ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်လေသည်။

"အစ်ကို ဘာတွေချက်နေတာလဲဗျ"

ကျင်းပေါင်က ချွန်ချွန်းထံ ချဉ်းကပ်သွားပြီး မေးလိုက်သည်။ ချွန်ချွန်းက ...

"ကြက်ဥတစ်လုံးနဲ့ ဆန်ပြုတ်ချက်နေတာ"

ဟု ပြန်ဖြေလိုက်သည်။ ကျင်းပေါင်က ပြုံးကာ ...

"အားနာလိုက်တာ အစ်ကိုရာ၊ နေပါစေ ကျွန်တော် မစားပါဘူး"

ဟု သူ့ဖို့ထင်မှတ်ကာ ပြောဆိုလိုက်၏။ ချွန်ချွန်း ခေါင်းခါယမ်းပြလိုက်သည်။

"မင်းကိုကျွေးဖို့ မဟုတ်ဘူး"

"ဒါဖြင့် အစ်ကိုကြီးစားဖို့လား"

"မိန်းကလေးကို ကျွေးမလို့"

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချန်းကား မိန်းကလေးအပေါ် အမှန်ပင် ကရုဏာသက်နေချေပြီ။ သူ့နှုတ်မှလည်း သူတစ်ယောက်တည်း ပြောသလိုလိုနှင့် မှတ်ချက်ချလိုက်၏။

"ဒါကြောင့် အစ်ကိုကြီး စောစောက ချက်နေတာကိုး"

ချွန်ချန်းသည် ကြက်ဥနှင့်ဆန်ပြုတ်ကို ပန်းကန်ထဲသို့ ခပ်ထည့်ရင်း ...

"တော်ကြာ မိန်းကလေးက မေးရင် မင်း မစားဘူးလို့ပြော"

ချွန်ချန်းက ကျင်းပေါင်အား စည်းဝါးရိုက်နေချေသည်။ ကျင်းပေါင်က ပြုံးလိုက်သည်။

"ကောင်းပါပြီဗျာ"

ချွန်ချန်းသည် ကြက်ဥပြုတ်ပန်းကန်ကိုယူ၍ အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

✱

မိန်းကလေးသည် အိပ်ရာမှနိုးလာပြီဖြစ်သည်။ သူမသည် စားပွဲအနီးမှထိုင်ကာ ငေးငိုင်နေ၏။ ထိုစဉ် ချွန်ချန်းက ကြက်ဥဆန်ပြုတ် ပန်းကန်ယူ၍ အခန်းထဲသို့ ဝင်ရောက်လာသည်။ သူ့နောက်တွင် ကျင်းပေါင်က ပါလာ၏။



"ခင်ဗျားနိုးနေပြီလား"

ချွန်ချန်းသည် ကြက်ဥဆန်ပြုတ်ကို မိန်းကလေးရှေ့သို့ ချပေးထားလိုက်သည်။

"ကဲ ... စားလိုက်ပါဦး အားရှိသွားအောင်"

မိန်းကလေး အားတုံ့အားနာ ပြုံးလိုက်သည်။

"ကျွန်မကို ခုလိုပြုစုစောင့်ရှောက်တာ ကျေးဇူးတင်လို့ မဆုံးပါဘူးရှင်"

ချွန်ချန်းက ခေါင်းခါလိုက်ပြီး ...

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ခင်ဗျားက မွန်ဂိုတွေကို အာခံရဲတဲ့ ကျုပ်တော့ ကြိုက်သွားပြီ"

ချွန်ချန်းသည် စကားကို တိုက်ရိုက်တဲ့တိုးကြီး ပြောချတတ်သူဖြစ်သည်။ သူ့စကားကြောင့် မိန်းကလေး၏မျက်နှာမှာ နီရဲလာပြီး ခေါင်းငုံ့ထားလေသည်။ ထိုအခါကျမှပင် ချွန်ချန်းက မိမိစကား အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားသည်ကို ရိပ်စားမိသဖြင့် အားတုံ့အားနာ ဖြစ်သွားသည်။

"ကျုပ်က သဘောကျလို့ ပြောတာပါ"

ရှင်းပြမှပင် ပိုဆိုးလေတော့သည်။ မိန်းကလေးက မသိကျိုးကျွန်ပြုလိုက်၏။ ထို့နောက် မိန်းကလေးက ကျင်းပေါင်အား မော့ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆန်ပြုတ်က များပါတယ် ရှင်လည်းစားပါ"

ဟု ပြောလိုက်သည်။ ကျင်းပေါင်က ဗိုက်ပွတ်ပြလိုက်၏။

"ကျုပ် ကြက်ဥမစားဘူး၊ ဗိုက်လည်း ဝနေပါပြီ"

မိန်းကလေးက ၎င်းဆန်ပြုတ်အား သုံးပန်းကန်ခွဲဝေလိုက်ပြီး ...

"ကျွန်မတစ်ယောက်တည်း မစားတတ်ဘူး၊ အားလုံး ဝေစားရင် ကောင်းပါတယ်"

ဟု ပြောလေသည်။ ချွန်ချွန်း မငြင်းသာတော့သဖြင့် ဆန်ပြုတ်များ အနည်းငယ် သောက်လိုက်ရလေသည်။

✹

ဆန်ပြုတ်သောက်ပြီးသွားသောအခါ မိန်းကလေးက ချွန်ချွန်းအား မော့ကြည့်လိုက်သည်။

"အခုလို ကျွန်မကို အစစအရာရာ ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်"

ချွန်ချွန်းက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကျေးဇူးတင်တဲ့စကား မပြောပါနဲ့ဗျာ"

မိန်းကလေးက ပြုံး၍ ...



"ကျွန်မ သွားဖို့သင့်ပြီ ထင်တယ်"

သူမ ဤနေရာမှ ထွက်ခွာသွားတော့မည် ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ ချွန်ချွန်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ခင်ဗျားသွားလို့ ဖြစ်ပါ့မလား"

"ကျွန်မမှာ တာဝန်ဝတ္တရားရှိနေလို့ သွားမှဖြစ်မယ်"

ချွန်ချွန်း ခေါင်းခါယမ်းလိုက်သည်။ သူ့မျက်နှာကလည်း စိုးရိမ်တကြီးဖြင့် ...

"မဖြစ်ဘူးထင်တယ် ... အပြင်မှာ မွန်ဂိုတွေ ရှိနေဦးမှာ"

ချွန်ချွန်းသည် မိန်းကလေး ထွက်သွားမည်ကို စိုးရိမ်နေသည်။ သူ၏ အမူအရာက ပေါ်လွင်လွန်းလှ၏။ သူ့ကိုကြည့်ကာ ကျင်းပေါင်က ပြုံးလိုက်ပြီး မိန်းကလေးအား ဝင်ရောက်ဟန့်တားလိုက်၏။

"ဟုတ်ပါတယ်၊ နောက်ပြီး ခင်ဗျားအကျီမှာ သွေးတွေစွန်းနေတယ်၊ တော်ကြာ မွန်ဂိုစစ်သားတွေ့လို့ ဒုက္ခတွေ့ဦးမယ်"

ချွန်ချွန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျားဒဏ်ရာ ပျောက်တဲ့အထိ နေပါဦး၊ ခင်ဗျားအတွက် ကျုပ် ဈေးက ပြန်လာရင် အကျီတစ်ထည် ဝယ်လာခဲ့မယ်"

ချွန်ချွန်း၏ စေတနာသည် ကြီးမားပေစွ။ ချွန်ချွန်းအား

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပေါင်က စာနာစွာ ကြည့်လိုက်သည်။ မိန်းကလေးကမူ ခေါင်းငုံ့ထားလိုက်လေသည်။

✵

ညနေ ချွန်ချွန်းက ရွှင်လန်းပေါ့ပါးစွာဖြင့် အိမ်သို့ ပြန်လာလေသည်။ သူ၏လက်ထဲတွင် အမျိုးသမီးအင်္ကျီတစ်ထည် ပါလာ၏။ သူသည် အိမ်ထဲသို့ ရောက်သည်နှင့် ...

"မိန်းကလေး"

ခေါ်ရင်း အခန်းထဲ လှမ်းဝင်လိုက်သည်။ သူ့ခြေလှမ်းများသည် မိန်းကလေးအား တွေ့ဆုံရန် မျှော်လင့်ချက်ဖြင့် သွက်လက်နေ၏။ သို့သော် မိန်းကလေးကို မတွေ့ရတော့ပါ။ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"မိန်းကလေး"

တကြော်ကြော်ခေါ်ရင်း တစ်အိမ်လုံး လှည့်ပတ်ရှာဖွေလိုက်သည်။ သို့သော် မိန်းကလေး၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရပါချေ။

✵



နောက်တစ်နေ့နံနက်ခင်းချိန် ဖြစ်သည်။ ဈေးသွားဈေးလာသော လူများသည်လည်း လမ်းမတစ်ခုလုံး ပြည့်ကျပ်နေ၏။ ချွန်ချွန်းသည် ထုံးစံအတိုင်း ဆိုင်ကိုတည်ခင်းပြီး ရောင်းချရန် ပူတင်းများ အသင့်ပြင်ထားလေသည်။

သို့သော် သူသည် သူ၏ဈေးဆိုင်၌ မရှိဘဲ ဆိုင်နှင့် ခပ်လှမ်းလှမ်းရှိ ပန်းချီဆရာတစ်ယောက်ထံ ရောက်ရှိနေ၏။ သူသည် မိန်းကလေး၏ ပုံသဏ္ဌာန်ကိုပြောပြ၍ ပန်းချီဆရာအား ရေးဆွဲခိုင်းနေခြင်း ဖြစ်သည်။ ထမင်းတစ်အိုးကျက်ခန့် ကြာသောအခါ ...

"ဘယ့်နှယ်လဲ ပန်းချီဆရာ ... ပြီးသွားပြီလား"

ပန်းချီဆရာက သူ ရေးဆွဲထားသော ပုံကိုပေးလိုက်သည်။ ချွန်ချွန်းသည် ယင်းပန်းချီကားချပ်အား ကြည့်မိသောအခါ ဝမ်းသာသွားသည်။ ၎င်းပန်းချီဆရာအား လှိုက်လှဲစွာချီးကျူးမိလိုက်၏။

"ခင်ဗျား သိပ်တော်တာပဲဗျာ၊ ဒီပန်းချီကားက သူနဲ့ သိပ်တူတာပဲ"

ထိုစဉ် ကျင်းပေါင်က ရောက်ရှိလာသည်။ သူသည် ချွန်ချွန်း၏ လက်ထဲမှ ကိုင်ထားသော မိန်းကလေး၏ ပုံတူပန်းချီကို တွေ့မြင်သွားသဖြင့် ရယ်မောလိုက်လေသည်။

"အစ်ကိုကြီး ... ခင်ဗျားကြည့်ရတာ မလွယ်တော့ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် နောက်ပြောင်ပြောဆိုရင်း ဈေးသိမ်းကာ အိမ်သို့ ပြန်သွားကြလေတော့သည်။

✿

ကျင်းပေါင်နှင့် ချွန်ချန်းတို့ ရယ်ရယ်မောမောဖြင့် အိမ်သို့ ပြန်လာကြလေသည်။ သူတို့သည် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားကြသည်။

အကြောင်းမှာ သူတို့၏အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် မင်းသားလေးနှင့် သူ၏ကိုယ်ရံတော်များ ရောက်ရှိနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ချွန်ချန်းက ...

"ဘာကိစ္စများရှိလို့လဲဗျ"

မင်းသားလေးက အခန်းတစ်ခုလုံး ဝေ့ကြည့်လိုက်သည်။

"ကျုပ်တို့အလိုရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို လိုက်ရှာနေတာ"

ယင်းစကား ကြားလိုက်ရသောအခါ ချွန်ချန်း၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် သူသည် ခပ်တည်တည်ဖြင့် ...

"ခင်ဗျားအလိုရှိတဲ့ မိန်းကလေးက ကျုပ်အိမ်မှာ ရှိတယ်လို့များ ထင်နေသလား"



မင်းသားလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်ကတော့ ရှိတယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ ကျုပ်အနေနဲ့ လိုအပ်ရင် စစ်ဆေးခွင့်ရှိပါတယ်"

မင်းသားလေးက ခြိမ်းခြောက်လိုက်၏။ ချွန်ချန်းက မဲ့ပြုံးပြုံးကာ ...

"ခင်ဗျား ရှာတွေ့ရဲ့လား"

မင်းသားလေးက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ပါဘူး"

"မတွေ့ရင် ထွက်သွားပေါ့၊ ဘာဖြစ်လို့ ဆက်နေရတာလဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"သွားပါ့မယ်ဗျာ ... ဒါပေမဲ့ မသွားခင် စကားတစ်ခွန်းတော့ မေးရဦးမယ်"

"ခင်ဗျား ဘာမေးမှာလဲ"

"ဒီအိမ်ထဲမှာ ဘယ်နှယောက်နေသလဲ"

"

ချွ ... ပင် ဖြေဆိုလိုက်၏။ မင်းသားလေးက ပို ...

"ဒါဖြင့် အခန်းထဲမှာ အစားအစာတွေ ဘာဖြစ်လို့ သုံးယောက်စာ ပန်းကန် ရှိနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ထို့နောက် ပြောမိပြောရာ ပြောလိုက်မိတော့၏။

“ဒါက ညှော်သည်လာသွားလို့ပါ”

“ခင်ဗျားညှော်သည်က ယောကျ်ားလား၊ မိန်းမလား”

“ယောကျ်ား”

မင်းသားလေးက ကျေနပ်စွာ ပြုံးလိုက်ပြန်သည်။ သူသည် ရှန်းလင်းအား ခေါင်းညိတ်ပြလိုက်သည်။ ဤတွင် ရှန်းလင်းက အခန်းတွင်းသို့ ဝင်သွားလေသည်။

အခန်းထဲသို့ ဝင်သွားပြီး ပြန်ထွက်လာသောအခါ သစ်လွင်သော အမျိုးသမီးအင်္ကျီတစ်ထည် ပါလာသည်ကို တွေ့ရလေသည်။ ကျင်းပေါင်နှင့်ချွန်ချွန်းတို့သည် ယင်းအမျိုးသမီးအင်္ကျီအား မြင်တွေ့လိုက်သည်နှင့် တုန်လှုပ်ချောက်ချားသွားကြရတော့၏။

အမှန်စင်စစ် ယင်းအင်္ကျီသည် မိန်းကလေးတွက် ဝယ်လာသော အင်္ကျီပင် ဖြစ်ပါသည်။ ကျင်းပေါင်ရော ချွန်ချွန်းသည်ပါ နှစ်ယောက်စလုံး မူပျက်နေကြတော့၏။

မင်းသားလေးက သူတို့အား အကဲခတ်ကြည့်လိုက်သည်။

“မင်းတို့ အိမ်ထောင်များ ရှိကြသလား”

ချွန်ချွန်း ခေါင်းခါယမ်းပြလိုက်သည်။ မင်းသားလေးက ပြုံးလျက်ပင် ထပ်မေးပြန်၏။



“အိမ်ထောင်မရှိရင် သည်အမျိုးသမီးအင်္ကျီက ဘယ်သူ့အင်္ကျီလဲ”

ကျင်းပေါင်နှင့်ချွန်ချွန်းတို့သည် မည်သို့ အဖြေပေးရမည် မသိဘဲ အခက်ကြုံသွားလေတော့သည်။ မင်းသားလေးမှာမူ သူတို့နှစ်ယောက်အား တစ်လှည့်စီ အကဲခတ်ကြည့်ရှုနေ၏။

ချွန်ချွန်းနှင့်ကျင်းပေါင်တို့မှာ ခေါင်းငုံ့လျက် ငြိမ်သက်စွာ ရပ်နေကြသည်။ ထိုစဉ်မှာပင် မိန်းကလေးတစ်ယောက်၏အသံက ထွက်ပေါ်လာသည်။

“ကျွန်မ ဝယ်ခိုင်းလိုက်တဲ့ အင်္ကျီပါ”

ယင်းအသံကြောင့် အားလုံးသောလူများသည် အသံလာရာသို့ ပြိုင်တူလှည့်ကြည့်မိကြ၏။ အိမ်ထဲသို့ ရောက်ရှိလာသူမှာ ချွေ့ချင်းပင်ဖြစ်သည်။

ယင်းစကား ကြားလိုက်ရတော့မှ ကျင်းပေါင်နှင့်ချွန်ချွန်းတို့သည် အသက်ရှုရန် သတိရသွားလေသည်။ ကျင်းပေါင်က ရှန်းလင်းလက်ထဲမှ အင်္ကျီအား လှမ်းယူလိုက်ပြီး ချွေ့ချင်းအား လှမ်းပေးလိုက်သည်။ ပါးစပ်မှလည်း ခပ်တည်တည်ပင် မေးမြန်းလိုက်သည်။

“ဒီအရောင် ညီမ ကြိုက်တယ်မဟုတ်လား”

ချွေ့ချင်းက အင်္ကျီကို လှမ်းယူလိုက်ပြီး မိမိကိုယ်၌ ကပ်ကြည့်လိုက်၏။ ထို့နောက် အလွန်တရာ သဘောကျသောလေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာရှင်၊ အစ်ကိုကျင်းပေါင်က အရောင်ရွေးတတ်သားပဲ"

ချန်ချန်းမှာ ယခုမှ ရွှင်ရွှင်ပျပျ ဖြစ်လာနိုင်တော့သည်။

"ဟဲ ဟဲ ... ညီမက အကျီဝယ်ခိုင်းတာ အရေးမကြီးဘူးတို့ ကံကောင်းလို့ အမှုပတ်တော့မလို့"

သူသည် ပြောရင်း လက်ထဲမှ ပန်းချီကားချပ်က မတော်တဆ လွတ်ကျသွားပြန်သည်။ မင်းသားလေးက မျက်မှောင်ကြုတ်သွား၏။

"ဒါက ဘာတွေလဲ"

ချန်ချန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဘာမှမဟုတ်ပါဘူး"

သူသည် ပန်းချီကားကို ကောက်ယူလိုက်လေသည်။ ရှန်းလင်းက ရောက်ရှိလာပြီး သူ့လက်ထဲမှ ပန်းချီကားချပ်ကို ဖြန့်ကြည့်လိုက်၏။

ထို့နောက် မင်းသားလေးလက်ထဲသို့ လှမ်းပေးလိုက်၏။ မင်းသားလေးက မိန်းကလေးတစ်ယောက်၏ ပုံတူရုပ်ကို သေချာစွာ အကဲခတ်ကြည့်လိုက်လေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း(စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com